The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 26 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 15, 2019

# မြန်မာ့ဆန် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်

စာမျက်နှာ - ၈ ➢



## ၁၀၀ ဂရမ်အောက် ကဏန်းများ ပြည်ပတင်ပို့နေမှုကြောင့် ကုန်ကြမ်းများ ရှားပါးလာ

စာမျက်နှာ - ၆ ➢

## တောင်ကိုရီးယားနိုင်ငံသို့ ရေလုပ်သားများ ယခုနှစ်အတွင်း စေလွှတ်မည်

စာမျက်နှာ - ၁၁ ➢

## လျှပ်စစ်မော်တော်ကား ဈေးကွက်နှင့် မြန်မာ့ပို့ကုန် တိုးမြှင့် တင်ပို့နိုင်မည့် အလားအလာ

စာမျက်နှာ - ၃၂ ➢

## ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်သည့် မိုးကုတ်ကျောက်မျက်များကို Limited Edition ဖြင့် ရောင်းချပေးသွားမည်

စာမျက်နှာ - ၂၆ ➢

## စီးတီးတက္ကစီ မှတ်ပုံတင်ရန်နှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများကို စက်တင်ဘာလကုန်ထိ ဆောင်ရွက်ပေးမည်




စာမျက်နှာ - ၂၆ ➢


SUZUKI
Way of Life!
SUZUKI
MYO MOTOR SERVICE CO., LTD.
MYO MOTOR
SWIFT
Ph :(+95-9) 965 161 788 (+95-9) 952 105 566 (+95-9) 952 135 566


GREEN AUTO SERVICES CO., LTD.
115 B, University Avenue Road, Kamayut Township, Yangon, Myanmar.
Ph : 09 5066800, 09 5100390, 09 5047647 Email : gasmyanmar@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်နှင့် ပညာရည်ထူးချွန်ဆုပေးပွဲ တက်ရောက်အမှာစကားပြော



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ရုံးအမှတ်(၅၂) စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်ပြီး စိန်ပန်းပင်များအား စိုက်ပျိုးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းနှင့် အမှုထမ်းများက စိန်တလုံးသရက်ပင်၉၅၀၊ ပတ္တမြားငမောက်သရက်ပင် ၇၀၀၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီပင် ၅၀၀ နှင့် အရိပ်ရ စိန်ပန်း၊ ရေတမာ၊ ငုသိမ်ဝင်၊ ငုစပ်ဝင် စုစုပေါင်းအပင် ၂၅၅၀ တို့အား စိုက်ပျိုးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသည့် စိန်တလုံးသရက်ပင်၊ ပတ္တမြားငမောက် သရက်ပင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီက ရုံးအမှတ်(၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော ၂၀၁၉ ခုနှစ်အတွင်း ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်ပြီး ယနေ့ ၂၁ ရာစုတွင် ကမ္ဘာတစ်ဝန်းလုံး သတင်းအချက်အလက်၊ သိပ္ပံနှင့် နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကွန်ပျူတာ၊ မီဒီယာ၊ အင်တာနက်၊ အီလက်ထရောနစ်ကိရိယာများ အသုံးပြုလာကြသဖြင့် ကမ္ဘာကြီးသည် ဆက်သွယ်မှုလမ်းကြောင်းများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်သည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် ပညာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်အား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို

စာမျက်နှာ ၁၆ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး 7$^{th}$ Global Review of Aid for Trade 2019 နှင့် International Trade Centre ၏ 53$^{rd}$ Joint Advisory Group (JAG) Meeting သို့ တက်ရောက်အမှာစကားပြောကြား




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇူလိုင် ၂ ရက်တွင် ကျင်းပသည့် International Trade Centre (ITC) ၏ 53$^{rd}$ Joint Advisory Group (JAG) အစည်းအဝေးနှင့် ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် 7$^{th}$ Global Review of Aid for Trade 2019 အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဒုတိယဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအကူအညီပေးရေးအစီအစဉ် ပြန်လည်ဆန်းစစ်ခြင်း အစည်းအဝေး ၂၀၁၉ (7$^{th}$ Global Review of Aid for Trade Global 2019) ဖွင့်ပွဲ အခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် Seeing Impact and looking future on EIF Past and Future အစည်းအဝေးသို့ လည်းကောင်း၊ Netherlands နိုင်ငံ၏ အထောက်အပံ့အကူအညီဖြင့် International Trade Centre (ITC) မှ ကယားပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော Cultural Community Tourism sector နှင့်ပတ်သက်သော ဆွေးနွေးပွဲနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း အခမ်းအနားသို့လည်းကောင်း တက်ရောက်အားပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၄ ရက်တွင် ကျင်းပသော Economic diversification and blue economy အစီအစဉ်၌ Panelist အဖြစ် ပါဝင်တက်ရောက်၍ Fisheries Subsidies Agreement အရ မြန်မာနိုင်ငံမှ လိုက်ပါဆောင်ရွက်နေမှု အခြေအနေများ၊ ငါးသယံဇာတများ အလွန်အကျွံဖမ်းယူသုံးစွဲနေမှုများနှင့်ပတ်သက်၍ ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းစဉ်များအား နိုင်ငံတကာခေါင်းဆောင်များနှင့်အတူ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် အစည်းအဝေးတက်ရောက်နေစဉ်ကာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ Trade Policy Review – TPR Division ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Willy Alfaro နှင့်တွေ့ဆုံ၍

စာမျက်နှာ ၁၆ သို့

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၃၇၅၆၃)
မြင့်ဇင်ညွှန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် လေးသောင်းကျော် တင်ပို့

ဇွန် ၂၉ရက်မှဇူလိုင်၅ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၄၇၀၀ ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန်၄၆၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၀နီးပါးတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀၀ခန့် လျော့ကျခဲ့ကြောင်းသိရသည်။ ဆန်အပြင် ဆန်ကွဲကို မူဆယ်မှ တန်ချိန် ၄၀ကျော်တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဇွန်၃၀ရက်မှဇူလိုင်၆ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာရှစ်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၂၆၀၀၀ ကျော်တင်ပို့ခဲ့သည်။ယခုတစ်ပတ်မှာ တရုတ်၊ ဖိလစ်ပိုင်၊မလေးရှား၊စင်ကာပူ၊မက်ဒါဂါစကား၊ အိုင်ဗရီကို့စ်၊ ဂီနီ၊ကင်မရွန်၊ အီးယူနိုင်ငံများသို့တင်ပို့ပြီး အများဆုံးတင်ပို့မှုများမှာ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၈၉၃၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၆၃၇၀ကျော်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၂၇၀၀ကျော်၊အီးယူနိုင်ငံများသို့ တန်ချိန် ၂၉၅၀ နှင့်အိုင်ဗရီကို့စ်သို့တန်ချိန် ၁၅၀၀တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၇၆၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ယခုတစ်ပတ်မှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိဆန်ကွဲတန်ချိန်၁၂၀၀၀နီးပါး တင်ပို့ခဲ့သည်။ ဆန်ကွဲကို အင်ဒိုနီးရှား၊ စင်ကာပူ၊ အီးယူ၊ မက်ဒါဂါးစကားနှင့် အိုင်ဗရီကို့စ်များသို့ တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားသို့ တန်ချိန် ၄၂၆၀ ကျော်၊အီးယူသို့ တန်ချိန် ၆၁၃၀ကျော်၊ မက်ဒါဂါးစကား သို့တန်ချိန်၇၅၀နှင့် အိုင်ဗရီကို့စ်သို့တန်ချိန်၇၈၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်၇၅၀၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာဆန်တန်ချိန် သုံးသောင်းကျော်နှင့် ဆန်ကွဲတန်ချိန် ၁၂၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ယခုတစ်ပတ်ဖြစ်ပေါ်လျက်ရှိသော မုံရွာဆန်စပါးဈေးကွက်

ယခုတစ်ပတ်အတွင်း မုံရွာမြို့တွင် ဆန်၊စပါး အရောင်းအဝယ်ဖြစ်မှုမှာ ပုံမှန်အတိုင်းဖြစ်နေပြီး ဆန်ဈေးနှုန်းမှာလည်း အတက်အကျမရှိဈေးငြိမ်လျက်ရှိကြောင်းသိရသည်။ အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ လုံးသွယ်မွှေးနှင့်မနောသုခတို့ဖြစ်ပြီး ဈေးနှုန်းများမှာရွှေဘိုပေါ်ဆန်းတစ်ပြည်ကျပ် ၂၃၀၀၊ ဧရာမင်း(ဥသျှစ်ကြီး) တစ်ပြည်ကျပ် ၂၀၀၀၊ ဧရာမင်း(ရေဦး) တစ်ပြည်ကျပ် ၁၇၀၀၊ လုံးသွယ်မွှေး (ယင်းမာပင်) တစ်ပြည်ကျပ် ၂၀၀၀ နှင့် မနောသုခတစ်ပြည်ကျပ် ၁၃၀၀ နှုန်းရှိကြောင်း သိရသည်။

အိတ်ဈေးနှုန်းအနေဖြင့် ရွှေဘိုပေါ်ဆန်း တစ်တင်းခွဲအိတ် တစ်အိတ်လျှင်ကျပ် ၄၈၀၀၀ မှ၅၃၀၀၀၊ ဧရာမင်းတစ်အိတ်ကျပ် ၄၀၀၀၀ မှ၅၀၀၀၀ နှုန်း ပေါက်လျက်ရှိကြောင်းသိရသည်။ ဆန်ကြမ်းများဖြစ်သော ၇၄၇၊ ရွှေသွယ်ရင်၊ ၇၂၊ ရက်(၉၀)စသည့်ဆန်ပေါက်ဈေးနှုန်းများမှာ ၅၀ကီလိုတစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀ကြားတွင် ရှိကြောင်းသိရသည်။ စပါးဈေးနှုန်းအနေဖြင့် ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀မှာ ၁၄သိန်းခွဲနှင့် ၁၅သိန်းကြားရှိပြီး ဧရာမင်း တင်း ၁၀၀ လျှင် ၁၁သိန်းဝန်းကျင်ရှိကြောင်း သိရသည်။

**နှင်းပန်းဖြူ**

# သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်/စပါးပေါက်ဈေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထ(အပု) စပါးပေါက်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀၊ ဆန်ဈေးမှာ တစ်အိတ်ကိုကျပ် ၂၁၅၀၀၊ ဧည့်မထ(အရှည်) စပါးပေါက်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ကို ကျပ် ၅၀၀၀၀၀၊ ဆန်ဈေးမှာ တစ်အိတ်ကိုကျပ် ၁၉၅၀၀၊ ဆန်ကွဲတစ်အိတ်ကို ကျပ် ၁၅၀၀၀၊ ဖွဲနုတစ်အိတ်ကို ကျပ် ၈၂၀၀ အသီးသီး ပေါက်ဈေးရှိပြီး သယ်ယူပို့ဆောင်ခသည် ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ တစ်အိတ်ကျပ်၄၅၀နှင့် မန္တလေးသို့တစ်အိတ် ကျပ် ၉၅၀ ပေးရသည်။

**သိန်းဆွေ(ပဲခူး)**

# ပုသိမ်မြို့နယ်၌ ဆန်ချောဈေးငြိမ်ကာ ဆန်ကြမ်းဈေး အနည်းငယ်မြင့်တက်

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်တွင် ဧရာဝတီပေါ်ဆန်း ၅၂ ပေါင်တင်း ၁၀၀ ကို ၁၂သိန်း/၁၃သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၄၄၀၀၀ ၄၅၀၀၀ ဈေး၊ ပေါ်ဆန်းရင်စပါး ၅၂ ပေါင်တင်း ၁၀၀ ကို ၁၁သိန်း၊ ၁၂သိန်းခန့် ဆန်တစ်အိတ်ကို ကျပ် ၄၀၀၀၀/၄၁၀၀၀ ဈေးနှင့် ဆန်ချောစားဆုံးသည့်ပုံမှန်ဈေးကွက်တွင် ယခင်လနှင့်ယခုလဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

ဈေးကွက်တွင် အရောင်းအဝယ်အများဆုံးဖြစ်လျက်ရှိသော ဆန်ကြမ်းအုပ်စုဝင် ဧည့်မထ နွေသီးထပ်ရင်စပါးဈေးမှာ ယခင်တစ်ပတ်ကပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀-၅၂၀၀၀၀ မှ ကျပ် ၅၃၀၀၀၀- ၅၄၀၀၀၀ ဈေးသို့ မြင့်တက်သွားပြီး မိုးမနောသုခ မျိုးပွားစပါး ပေါင် ၅၀ တင်း ၁၀၀ကို ယခင် ကျပ် ၆၂၀၀၀၀-၆၃၀၀၀၀ ဈေးမှ ကျပ် ၆၈၀၀၀၀-၆၉၀၀၀၀ ဝန်းကျင်မြင့်တက်သွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပြည်ဈေးကွက်တွင် နှမ်းနီနှင့်နှမ်းနက်များ ဈေးပြန်မြင့်ပြီး စမုံနက်နှမ်းဈေး အနည်းငယ်ပြန်ကျလာ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ်နှမ်းဈေးများမှာနှမ်းနီနှင့်နှမ်းနက်ဈေးပြန်မြင့်လာသော်လည်း စမုံနက် နှမ်းဈေးမှာအနည်းငယ်ကျသွားသည်။ အဝင်မရှိသော်လည်း ပွဲရုံများမှလှောင်ထားသောနှမ်းများဖြင့် သာ တစ်နေ့လျှင်အိတ် ၁၀၀-၁၅၀ အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနီမှာလှောင်နှမ်းများကြောင့် အိတ် ၅၀ ခန့်သာအရောင်းအဝယ်ဖြစ်နေသည်။ စမုံနက်နှမ်းမှာ ဝယ်လက်အဝယ်နည်းသွား၍ ယခုတစ်ပတ်ဈေးကျသွားသည်ကိုတွေ့ရသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၆၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်တက်လာသည်။ စမုံနက်နှမ်းမှာမူ အရောင်းအဝယ်နည်းသွားသည့်အတွက် တစ်တင်းလျှင် ကျပ် ၈၁၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းဆီဈေးမှာတစ်ပိဿာလျှင် ကျပ် ၈၀၀၀မှ ၈၂၀၀ဖြင့် ဈေးမြင့်လာသည်ကိုတွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၂-၇-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၃၉၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၂ | ၃၈၅ | ▽ | ၃၂၃ | ၃၃၀ | △ | ၃၈၀ | ၃၇၅ | ▽ | ၃၅၈ | ၃၆၈ | △ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၈၄ | ▽ | ၃၁၈ | ၃၂၇ | △ | - | - | - | ၃၅၃ | ၃၆၃ | △ |
| ဆန်ဖြူ ၁၅% | ၃၈၉ | ၃၈၂ | ▽ | ၃၁၃ | ၃၂၅ | △ | - | - | - | ၃၄၈ | ၃၅၈ | △ |
| ဆန်ဖြူ ၂၅% | ၃၈၀ | ၃၈၀ | □ | ၃၀၃ | ၃၁၅ | △ | ၃၆၅ | ၃၆၅ | □ | ၃၂၂ | ၃၂၇ | △ |
| ပေါင်းဆန် | ၄၂၆ | ၄၁၉ | ▽ | - | - | - | ၃၆၆ | ၃၆၈ | △ | - | - | - |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၁၂-၇-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၂၀ | □ | ၂၀၀၀၀ | □ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၅၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၈၅၀၀ | □ | ၃၂၀၀၀ | □ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၇၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | □ |
| လှိုင်ကော် | ၈၃၀၇ | ▽ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | ▽ | ၂၂၀၀၀ | △ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၅-၇-၂၀၁၉ မှ ၁၁-၇-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 370 | 11 | - | - | 1 | 382 |
| | Form AANZ | 13 | - | - | - | - | 13 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 150 | 3 | - | - | 1 | 154 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 27 | - | - | - | - | 27 |
| | Form AK | 139 | 7 | - | - | - | 146 |
| | Form D | 168 | 31 | - | - | - | 199 |
| | Form DFTP | 2 | - | - | - | - | 2 |
| | Form E | 111 | 5 | - | - | 2 | 118 |
| | Form Korea | 11 | 1 | - | - | - | 12 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 991 | 58 | - | - | 4 | 1053 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၂-၇-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၅/၇ | ၁၂/၇ | ပြောင်းလဲမှု | ၅/၇ | ၁၂/၇ | ပြောင်းလဲမှု | ၅/၇ | ၁၂/၇ | ပြောင်းလဲမှု | ၅/၇ | ၁၂/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၉၁ | ၁၃၀၀ | ▼ | ၁၃၀၀ | ၁၃၃၃ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၅၀ | ၁၃၀၀ | ▼ |
| ပဲစင်းငုံ | ၁၅၁၀ | ၁၅၄၃ | ▲ | ၁၆၃၃ | ၁၆၃၃ | ■ | ၁၆၃၅ | ၁၆၂၅ | ▼ | ၁၆၅၀ | ၁၆၄၀ | ▼ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၇၅၀ | ■ | ၁၈၃၃ | ၁၈၃၃ | ■ | ၁၇၂၃ | ၁၇၂၆ | ▲ | ၁၆၆၀ | ၁၇၁၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | ၁၄၃၂ | ၁၄၁၅ | ▼ | ၁၄၂၃ | ၁၄၀၅ | ▼ | ၁၄၂၀ | ၁၄၁၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၇၉၆ | ၁၇၉၆ | ■ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉.၆.၁၉)ထိ | ယခုတစ်ပတ် (၆.၇.၁၉)ထိ | (၁.၁.၁၉) မှ (၆.၇.၁၉) ထိ |
| မတ်ပဲ | ၁၆၃၉၀၃ | ၇၇၃၂ | ၁၇၁၆၃၅ |
| ပဲတီစိမ်း | ၁၄၅၉၉၀ | ၅၄၂၅ | ၁၅၁၄၁၅ |
| ပဲစင်းငုံ | ၄၅၉၅၆ | ၃၁၃၆ | ၄၉၀၉၂ |
| ကုလားပဲ | ၄၆၄၁၈ | ၂၈၇ | ၄၆၇၀၅ |
| ပဲလွန်းဖြူ | ၂၈၁၄၃ | ၇၂၅ | ၂၈၈၆၈ |
| မြေထောက်ပဲ | ၇၃၈၀ | ၁၀၁ | ၇၄၈၁ |

## ပြည်မတ်ပဲသီးနှံဈေးပြန်လှုပ်လာပြီး ရန်ကုန်ဝယ်လက် နေ့စဉ်အဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ ဇူလိုင်လဆန်းရက် မတ်ပဲအနည်းငယ်လျော့သွားခဲ့ပြီး ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ပိုရလာခဲ့သည်။ တစ်တင်း ၂၇၅၀၀ ကျပ်ဖြင့်ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိမှုအပေါ် ရောင်းချနေခဲ့ကြသည့်အတွက် နေ့စဉ်အရောင်းအဝယ်ဖြစ်နေခဲ့သည်ကို တွေ့ရပြီး အိတ် ၂၀၀/၃၀၀ ကျော်သာရောင်းချမှုဖြစ်ခဲ့ကြသည်။

ပဲဝင်ရောက်မှုအနေဖြင့် နေ့စဉ်ပဲအဝင်မရှိတော့ဘဲ ရက်ခြားသာ ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခဲ့ကြသလို လက်ကျန်လှောင်ပဲများလည်း ရှိနေသည့်အတွက် ဝယ်လိုအားရှိသလောက်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ကုလားပဲသီးနှံ ဒေသတွင်း ခွဲစက်သမားများ ပုံမှန်ဝယ်ယူနေ

ဇူလိုင်လအတွင်း ပြည်ပဲဈေးကွက်တွင် ကုလားပဲသီးနှံ ရောင်းဝယ်မှုနေ့စဉ်ဖြစ်နေခြင်းကြောင့်အိတ် ၂၀၀ကျော် ပုံမှန်ရောင်းဝယ်မှု ရှိနေခဲ့ကြသည်ကိုတွေ့ရသည်။ ဒေသတွင်းခွဲစက်သမားများ အဓိကထားဝယ်ယူမှုရှိလို့ နေ့စဉ်ရောင်းချမှုရှိနေပြီး ပဲဈေးမှာတစ်တင်း ကျပ် ၂၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဆက်လက်ဈေးငြိမ်နေသည်။ ပဲဝင်ရောက်မှုမှာ တစ်ရက်အိတ် ၅၀/၁၀၀ကျော်ဝင်ရောက်ပြီး လှောင်ပဲများလည်း ရှိနေကြသည့်အတွက် ကုလားပဲသီးနှံမှာ ဈေးကွက်မှာ ဝယ်လိုအားရှိသလောက်ပုံမှန်ရောင်းချမှုရှိခဲ့ကြကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**


## ပြည်ပဲကြီးသီးနှံအရောင်းအဝယ်သွက်ပြီး ဈေးကောင်းနေ

ပြည်ပဲဈေးကွက်တွင် ပဲကြီးသီးနှံမှာ ဈေးကောင်းရနေပြီး အရောင်းအဝယ်လည်း အခြားပဲများနှင့်ယှဉ်လျှင်သွက်နေသည်။

ပဲကြီးသီးနှံမှာ ပြည်တွင်းဝယ်လက်များဖြင့်သာ အဓိကရောင်းဝယ်နေပြီး ပြည်ပဲဈေးကွက်မှာလည်း ပဲကြော်ဖိုလုပ်ငန်းသမား ပုံမှန်ဝယ်ယူလျက်ရှိကြသည်။ ထို့ကြောင့်အိတ် ၂၀၀/၂၅၀ ကျော်အထိ နေ့စဉ်အရောင်း အဝယ်ဖြစ်လျက်ရှိကာ ပဲဈေးမှာ(ရွှေကျွန်း) တစ်တင်း ကျပ် ၃၄၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၀၀၀၀ တို့ဖြင့် ယခင်တစ်ပတ်ဈေးနှုန်းထက်ဈေးပိုရလာသလို အခြားပဲဈေးများနှင့်ယှဉ်လျှင်လည်း ဈေးပိုနေကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

# ဇူလိုင်ဒုတိယပတ်အတွင်း ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်း



မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းအခြေအနေမှာ ပဲစင်းငုံသီးနှံမှာ ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိသော်လည်း လက်ကျန်လှောင်လက်များရှိ၍ ဈေးနှုန်းမှာလည်း မငြိမ်ဘဲယခုအပတ်တွင် ဈေးမြင့်လာသည်ကို တွေ့ရသည်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ(အဟောင်း)တစ်တင်း ကျပ် ၂၉၅၀၊ (အသစ်) ကျပ် ၃၂၅၀၀ နှုန်းပေါက်လျက်ရှိကြောင်း သိရသည်။ မတ်ပဲသည်လည်း အဝင်နည်း၍ ဒေသတွင်းသုံး လက်လီအနေနှင့် ပဲအရောင်းအဝယ်ဖြစ်နေပြီး ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကျပ် ၂၃၅၀၀ မှ ၂၆၀၀၀ နှုန်းဖြင့် နေ့စဉ်အိတ် ၁၅၀-၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဒေသတွင်းသုံးပဲများဖြစ်သော ကုလားပဲ၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ ပဲပုပ်၊ ပဲကြီး၊ ဂျုံသီးနှံမှာပဲခွဲစက်၊ ခေါက်ဆွဲစက်၊ ကြာဆံစက်သမားများနှင့်လက်လီသမားများဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာကုလားပဲဖြူလုံးကြီး V2 တစ်တင်း ကျပ် ၂၆၇၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၀၀၀၊ ၉၂၉ တစ်တင်း ကျပ် ၂၇၀၀၀၊V3V7ကျပ် ၂၅၈၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ထက် ဈေးလျော့နည်းပြီး နေ့စဉ်အိတ် ၁၅၀၀ခန့်၊ ဂျုံသီးနှံမှာနေ့စဉ် တင်း ၃၀၀ခန့် အရောင်းအဝယ်ဖြစ်ကာ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၇၀၀၀ မှ၁၇၅၀၀၊ ထွက်တိုးတစ်တင်း ကျပ် ၁၅၂၀၀နှုန်း၊ ပဲကြီးတစ်တင်း ပေါက်ဈေးနှုန်းမှာကျပ် ၃၂၀၀၀ ဖြင့် နေ့စဉ်တင်း ၁၅၀-၂၀၀ခန့်၊ ပဲနီလုံးရိုးရိုးတစ်တင်း ကျပ်၁၉၀၀၀ နှုန်းနဲ့ တင်း၁၅၀ခန့်၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၁၉၀၀၀၊ တင်း၁၀၀ခန့်၊ CPပြောင်းတစ်တင်း ကျပ် ၈၅၀၀ နှုန်းနဲ့ တင်း ၁၀၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆီထွက်သီးနှံဖြစ်သောနှမ်းသီးနှံအရောင်းအဝယ်ဖြစ်မှုအခြေအနေမှာ ရန်ကုန်ဝယ်လက်ရှိ၍ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ်အတွင်း နှံသီးနှံတစ်တင်း ပေါက်ဈေးနှုန်းများမှာ နှမ်းညိုကျပ်၅၁၀၀၀၊ နှမ်းဖြူကျပ်၅၁၀၀၀မှ ၅၄၀၀၀၊နှမ်းနက် ကျပ် ၇၅၀၀၀မှ ၈၂၀၀၀ အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# ပခုက္ကူကုန်စည်ဒိုင်နှင့် ရေစကြိုကုန်စည်ဒိုင်များတွင် ကုလားပဲသုံးမျိုးနှင့် အခြားပဲမျိုးစုံ အရောင်းဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲသုံးမျိုးမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်၏ ကုလားပဲဈေးနှုန်းများမှာ ကုလားပဲဝါလုံးကြီး (၉၂၉ ) တစ်တင်းလျှင် ကျပ် ၂၆၈၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါ (HL) တစ်တင်းလျှင် ကျပ် ၂၆၇၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူ (V2) တစ်တင်းလျှင် ကျပ် ၂၆၇၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲ (V6) တစ်တင်းလျှင် ကျပ် ၂၅၄၀၀ ဖြင့် အိတ် ၃၀ ဥပုသ် နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ်တွင် ကုန်စည်ဒိုင်၌ စားတော်ပဲမှာ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၂၈၅၀၀ဖြင့် အိတ်၅၀အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲတီစိမ်းကြီးမှာ အရည်အသွေးကိုလိုက်ပြီး တစ်တင်းလျှင် ကျပ် ၂၉၀၀၀ မှ ၃၃၀၀၀ ထိ အိတ်ရေ ၅၀ မှ ၃၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၃၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ပြောင်းဖူးစေ့ (CP)မှာ ယခုတစ်ပတ်တွင် ဈေးအနည်းငယ်တက်ခဲ့သည်။ ယခုတစ်ပတ်၏ ပြောင်းဖူးစေ့(CP)၏ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ်ရေ ၁၀၀ အရောင်းအဝယ်ဖြစ်နေသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီ လုံးဆန်(မြောင်) တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ၃၇၀၀၊ ကျွန်းမြေပဲနီလုံး ဆန် တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၇၇၀၀၊ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ၊ ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၁၅၀၀ - ၂၂၀၀၀ ပဲတီစိမ်းကြီးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ မှ ၃၃၀၀၀ ဈေးဖြင့် အိတ်ရေ ၃၀၀၊ ပြောင်းဖူးစေ့ ( CP ) တစ်တင်းလျှင် ကျပ် ၈၇၀၀ ဖြင့် အိတ်ရေ ၁၀၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင် ၅၃၀၀၀ မှ ၅၆၀၀၀ ကျပ်ဖြင့် အိတ်ရေ ၂၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ဟသ်ာတမတ်ပဲဈေး ကျရိပ်ပြသော်လည်း အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတကုန်စည်ဒိုင်တွင် ဇူလိုင် ၈ ရက်၌ တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော မတ်ပဲသည် ဇူလိုင် ၈ ရက် နောက်ပိုင်း ဆက်တိုက်အနည်းငယ်စီ ကျဆင်းလာခဲ့ရာ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၂၆၈၀၀ထိ ကျဆင်းလာခဲ့သည်။ ဈေးကျနေသော်လည်း ကုန်စည်ဒိုင်တွင် တစ်နေ့လျှင် အိတ် ၂၅၀၀ မှ ၃၀၀၀ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆက်လက်ကျဆင်းပါက လှောင်လက်များ အဝယ်လိုက်လာမည်ဟု ခန့်မှန်းလျက်ရှိကြသည်။

**မောင်မောင်မြတ်ခိုင်**

## မြေပဲဆန်ပေါက်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

ဇူလိုင်လဒုတိယအပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဆီထွက်သီးနှံဖြစ်သည့် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ ပေါက်ဈေးနှုန်းမှာ လုံးဆန်(ဖြူ)တစ်ပိဿာကျပ် ၃၆၅၀ မှ၃၇၀၀၊ လုံးဆန်(နီ) ကျပ်၃၈၀၀မှ ၃၈၅၀၊ ဆီဆန် ကျပ် ၃၂၅၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်အပတ်ထက်တစ်ပိဿာ ကျပ် ၂၀၀ခန့် ဈေးမြင့်လာသည်။

မြေပဲလုံးဆန်ဈေးကွက်မှာ ရန်ကုန်၊ မန္တလေးဝယ်လက်ရှိသော်လည်း ပစ္စည်းဝင်ရောက်မှုနည်းလာ၍ ဈေးမြင့်နေခြင်းဖြစ်ကြောင်းသိရသည်။ မုံရွာကုန်စည်ဒိုင်၏ဆီပေါက်ဈေးနှုန်းများမှာ မြေပဲဆီတစ်ပိဿာကျပ်၆၅၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၆၅၀၀၊ စားအုန်းဆီတစ်ပိဿာကျပ် ၁၅၀၀ မှ ၁၅၂၀ နှုန်း ပေါက်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

Vol: 19, No.26 Monday July 15 2019

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား Update ပြုလုပ်ရန် အသိပေးကြေညာခြင်း သတင်းလွှာ(၄/၂၀၁၉) ထုတ်ပြန်

ကုန်သွယ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ဖွဲ့စည်းမှတ်ပုံတင်ထားသောကုမ္ပဏီများသို့ ပြည်ပနှင့်ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်များအား ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

အဆိုပါကုမ္ပဏီများကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ပါပြဋ္ဌာန်းချက်အရ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်(MyCo) ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်များအား ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့်လိုက်လျောညီထွေဖြစ်စေရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို သတင်းလွှာ(၆/၂၀၁၈)ဖြင့် အသိပေးကြေညာခဲ့ပါသည်။

သို့ရာတွင် အချို့သောကုမ္ပဏီများသည် ကုမ္ပဏီပြန်လည် မှတ်ပုံတင်မှုရှိသော်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တွင် အချက်အလက်များ ပြင်ဆင်လျှောက်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ပြီးသော ကုမ္ပဏီများအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပါအချက်များအား ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့နောက်ဆုံးထားပြီးUpdate ပြင်ဆင်လျှောက်ထားမှုကို ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ပြင်ဆင်ခြင်းမရှိသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

# ၁၀၀ ဂရမ်အောက် ကဏန်းများ ပြည်ပတင်ပို့နေမှုကြောင့် ကုန်ကြမ်းများ ရှားပါးလာ

၁၀၀ ဂရမ်အောက် ကဏန်းများ ပြည်ပသို့ တင်ပို့နေမှုများကြောင့် ပြည်တွင်း၌ ကုန်ကြမ်းများ ရှားပါးလာကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဇူလိုင် ၉ ရက်တွင်ပြောသည်။

"အခုနောက်ပိုင်းမှာ ကဏန်းပျော့လုပ်ငန်းတွေအတွက် ကုန်ရှားလာတယ်။ အခွံမာကဏန်းတွေ ပြည်ပကိုတင်ပို့တဲ့အခါမှာ ၁၀၀ ဂရမ်အရွယ်အစားရှိတဲ့ ကဏန်းတွေကိုပါ ပြည်ပတင်ပို့တာတွေ လုပ်ကိုင်လာကြတော့ ကုန်ရှားလာတယ်။ ငါးဦးစီးအနေနဲ့အရင်တုန်းကတော့ ၁၀၀ ဂရမ်အောက်ဆိုရင် မဖမ်းရဘူး၊ မရောင်းရဘူး၊ ပြည်ပ မတင်ပို့ရဘူးဆိုပြီး သတ်မှတ်ထားပေမယ့် ၂၀၁၀ ခုနှစ်မှာ ဒီလုပ်ငန်းတွေကို ဖွင့်ပေးလိုက်တော့ ဒရဟော ထွက်ကုန်တဲ့အတွက် ကဏန်းပျော့လုပ်ငန်းတွေမှာ ကုန်ကြမ်းတွေ ရှားလာတယ်"ဟု ၎င်းကပြောသည်။

သို့ဖြစ်၍ ပြည်ပသို့ ၁၀၀ ဂရမ်အောက် ကဏန်းများတင်ပို့နေမှုကို တားမြစ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ထိုသို့ပြန်လည် တားမြစ်နိုင်မှသာ ကဏန်းအခွံပျော့နှင့် အခွံမာ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ ပြည်တွင်းမှ ရေသယံဇာတများ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ကဏန်းတင်ပို့ရေးပိုင်းတွင် အခွံမာနှင့်အခွံပျော့နှစ်မျိုးလုံး တင်ပို့နေရသည့်အတွက် ဈေးကွက်ခိုင်မာသည့် ကဏန်းကို စနစ်တကျမွေးမြူရန် လိုအပ်ကြောင်း သိရသည်။

"ဆယ်စုနှစ်အတွင်းမှာ ကဏန်းထုတ်လုပ်ရေးလုပ်ငန်းတွေက မြင့်တက်လာတယ်။ လုပ်ငန်းတွေက ကြီးလာပေမယ့် ကဏန်းဆိုတာငါး၊ ပုစွန်တွေလို ဖောက်လို့မရတဲ့အတွက် သဘာဝ ကဏန်းတွေကိုပဲယူပြီး မွေးရတယ်။ ဂရမ် ၁၀၀ လောက်ရှိတဲ့ ကဏန်းတွေကို မွေးတယ်။ ပျော့နေတဲ့အချိန်မှာ အေးခဲပြီး ပြည်ပကိုတင်ပို့တယ်။ ဒီဈေးကွက်က အရမ်းကို ကျယ်ပြန့်နေပြီ"ဟု ၎င်းက ပြောသည်။

ယင်းလုပ်ငန်းမှာ လုပ်သားအင်အား အများအပြား အသုံးပြုရသည့်အတွက် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးလာပါက အလုပ်အကိုင် အခွင့်အလမ်းများလည်း များပြားလာမည်ဖြစ်ပြီး ပြည်ပဈေးကွက်တွင် အလားအလာကောင်းသည့် ထုတ်ကုန်ဖြစ်သောကြောင့် ပို့ကုန်ကဏ္ဍလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် မွေးမြူ ထုတ်လုပ်နေသည့် ကဏန်းများကို နိုင်ငံအနှံ့အပြားသို့ တင်ပို့နိုင်သည့်အတွက် ဈေးကောင်းရရှိနေပြီး ယခုနှစ်ပိုင်းအတွင်း အရောင်းအမြင့်ဆုံး ထုတ်ကုန်တစ်ခုဖြစ်လာသည်ဟုဆိုသည်။ လက်ရှိတွင် ပြည်ပပညာရှင်များနှင့် ဒေသခံတို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကဏန်းအမာ သားဖောက်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး အောင်မြင်ပါက တစ်ဆင့်ပြန်လည် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည့်အပြင် ဒီရေတောများတွင်လည်း လွှတ်ပေးရန် ပြင်ဆင်ထားကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများ အပြိုင်အဆိုင် လုပ်ကိုင်လာကြပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ကျောက်တန်းမြို့နယ်တွင်လည်း ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ဂဏန်းမွေးမြူရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နှင့် သံတွဲမြို့တို့တွင် လုပ်ငန်းများလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

# ပြည်ကြက်သွန်ဖြူ ဈေးမြင့်တက်လာ

ပြည်ကြက်သွန်ဖြူ(ပွဲရုံများ)သို့ ပုံမှန်ဝင်ရောက်လျက်ရှိနေရာမှ ဇူလိုင် ဒုတိယပတ်တွင် အဝင်နည်းပြီး ဈေးနှုန်းတစ်ဟုန်ထိုး မြင့်တက်လာသည်။ ယခုတစ်ပတ်ကြက်သွန်ဖြူဈေး (ပွဲရုံဈေး) ရှမ်းစကျပ် ၂၅၀၀ မှ ၂၇၀၀ နှင့် (ကြူကုတ်ဂွ) ကျပ် ၄၂၀၀၊ ၄၃၀၀ဈေးဖြင့် ရောင်းဝယ်နေသည်။ လက်လီဈေးများတွင်တစ်ပိဿာလျှင်(ရှမ်းစ) ကျပ် ၃၀၀၀၊ ကျပ် ၃၅၀၀နှင့် (ကြူကုတ်) ကျပ် ၄၅၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ကြက်သွန်ဖြူဥတစ်လုံး လက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**နီနီဝင်း(ပြည်)**



# မြန်မာ့ဆိပ်ကမ်းတွင် ၁၁.၇.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

## (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - IAL 001 | TEU440တင်TEU473ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | TEU828တင်TEU515ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BALI | TEU915တင်TEU721ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - ALEA | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - TAN BINH 79 | Corn(In Bulk) ၇၃၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ATLANTIC TRADE | ဆန်တန်ချိန် ၂၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - EAGLE | ဆန်တန်ချိန် ၁၃၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - TRUON MINH STAR | Urea (In Bulk) ၈၅၈၅ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - HOIDUONG 36 | Urea (In Bulk) ၈၈၀၀ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - AISOPOS II | TEU1199တင်TEU280ချဆဲ |
| MIPLဆိပ်ကမ်း | - VENTO GRECALE | Steel Product 10812 ချဆဲ |
| WILMAR JETTY | - SIBI | Clinker Cement (In Bulk) ၂၃၇၀၀ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - FORTUNE SUN | City Bus &G/C+ ကုန်သေတ္တာ ၁၅၆၅ ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Diesel+Mogas (92 Ron) ၁၁၂၇၉ချဆဲ |
| PUMA JETTY | - MT MU LAN WAN | Asphalt ၅၁၄၅ချဆဲ |

## (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HONG KAI | Steel ၁၈၀၀၀ ချရန် | MITT | ၁၈.၇.၂၀၁၉ |
| MOON LIGHT | Concrete X Block ၁၆၁၂ တင်ရန် | BINGALARDESH | ၁၂.၇.၂၀၁၉ |
| MODERN LINK | Vehicle(RO/RO) ၅၅၄ ချရန် | JAPAN | ၁၃.၇.၂၀၁၉ |
| GAZI | Steel ၁၆၀၀၀ ချရန် | MALAYSIA | ၁၅.၇.၂၀၁၉ |
| VIKUNG EMERALD | Unite Vehicle(RO/RO)၉၀ချရန် | JAPAN | ၁၆.၇.၂၀၁၉ |
| SN QUEEN | Unite Vehicle(RO/RO)၁၀၆တင်ရန် | JAPAN | ၁၈.၇.၂၀၁၉ |
| HONG DE | Steel ၈၀၀၀ချရန် | CHINA | ၂၅.၇.၂၀၁၉ |

## (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MAERSK WOLGAST | SINGAPORE | စက်မှု/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၂.၇.၂၀၁၉ |
| FILO TIMO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂.၇.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၈.၇.၂၀၁၉ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၇.၂၀၁၉ |
| KUO TAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |
| SINAR BINTAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၇.၂၀၁၉ |

## (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | DIESEL OIL | - | ၂၇.၆.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | HOB | ၁၁.၇.၂၀၁၉ |
| MT.YU HAI | DIESEL OIL | ELITE JETTY | ၁၁.၇.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၁၂.၇.၂၀၁၉ |
| MT.AU GEMINI | P.Oil(In Bulk) | INDONESIA | ၁၂.၇.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS (92Ron) | SINGAPORE | ၁၂.၇.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၁၂.၇.၂၀၁၉ |
| MT.VL 21 | P.Oil(In Bulk) | INDONESIA | ၁၃.၇.၂၀၁၉ |
| MT.OCEAN PORPOESE | MOGAS (92Ron) | SINGAPORE | ၁၄.၇.၂၀၁၉ |
| MT.SENNA-2 | LPG Gas | SINGAPORE | ၁၄.၇.၂၀၁၉ |
| MT.OCEAN COD | MOGAS (92Ron) | SINGAPORE | ၁၅.၇.၂၀၁၉ |
| MT.YU DONG | DIESEL OIL | SINGAPORE | ၁၆.၇.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂၀.၇.၂၀၁၉ |
| MT.VIET STAR | MOGAS (92RoN) | SINGAPORE | ၂၁.၇.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၂၆.၇.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၂၈.၇.၂၀၁၉ |

# မိတ္ထီလာ ငရုတ်သီးဈေးနှုန်းဈေးကွက်အခြေအနေ

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်မှာ ငရုတ်သီးဈေးကျကြောင်းသိရသည်။ ငရုတ်သီး(အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ငရုတ်သီး(အစို) တစ်ပိဿာလျှင် ကျပ် ၂၅၀၀/၃၀၀၀ ဈေးရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ငရုတ်သီး(အစို) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ထိဈေးကျကြောင်း သိရသည်။ ငရုတ်သီးဈေးကျရခြင်းမှာ တရုတ်လိုင်းဘက်မှအဝယ်ရပ်ခြင်း၊ တမူးဘက်မှလည်း ငရုတ်သီးများဝင် ရောက်မှုရှိကြောင်း ငရုတ်သီးကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

**မူမူသန်း(မိတ္ထီလာ)**

## ကြက်သွန်

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်များ၌ ကြက်သွန်နီ အရောင်းအဝယ်ဖြစ်မှုအခြေအနေနှင့်တင်ပို့မှု

ယခုတစ်ပတ် ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ရေပြော၊ ပေါက်၊ ယောနယ်ဒေသ၊ ကမ္မနယ်များနှင့် ပခုက္ကူကျွန်းများမှ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အညာဒေသမှ စိုက်ပျိုးထွက်ရှိသည့်ကြက်သွန်နီများကို အောက်မြန်မာပြည် အနံ့အပြားနှင့် မန္တလေး တိုင်းဒေသကြီးများသို့ လစဉ်တန်ချိန် ၁၃၈ တန်ခန့် တင်ပို့လျက်ရှိသည်။ ယခုတစ်ပတ် ကြက်သွန်နီ ဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၄၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၄၀၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ မှ ၅၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေသည်။ ဆိပ်ဖြူကုန်စည်ဒိုင်မှ ယနေ့ ကြက်သွန်နီပေါက်ဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၂၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၁၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၅၀၀ ပေါက်ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ၊ ဥပုသ်နေ့မှ လွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး မြဝတီမြို့နှင့် မြန်မာပြည် အောက်ပိုင်းဒေသများသို့ တင်ပို့လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# မိတ္ထီလာကြက်သွန်နီ အဝင်နည်းပြီး အရောင်းအေးဈေးတက်နေ

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်အတွင်းသို့ ကြက်သွန်နီအဝင်နည်း အရောင်းအေးပြီး ဈေးအနည်းငယ်တက်ကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် ရန်ကုန်၊ မော်လမြိုင်ဘက်သို့ ပုံမှန်တင်ပို့မှုသာရှိကြောင်း၊ တရုတ်လိုင်းဘက်သို့လည်း ကြက်သွန်နီ အောက်စအနည်းငယ်သာထွက်ရှိကြောင်း သိရသည်။

ဝင်ရောက်မှုအနေဖြင့် မိတ္ထီလာပွဲရုံများသို့ကြက်သွန်နီဝင်ရောက်မှုနည်းကြောင်း၊ တစ်ရက်လျှင် အဝင်ပိဿာ နှစ်သောင်းဝန်းကျင်ခန့်သာရှိကြောင်း၊ ကြက်သွန်နီ ကုန်သည်များကျေးရွာများသို့ဆင်း၍ ဝယ်ယူကြရကြောင်း၊ တောင်သူများအနေဖြင့်လည်း ဈေးစောင့်၍ မရောင်းကြသေးကြောင်း၊ တောင်သူများလက်ဝယ်တွင် ကြက်သွန်နီလက်ကျန်များ များများရှိသေးကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၆၀၀/ ၉၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင်ကျပ် ၆၅၀/၉၅၀ ဈေးထိရှိလာကြောင်း ကြက်သွန်နီကုန်သည်များထံမှ သိရှိရသည်။

**မူမူသန်း(မိတ္ထီလာ)**

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဈေးနှုန်းများမြင့်တက်



ယခုတစ်ပတ်တွင် ပြည်ကြက်သွန်နီဈေးကွက်၌ ဈေးနှုန်းများမြင့်တက်လျက်ရှိပြီး လက်လီရောလက်ကားပါ တစ်ပိဿာလျှင် ကျပ် ၅၀-၁၀၀ခန့် မြင့်တက်သွားကြောင်းသိရသည်။

ပခုက္ကူ အောင်လံ၊ ဆိပ်ဖြူဘက်များတွင်ကြက်သွန်နီများ အရည်အသွေးရောဈေးနှုန်းပါ ကောင်းနေသည်။ အရောင်းအဝယ်မှာ ဈေးနှုန်းမြင့်သည့်အတွက် ဝင်ရောက်မှု ထက်ဝက်နီးပါးသာ ပုံမှန်ဈေးကွက်ဝယ်လက်များဖြင့် အရောင်းအဝယ်ရှိသဖြင့် အရောင်းအဝယ်ပါးနေကြောင်းသိရသည်။ ဈေးနှုန်းများအနေဖြင့် ပွဲရုံလက်ကားဈေးတစ်ပိဿာကို (ကြီး/လတ်/ သေး) ကျပ်(၁၁၀၀/၁၀၅၀/၈၅၀-၉၀၀)ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး/ လတ်/သေး)ကျပ်(၁၃၅၀/၁၂၀၀-၁၃၀၀/၁၀၀၀-၁၁၀၀) စသည်ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ကြက်သွန်နီတင်ပို့မှု လျော့နည်းခဲ့သည့် ရက်သတ္တပတ်

မူဆယ်မှ တရုတ်နယ်စပ်သို့ ကြက်သွန်နီများ တင်ပို့လျက်ရှိပြီး ဇူလိုင်လ ပထမပတ်တွင် ကြက်သွန်နီ တင်ပို့မှုမှာ ဇွန်လနောက်ဆုံးပတ်နှင့်နှိုင်းယှဉ်လျှင် လျော့နည်းခဲ့သည်။ ဇူလိုင် ၁ရက်မှ ၉ရက်ထိ ကြက်သွန်နီတင်ပို့ တန်ချိန်မှာ ၉၄၉ တန်၊ တစ်တန်ဈေးမှာ ယွမ် ၂၃၆၀ ဖြစ်ပြီး မြန်မာကျပ်ငွေအနေဖြင့် ကျပ် ၅၁၈၀၀၀ ၊ တစ်ပိဿာတန်ဖိုး ယွမ် ၃ ဒသမ ၈ ၊ မြန်မာငွေ ၈၂၅ ကျပ်ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကြက်သွန်နီဈေးမှာ မတ်လတွင် တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်၊ မတ်လကုန်တွင် ကျပ် ၅၀၀ ဝန်းကျင် ဧပြီလနှင့် မေလတွင် ကျပ် ၄၅၀၀ဝန်းကျင်ဖြင့်ရောင်းခဲ့ရပြီး ဇွန်လဒုတိယပတ်တွင် ကျပ် ၆၀၀ ဝန်း ကျင်ဖြင့်အရောင်း အဝယ်ဖြစ်နေရာမှယခု ကျပ် ၈၀၀ ဝန်းကျင်ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့သည်။

**မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန**

## သရက်

# ရင်ခွဲနှင့်ကျောက်စိမ်းသရက်များ ဈေးကောင်းရနေ

အညာဒေသတွင် စိန်တလုံးသရက်များလက်ကျန်နည်းသောကြောင့်ရင်ခွဲသရက်နှင့် ကျောက်စိမ်းသရက်များ ယခုတစ်ပတ်တွင် အဝယ်သွက်လာကြောင်း သိရသည်။

“မေလဆန်းကစပြီး ဇူလိုင်လပထမပတ်အထိ စိန်တလုံးသရက်ကို ရောင်းချရာ တရုတ်နိုင်ငံက အဝယ်ပိုသွက်ခဲ့ခြင်းကြောင့် စိန်တလုံးသရက်လက်ကျန်နည်းသွားတယ်။ ဈေးကွက်မှာဈေးကလည်း စိန်တလုံးသရက်သီးတစ်လုံးကျပ် ၃၅၀ နဲ့ရောင်းတယ်။ စိန်တလုံးလက်ကျန်နည်းချိန်မှလက်ရှိ ရင်ခွဲနှင့်ကျောက်စိမ်းသရက်စပေါ်ချိန်မှာပဲ ဈေးကောင်းရတယ်”ဟုရေနံချောင်းမြို့နယ်မှသရက်သီးလက်ကားရောင်းသူ ဦးမြအေးက ပြောသည်။

လက်ရှိရေနံချောင်းဈေးကွက်သို့ မန္တလေး၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့နယ်ထွက် အသီးများနှင့် ရေနံချောင်းဒေသထွက်အသီးများအဓိက ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

လက်ရှိသရက်သီးဈေးကွက်တွင် ရင်ကွဲသရက် ၁၀ လုံးလျှင် ကျပ် ၁၈၀၀ မှ ကျပ် ၂၅၀၀၊ ကျောက်စိမ်းသရက်၁၀ လုံးလျှင် ကျပ်၂၀၀၀ ဈေးရောင်းချကြောင်း ယခင်နှစ်ကာလတူက ရင်ခွဲ ၁၀ လုံးလျှင် ကျပ် ၁၈၀၀၊ ကျောက်စိမ်း ၁၀ လုံးလျှင် ကျပ် ၁၇၀၀ ရောင်းခဲ့ရကြောင်းသိရသည်။

**ရွှေဇင်**

## ချင်း

# ယခုတစ်ပတ် ချင်းတန်ချိန် ၄၀နီးပါးသာတင်ပို့

ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်သီတင်းပတ်အတွင်း ချင်း ၃၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၂၄ တန်နှင့် စင်ကာပူနိုင်ငံသို့ ၁၅ တန် တင်ပို့ခဲ့သည်။ နနွင်းခြောက်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၅၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းစိုက တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့သည်။ ယခင်တစ်ပတ်က ချင်း ၁၇၁ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၃၂တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၆၆၀၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

# ကလေးမြို့၏ ချင်းဈေးကွက်

ကလေးမြို့ပေါ်တွင် ယခင်ကချင်းများကို ချင်းတောင်ပေါ်မှတင်ပို့ပြီး ကလေးမြို့မှတစ်ဆင့် ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့နယ်များအထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ယခုအခါတွင် ယခင်နှစ်များက ချင်းတစ်ပိဿာကျပ် ၁၀၀၀မှ ၁၂၀၀ ခန့်ပေါက်ဈေးသာရှိပြီး ယခုအချိန်တွင် ချင်းတစ်ပိဿာဖောက်သည်ဈေး ကျပ် ၂၅၀၀ ခန့်ဝယ်ယူရကြောင်း တစ်ဆင့်ခံ ရောင်းချသူများအနေဖြင့် တစ်ပိဿာ ကျပ် ၃၀၀၀ ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည်။

အောက်ပိုင်းမှလာသောချင်းများမှာ တစ်ပိဿာ ကျပ် ၃၅၀၀ မှ ၄၀၀၀ ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည်။ ထိုသို့ဈေးနှုန်းမြင့်တက်ရခြင်းမှာ ဝယ်ယူရသည့် ဖောက်သည်ဈေးနှုန်းကြီးမြင့်သည့်အတွက် ရောင်းချသည့်ဈေးနှုန်းတက်ရခြင်းဖြစ်ကြောင်း မြို့မဈေးတွင် ရောင်းချသည့် ဒေါ်နွဲ့စန်းက ပြောကြားသည်။

တောင်ပေါ်ဒေသမှ ချင်းများကလေးမြို့သို့ ဝင်ရောက်မှုနည်းခြင်းမှာအိန္ဒိယနိုင်ငံဘက်သို့ တင်ပို့မှုရှိပြီး အိန္ဒိယနိုင်ငံဘက်တွင် ဆပ်ပြာပြုလုပ်ရန်အတွက် ချင်းအဝယ်များနေခြင်းကြောင့် ယခုနှစ်ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း ချင်းရောင်းဝယ်သူများထံမှ စုံစမ်းသိရှိရသည်။

**စန္ဒာမွန်(ကလေးမြို့)**

## နနွင်း

# နနွင်းတန်ချိန် ၃၀၀ကျော် တင်ပို့

ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်သီတင်းပတ်အတွင်း နနွင်း ၃၀၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၄၈ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၅၆ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၂၀၂ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့နိုင်ခဲ့သည်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၂၀ ဝန်းကျင် ရရှိခဲ့ကြောင်းသိရသည်။ယခင်သီတင်းပတ်က နနွင်း၃၂၄ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် နနွင်း ၁၈ တန် တင်ပို့မှုလျော့နည်းခဲ့သည်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၉၄၈၀ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## မန်ကျည်း



# ယခင်တစ်ပတ်ထက် မန်ကျည်းတင်ပို့မှုပို

ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၄၆ ဒသမ ၃၄ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၈၀၊ ဂျာမနီနိုင်ငံသို့ သုည ဒသမ ၃၄ တန်၊ စင်ကာပူနိုင်ငံသို့ ၂၃ ဒသမ ၅တန် နှင့် ယီမင်နိုင်ငံသို့ ၇၂ ဒသမ ၅ တန် တင်ပို့ခဲ့ ကြောင်းသိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ယီမင်နိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့သည်။ မန်ကျည်းတစ်တန် ပျမ်းမျှအမေရိကန် ဒေါ်လာ ၂၃၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်က မန်ကျည်း၂၀၂ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၄၄ ဒသမ ၃၄ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၇၃၀၇ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

Vol: 19, No.26 Monday July 15 2019



# မြန်မာ့ဆန် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့် သီးခြားတွေ့ဆုံပြီး မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်း တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ခွဲတမ်း ဆက်လက်ပေးအပ်ရေး၊ မြန်မာ့ လယ်ယာထွက်ကုန်များနှင့် မွေးမြူရေးထွက်ကုန်များ အနာဂတ်တွင် ပိုမိုဝယ်ယူရေး ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံကုန်သွယ် မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ပပျောက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ခဲ့မှု၏ အကျိုးဆက်အဖြစ် တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်းကို တာစနစ်(အခွန်သက်သာခွင့်)ဖြင့်တင်ပို့ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တရုတ်နိုင်ငံအစိုးရအဖွဲ့ (COFCO)တာဝန်ရှိသူတို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်သည်။ ဤသို့ စာချုပ်ချုပ်ဆိုပြီးပါက ဆန်တင်ပို့မည့် Exporter ကြီးများသည် မြန်မာနိုင်ငံဘက်က သတ်မှတ်ထားသော သတ်မှတ်ချက်များနှင့် တရုတ်နိုင်ငံဘက်က စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့် Exporter ကြီးများသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်ဖြစ်ရန် လိုအပ်ပါသည်။ ပြည်တွင်း၊ ပြည်ပ ဆန်စပါးဈေးကွက်တွင် အရောင်းအဝယ်အတွေ့အကြုံရှိသူဖြစ်ရမည်ဖြစ်သည်။ ကုမ္ပဏီပိုင်ဆန်စက်(သို့)သိုလှောင်ရုံ ရှိရန်လိုအပ်သည်။ အကယ်၍ ကိုယ်ပိုင်ဆန်စက်၊ သိုလှောင်ရုံမရှိပါက အခြား ဆန်စက်၊ သိုလှောင်ရုံ ပိုင်ရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် (MOU) ရေးထိုးထားရှိပြီးဖြစ်ရန်လိုအပ်ပါသည်။ ဆောင်ရွက်မည့် ကုမ္ပဏီသည် မှတ်ပုံတင်သက်တမ်းရှိသော ကုမ္ပဏီဖြစ်ရန်လိုပါသည်။ ဆန်တင်ပို့ရန်အဆိုပြုသော ဆန်စက်သိုလှောင်ရုံသည် Third Party ၏ စစ်ဆေးမှုကို ခံယူနိုင်ရမည်ဖြစ်ပြီး စစ်ဆေးမှုလုပ်ငန်းလိုအပ်ချက်များတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ အဆိုပြုသော ဆန်စက်၊ သိုလှောင်ရုံသည် လက်ရှိ ပုံမှန်လည်ပတ်ဆောင်ရွက်နေသော ဆန်စက်၊ သိုလှောင်ရုံဖြစ်ရန်လိုအပ်ပါသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားချုပ်ဆိုထားသည့် SPS Protocol ပါသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖြစ်ရန် လိုပါသည်။

တရုတ်နိုင်ငံဘက်က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများရှိပါသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ အပင် ပိုးမွှားရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို လိုက်နာရန်လိုအပ်ပါသည်။ တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်များသည် ထိန်းချုပ်ပိုးမွှားများ ကင်းစင်ရမည်ဖြစ်ပြီး စပါးခွံ၊ ဖွဲ၊ ပင်စည်၊ အရွက်၊ ပေါင်းစေ့များ၊ မြေကြီးများ၊ အခြား ပင်ကြွင်းပင်ကျန်များ ကင်းစင်ရန်လိုအပ်ပါသည်။ တစ်ဖန် ဆန်တင်ပို့ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်ပြီး ခွင့်ပြုနိုင်သော

[အောင်ဆန်း(စိုက်ပျိုးရေး)]

စိုက်ပျိုးရေးသုံးဓာတုဆေးဓာတ်ကြွင်းများနှင့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများနှင့် သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသို့တင်ပို့မည့် ဆန်များ ပြုပြင်ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်း၊ ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ပြီးမှသာ တရုတ်နိုင်ငံက လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက နောက်ကြောင်းပြန်စစ်ဆေးနိုင်ရန်အတွက် တင်ပို့မည့်ကုန်ပစ္စည်းအမည်၊ လိပ်စာနှင့် မှတ်ပုံတင်နံပါတ် (CODE)တို့ကို တိတိကျကျ ဖော်ပြပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်က ပို့ကုန်လုပ်ငန်းမှတ်ပုံတင်ထားသည့် လုပ်ငန်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ အမည်စာရင်းကိုပြုစု၍ တရုတ်နိုင်ငံဘက်သို့ အရည်အသွေးစံချိန်စံညွှန်းပြည့်မီကြောင်း ထောက်ခံချက်၊ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်နှင့်အတူ နှစ်စဉ် ဆန်တင်ပို့ချိန်မတိုင်မီ ပေးပို့ထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် ဧရိယာအတွင်းတွင် တရုတ်နိုင်ငံက သတ်မှတ်ထားသော ထိန်းချုပ်ပိုးမွှားများပေါက်ပွားမှု လျော့နည်းစေရန် ဘက်စုံသီးနှံကာကွယ်ရေးလုပ်ငန်းကို မဖြစ်မနေ အသုံးပြုရမည်ဖြစ်ပြီး ဆောင်ရွက်ချက်အသေးစိတ်ကို တရုတ်နိုင်ငံသို့ ပေးပို့တင်ပြထားရမည်ဖြစ်သည်။ ဆန်စက်များတွင် ဆန်ပိုးများဖြစ်သည့် ကာဖရာကျိုင်း (Trogoderma granarium Evest)နှင့် ကျိုင်းနီ (Cryptolestes pusillaides Stee et Howe)တို့ ကျရောက်မှုရှိ၊ မရှိကို ၁၀၀ စတုရန်းမီတာလျှင် ထောင်ချောက် တစ်ခုနှုန်းထားရှိပြီး ဖမ်းမိအကောင်ကို ကင်းထောက်စနစ်ဖြင့် မှတ်တမ်းပြုစုထားရှိပြီး တရုတ်နိုင်ငံဘက်သို့ ပေးပို့တင်ပြရမည်ဖြစ်သည်။

မြန်မာနိုင်ငံက ဆန်ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများဆောင်ရွက်ရာတွင် မှိုတက်ခြင်း(သို့)မြေကြီး၊ ပင်ကြွင်းပင်ကျန်များ၊ ပေါင်းစေ့များ၊ စပါးစေ့များ၊ ဖုန်၊ ခဲ၊ သဲ၊ အမှိုက်နှင့် အခြားအစေ့များ ပါဝင်ခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။ မြန်မာနိုင်ငံဘက်က ဤသို့တင်းကျပ်စွာဆောင်ရွက်ရန် သဘောတူညီထားခြင်းကို မည်သို့ဆောင်ရွက်ထားကြောင်း တရုတ်နိုင်ငံဘက်သို့ တင်ပြရန်ဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ တင်ပို့မည့်ဆန်များ ထုပ်ပိုးသည့် နေရာများသည် သန့်ရှင်းပြီး ဘေးဖြစ်စေသော သက်ရှိဇီဝပိုးများ ကင်းစင်အောင်စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ တင်ပို့မည့်ဆန်များကို သီးသန့်သိုလှောင်ထားရမည်ဖြစ်သည်။

**တရုတ်နိုင်ငံသို့တင်ပို့မည့် ဆန်များကို ပိုးမွှားကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိတို့ကို ဆန်မတင်ပို့မီ တတိယအဖွဲ့အစည်းဖြစ်သည့် မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် . . ...**

တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်များအတွက် အသုံးပြုမည့် ထုပ်ပိုးပစ္စည်းများသည် အသစ်ကိုသာ အသုံးပြုရမည်ဖြစ်သည်။ အသုံးပြုရမည့် ပစ္စည်းများသည် ဘေးဖြစ်စေသည့် သက်ရှိဇီဝ ပိုးမွှားများနှင့် အဆိပ်ဖြစ်စေသော ပစ္စည်းများမပါဝင်စေရန် အထူးဂရုပြုစီမံဆောင်ရွက်ရမည်ဖြစ်သည်။ တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်အိတ်များတွင် "တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့"ဟူသော အမှတ်အသားနှင့် ဆန်၏အုပ်စု ကြိတ်ခွဲသည့်စက်ရုံ၊ တင်ပို့သူအမည်၊ လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီလိပ်စာတို့ကို တရုတ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားရမည်ဖြစ်သည်။ တင်ပို့သည့် ဆန်များ သယ်ယူပို့ဆောင်ရာတွင် ထိန်းချုပ်ပိုးမွှား၊ စပါးခွံ၊ အပင်အစိတ် အပိုင်းများ၊ ပေါင်းစေ့များ၊ စပါးစေ့များ၊ အမှိုက်များ၊ မြေကြီးများ မပါဝင်စေရန် အထူးဂရုပြုစီမံဆောင်ရွက်ရန် လိုအပ်ပါသည်။

တရုတ်နိုင်ငံသို့တင်ပို့မည့် ဆန်များကို ပိုးမွှားကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိတို့ကို ဆန်မတင်ပို့မီ တတိယအဖွဲ့အစည်းဖြစ်သည့် မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)နှင့် စစ်ဆေး၍ ပိုးမွှားကင်းစင်ကြောင်းနှင့် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရမည်ဖြစ်သည်။ အဆိုပါ သက်သေခံလက်မှတ်ပုံစံသည် အပြည်ပြည်ဆိုင်ရာ အပင်ကျန်းမာရေးစံချိန်စံညွှန်း အမှတ်စဉ်(၁၂)နှင့် ကိုက်ညီရမည်ဖြစ်သည့်အပြင် နမူနာသက်သေခံလက်မှတ်တစ်စောင်အား တရုတ်နိုင်ငံသို့ အတည်ပြုရန်နှင့် မှတ်တမ်းတင်ထားရှိရန် ပေးပို့ရမည်ဖြစ်သည်။တရုတ်နိုင်ငံသို့ ဆန်များမတင်ပို့မီ ပစ္စည်းတွင် ပိုးမွှားအရှင်များ၊ သိုလှောင်ဖျက်ဆီးပိုးမွှားများမပါရှိစေရန် တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ အဆိပ်ငွေ့မှိုင်းတိုက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးကြောင်း တရုတ်နိုင်ငံသို့ သက်သေခံလက်မှတ်ကို ပေးပို့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံက တင်ပို့သောဆန်များ တရုတ်နိုင်ငံ၏ ဝင်ပေါက်စခန်းသို့ ရောက်ရှိသည့်အခါ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(AQSIQ)၏ အောက်ရှိ တရုတ်နိုင်ငံ၏ စစ်ဆေးခြင်းနှင့် ပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ခြင်းအဖွဲ့(CIQ)၏ စစ်ဆေးခြင်းကို ခံယူရမည်ဖြစ်သည်။ ဆိပ်ကမ်းတွင် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်မှုအုပ်ချုပ်မှုအာဏာပိုင်များသည် ပိုးမွှားကင်းစင်ကြောင်း

စာမျက်နှာ ၁၆ သို့

# ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၁၂၀၀၀၀ ကျော်ဝင်

ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၀၃၃၇၃၁ တန်ဖိုးရှိ ဒီဇယ် ၆၄၀၄၁ ဒသမ ၈၈ တန်နှင့် အမေရိကန်ဒေါ်လာ ၃၀၄၂၁၆၇၀တန်ဖိုးရှိဓာတ်ဆီ ၅၉၀၇၁ ဒသမ ၀၈ တန်၊ စုစုပေါင်း ၁၂၃၁၁၂ ဒသမ ၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ် ၂၇၄၉၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်အဝင်နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၃၆၅၅၀ ကျော်အဝင်ပိုခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီ တန်ချိန် ၃၉၂၂၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင်တန်ချိန် ၁၉၈၄၀ ကျော် အဝင်ပိုခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၃၄၅၃၂ တန်ဖိုးရှိ ဒီဇယ် ၉၂၉ ဒသမ ၃၃ တန်နှင့် အမေရိကန်ဒေါ်လာ ၁၈၉၆၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၃၆၇ ဒသမ ၁၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

# မိတ္ထီလာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အစည်းအဝေးကျင်းပ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအစည်းအဝေး (၂/ ၂၀၁၉)ကို ဇူလိုင် ၅ရက်တွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး ကော်မတီမှ အဖွဲ့ဝင်များ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်၊ ဌာနမှ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၁၅ ဦးဖြင့် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်အတွင်းရှိ စားသုံးသူပြည်သူများကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ လုံခြုံစိတ်ချရမှုရှိစေရန် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်းနှင့် ခရိုင်စားသုံးသူအငြင်း ပွားမှုကော်မတီအနေဖြင့် မည်ကဲ့သို့မှတ်ချက်ပေးဆုံးဖြတ်ချက်ချနိုင်ရန် အကြံပြုစေလိုကြောင်းပြောကြားခဲ့သည်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီ အတွင်းရေးမှူးက ၂၀၁၉ခုနှစ် ဇွန်လအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် (၁/ ၂၀၁၉)မတ်လ(၁၅)ရက် စားသုံးသူကာကွယ်ရေး ဥပဒေသစ် ထုတ်ပြန်ထားပြီးကော်မတီအဖွဲ့ ပြန်လည်ဖွဲ့စည်းရမည်ဖြစ်သော်လည်း အထက်ညွှန်ကြားချက်ရမှသာ အသစ်ပြန်လည်ဖွဲ့စည်းပြီး ယခုလက်ရှိအနေအထားအရ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုလက်ရှိ CICC သို့ တိုင်ကြားထားသောအမှုကိုလည်း ယခင်စားသုံးသူကာကွယ်ရေးဥပဒေဖြင့်သာ အရေးယူမှုပြုရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ခရိုင်ပညာရေးမှူးက မိမိတို့ကျောင်းများရှိ မုန့်ဈေးတန်းများတွင်လည်း စားသုံးသူရေးရာဦးစီးဌာနမှ ဟောပြောပွဲရောက်ရှိချိန်များတွင် ကျောင်းရှိဈေးဆိုင်တန်းများ၌ ရောင်းချနေသောမုန့်များအား ကျန်းမာရေးလုံခြုံစိတ်ချရမှုရှိစေရန်အတွက် စစ်ဆေးပေးရန်နှင့် မိမိတို့ဘက်ကလည်း တတ်အားသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သိမ့်သူဇာမောင်-ထီလာ**

# ပြည်တွင်းငွေလဲနှုန်းဈေး အတက်အကျနည်းခဲ့သည့်ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဇူလိုင်ဒုတိယပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့ပြီး ဈေးငြိမ်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇူလိုင်လပထမပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၀၄ကျပ်မှ ဇူလိုင်လဒုတိယပတ်တွင် ၁၅၁၀ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ လူကြိုက်နည်းနေဆဲဖြစ်ကြောင်း၊ ယခုရက်သတ္တပတ်တွင်လည်း အမေရိကန်ဒေါ်လာကို ရောင်းလိုအားများပြီး ဝယ်လိုအားနည်းနေကြောင်း၊ ယခုရက်ပိုင်းအတွင်း အမေရိကန်ဒေါ်လာဈေးမြင့်တက်တော့မည့်ပုံစံလက္ခဏာကို တွေ့မြင်ခဲ့ရသော်လည်း ထပ်မံမြင့်တက်ခဲ့ခြင်းမျိုးမရှိဘဲ ဈေးငြိမ်သက်နေခဲ့ကြောင်း၊ ကုန်သွယ်ရေးတင်းမာမှုနှင့်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှေးကွေးမှုများက အမေရိကန်စီးပွားရေးကို ဝန်ပိစေပြီး အမေရိကန်ဒေါ်လာကိုပါ ရိုက်ခတ်မှုရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင်၈ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၀၉ကျပ်၊ ဝယ်ဈေး ၁၅၀၆ ကျပ်မှ ဇူလိုင်၁၀ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၅ကျပ်၊ ဝယ်ဈေး ၁၅၁၂ကျပ်သို့ ဈေးမြင့်ခဲ့သော်လည်း ဇူလိုင် ၁၂ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၁ကျပ်၊ ဝယ်ဈေး ၁၅၀၇ ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**


# ပြည်တွင်းရွှေဈေးနှင့်နိုင်ငံတကာရွှေဈေး ထပ်မံမြင့်တက်

ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးတို့မှာ ဇူလိုင်ဒုတိယပတ်တွင် ထပ်မံမြင့်တက်ခဲ့သည်။ ဇူလိုင်လပထမပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၁၂၂၀၀၀ ရှိခဲ့ရာမှ ဇူလိုင်လဒုတိယပတ်အတွင်း ကျပ် ၁၁၃၁၀၀၀ သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ရွှေဈေးက ဒီတစ်ပတ်ထဲအတက် အကျနည်းနည်းဖြစ်ခဲ့တယ်။ ကမ္ဘာ့ရွှေဈေးဆို ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးအမှတ်ထိကို ရောက်သွားတယ်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် ခုလိုဖြစ်နေတာကနေ အမေရိကန်စီးပွားရေးလောကထဲကို ဒစ်ဂျစ်တယ်ငွေကြေးကလည်း ဝင်လာတော့ ဒေါ်လာကို အားပျော့စေပြီး ရွှေကို မြင့်ပေးလိုက်သလိုဖြစ်သွားတယ်။ အရှေ့အလယ်ပိုင်း တင်းမာမှုရှိနေသလို မက္ကဆီကိုပင်လယ်ကွေ့မှာ အပူပိုင်းမုန်တိုင်းဝင်တိုက်သွားလို့ ရေနံဈေးတော့ ပြန်တက်လာတာမျိုးရှိတယ်။ ပြည်တွင်းမှာလည်း ရွှေက လူကြိုက်များနေဆဲပဲ"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၈ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၂၃၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၁၀ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၂၄၀၀၀သို့မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၂ရက်တွင် ကျပ် ၁၁၃၁၀၀၀သို့ ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇူလိုင် ၈ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၀၅ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၁၀ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၉၆ဒေါ်လာသို့ပြန်ကျခဲ့သော်လည်း ဇူလိုင်၁၂ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၁၁ ဒေါ်လာဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**



# MTSHအစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုကျပ်၅၀ဖြင့် ခွဲဝေမည်

TMH Telecom Public Co., Ltd.(TMH)က မတ်၃၁ရက်တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို သာမန်အစုရှယ်ယာတစ်စုလျှင် ကျပ်၅၀ ဖြင့် ခွဲဝေရန်နှင့် မူရင်းအစုရှယ်ယာ ၂၀စု ပိုင်ဆိုင်လျှင် အပိုဆုအစုရှယ်ယာတစ်စု ထုတ်ပေးရန် ဇွန် ၂၇ရက်က ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။

TMHကုမ္ပဏီအနေဖြင့် အမြတ်ဝေစုခံစားခွင့်ရှိသော အစုရှယ်ယာရှင်များကို ဇူလိုင် ၂၆ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုရက်)(Record Date)တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပြုထားသော အပိုဆုရှယ်ယာများကို ဇူလိုင် ၃၁ရက်တွင် ထုတ်ဝေမည်ဖြစ်ပြီး ငွေသားအမြတ်ဝေစုကို စက်တင်ဘာ ၂၇ရက်မှ စတင်ကာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကတစ်ဆင့် သက်ဆိုင်ရာအစုရှယ်ယာရှင်များ၏စာရင်းသို့ ထည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် TMH ကုမ္ပဏီနှစ်ပတ်လည် အထွေထွေအစည်းအဝေးကိုလည်း စက်တင်ဘာ ၂၂ရက်တွင် ပြုလုပ်မည်ဟုသိရသည်။TMHကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းသို့ ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် ဝင်ရောက်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

July 12, 2019

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 84.40 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.87 |
| EUR Euro | 0.89 |
| H KD Hong Kong Dollars | 7.82 |
| I NR India Rupees | 68.59 |
| I DR Indonesia Rupiahs | 14078.15 |
| JPY Japan Yen | 108.36 |
| MYR Malaysia | 4.11 |
| PKR Pakistan Rupees | 157.70 |
| PHP Philippines Pesos | 51.18 |
| RUB Russia Rubles | 62.85 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1178.68 |
| LKR Sri Lanka Rupe | 175.49 |
| THB Thailand Baht | 30.87 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 23229.18 |

*Source:xe.com*

## World Gold Price

July- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1409 | 1407 | 1408 |
| 9 | 1396 | 1394 | 1394 |
| 10 | 1395 | 1393 | 1393 |
| 11 | 1424 | 1422 | 1422 |
| 12 | 1410 | 1408 | 1409 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8-7- 2019 | 1123.00 | 1123.50 |
| 9-7- 2019 | 1120.50 | 1120.00 |
| 10-7- 2019 | 1121.00 | 1120.50 |
| 11-7- 2019 | 1134.00 | 1135.00 |
| 12-7- 2019 | 1128.00 | 1127.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6.88 | 30.78 | 84.48 | 68.72 |
| 9 | 6.88 | 30.82 | 84.55 | 68.74 |
| 10 | 6.88 | 30.88 | 84.45 | 68.53 |
| 11 | 6.86 | 30.62 | 84.15 | 68.37 |
| 12 | 6.87 | 30.87 | 84.40 | 68.59 |

## Energy NYMEX 12-7-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.65 | 0.45 | 0.75 |
| Brent Crude Futr (USD/bbl) | 67.05 | 0.53 | 0.80 |
| Gasoline Rbob Fut (Cent/gal) | 199.62 | 0.67 | 0.34 |
| Natural Gas Futr (USD/MMBtu) | 2.41 | 0.00 | -0.12 |
| Heating Oil Futr (Cent/gal) | 198.65 | 0.79 | 0.40 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8-July | 15.06 | 2403.90 | 1777.97 | 5889.31 | 811.00 |
| 9-July | 15.02 | 2384.73 | 1779.73 | 5854.49 | 810.00 |
| 10-July | 15.04 | 2391.78 | 1795.16 | 5856.03 | 808.00 |
| 11-July | 15.23 | 2402.36 | 1813.23 | 5921.71 | 826.00 |
| 12-July | 15.09 | 2389.79 | 1791.41 | 5922.15 | 821.00 |

## ဘိလပ်မြေ

# ယခုတစ်ပတ် ဘိလပ်မြေအဝင်လျော့

ဇွန်၃၀ ရက်မှဇူလိုင် ၆ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၄၆၉၈၂၆ တန်ဖိုးရှိ ဘိလပ်မြေ ၅၈၀၅ ဒသမ ၄၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် အီရန်နိုင်ငံမှ တန်ချိန် ၂၇၀၊ စင်ကာပူနိုင်ငံမှ ၁၆ တန်နှင့်ထိုင်းနိုင်ငံမှ ၅၅၁၉ ဒသမ ၄၉၆ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၆၃၇၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၅၆၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၉၁၄၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၁၃၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၁၉၀ ကျော် အဝင် လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာရေလမ်းမှရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် စိန်ဘိလပ်မြေက ကျပ် ၂၀၀၊ အပါချီက ကျပ် ၃၀၀၊ ကြံ့ဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျလာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း)ကျပ် ၈၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၉၀၀၊ ကမ္ဘောဇကျပ် ၆၇၀၀၊ ဆင်(ထိုင်း)ကျပ် ၇၈၀၀၊ ကြံ့ကျပ် ၅၉၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် အပါချီဘိလပ်မြေက ကျပ် ၃၀၀ နှင့် ကြံ့ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျလာကြောင်း သိရသည်။ ဈေးကွက်ထဲ ကြံ့ဘိလပ်မြေက တော်တော်လေး အဝယ်လိုက်နေပြီး အယ်လ်ဖာဘိလပ်မြေက ဈေးကွက်ထဲဝင်လာကြောင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၈၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌**ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် အေသုံးလုံးဘိလပ်မြေကကျပ် ၁၂၀၀ ၊ အယ်လ်ဖာ ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျခဲ့ပြီး ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၁၀၀၊ ခရောင်းကျပ် ၅၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ရပ်နားထားရသဖြင့် ဘိလပ်မြေ အရောင်းအဝယ် တော်တော်အေးနေကြောင်းနှင့် ဘိလပ်မြေဈေးများငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၁၅၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း)ကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာအဝင်ပို

ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၁၆၃၆၆ တန်ဖိုးရှိ မြေသြဇာ ၁၀၉၈၇ ဒသမ ၈၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၂၅၅၇ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၃၅၀၊ တရုတ်နိုင်ငံမှ ၂၉၃၆ ဒသမ ၅၈၅ တန်၊ ဂျာမနီနိုင်ငံမှ ၁၂၈၇ တန်၊ ဂျပန်နိုင်ငံမှ ၂၁ တန်၊ နယ်သာလန်နိုင်ငံမှ ၁၇၀ ဒသမ ၃၈ တန်၊ ရုရှားနိုင်ငံမှ ၄၁၉ ဒသမ ၄၀ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၅၀ ဒသမ ၈၄ တန်၊ ထိုင်းနိုင်ငံမှ ၄၉၅ ဒသမ ၈၄ တန်နှင့် ဗီယက်နမ်နိုင်ငံမှတန်ချိန် ၇၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သောအမျိုးအစားများမှာ ကွန်ပေါင်း၊ နိုက်ထရိုဂျင်ဆာလဖိတ်၊ ယူရီးယား(၄၆%)၊ အော်ဂဲနစ်၊ ပိုတက်၊ အမိုးနီးယားဆာလဖိတ်နှင့် ဖလော်ရာမြေသြဇာတို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာ တန်ချိန် ၈၃၉၀ ကျော်သာ အဝင်ရှိခဲ့တာကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၅၉၀ ကျော် အဝင်ပိုခဲ့ကြောင်းသိရသည်။

# မြေသြဇာဈေးကွက် အရောင်းအေး

ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၁၈၃၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၉၈၅၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၁၄၈၀ ကျော်အဝင်လျော့ကြောင်းသိရ သည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်နှင့်တောင်ကြီးတွင် အရောင်းအေးနေပြီး မန္တလေးနှင့် မကွေးမှာ အရောင်းပုံမှန်ရှိကြောင်း သိရသည်။

**တောင်ကြီးမြေသြဇာဈေးကွက်၌** အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခု တစ်ပတ် တီစူပါ(၂၀%)က ကျပ် ၁၁၀၀၊ တီစူပါ (၁၀း၁၀း၅)က ကျပ် ၃၀၀ ဈေးမြင့် ပြီး တီစူပါ ၁၅ ပတ်လည်နှင့် ပိုတက်က ကျပ် ၅၀၀ ဈေးလျော့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ် လည် (တရုတ်) ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၈၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြွားကမ္ဘာကျပ် ၁၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မကွေးမြေသြဇာဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၄၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်)က ကျပ် ၂၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၁၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၁၅၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၀၀၀၊ တီစူပါက ကျပ် ၂၆၂၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀၊ တက်တိုးကျပ် ၂၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မန္တလေးမြေသြဇာဈေးကွက်၌** မိုးရွာသွန်းမှုနည်းနေသောကြောင့် စိုက်ပျိုးရေးများ မလုပ်နိုင်သေး၍ မြေသြဇာအရောင်းအဝယ်ပါးနေကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယားက ကျပ်၅၀၀၊ တီစူပါ ၄၆%က ကျပ် ၃၀၀၊ မြွားသီးစုံက ကျပ် ၆၀၀၊ ပန်းသီးစုံ က ကျပ် ၅၀၀၊ အာမို (၁၀း၁၀း၅) က ကျပ် ၁၀၀၀၊ ပိုတက်ကကျပ် ၄၀၀ ဈေး ကျပြီး အာမို၁၅ ပတ်လည်က ကျပ် ၂၀၀ ဈေးမြင့်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၅၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၄၅၀၀၊ မြွားသီးစုံ ကျပ် ၁၇၆၀၀၊ ပန်းသီးစုံ ကျပ် ၁၇၆၀၀၊ အာမို ၁၀း ၁၀း၅ ကျပ်၁၉၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက်ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၁၃၇၃၄ တန်ဖိုးရှိ နို့ဆီ ၄၅၈ ဒသမ ၁၇၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၁၇၃ ဒသမ ၆၂၈ တန်နှင့် စင်ကာပူနိုင်ငံမှ ၂၈၄ ဒသမ ၅၄၄ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ ကောင်းဘဲလ်နှင့် ဒွန်းတို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီ တန်ချိန် ၇၅၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သည်။

အမေရိကန်ဒေါ်လာ ၆၃၄၈၀၀ တန်ဖိုးရှိ နို့မှုန့် ၂၁၄ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၁၂၆ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၈၈ တန် တင်သွင်းမှုပိုခဲ့ကြောင်းသိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၆ မှ ၅/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၆ မှ ၂၈/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၃.၇၅ | ၅၁.၂၅ | (+) | ၄၂.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၈၀.၀၀ | (-) | ၈၀.၀၀ |
| ၅။ | တာချီလိတ် | ၆၃၀၀.၀၀ | ၃၉၀၀.၀၀ | (+) | ၂၄၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | ၁၆၀.၀၀ | (-) | ၁၁၀.၀၀ |
| ၈။ | မြိတ် | ၂၇၀၀.၀၀ | - | (-) | ၄၄၅၀.၀၀ |
| | စုစုပေါင်း | ၉၁၄၃.၇၅ | ၁၁၃၄၁.၂၅ | (-) | ၂၁၉၇.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၆ မှ ၅/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၆ မှ ၂၈/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၉၄၀.၇၅ | ၇၅၁၄.၅၀ | (-) | ၂၅၇၃.၇၅ |
| ၂။ | လွယ်ဂျယ် | ၁၃၃၄.၀၀ | ၂၀၂၉.၅၀ | (-) | ၆၉၅.၅ |
| ၃။ | ချင်းရွှေဟော် | ၁၀၉၉၄.၂၁ | ၁၄၁၃၀.၁၀ | (-) | ၃၁၃၅.၈၉ |
| ၄။ | ကန်ပိုက်တီ | - | ၂၁၆၆.၀၀ | (-) | ၂၁၆၆.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | ၄၀၀.၀၀ | ၁၁.၇၇ | (+) | ၃၈၈.၂၃ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ်ီ | ၇၀၀.၀၀ | ၄၀၀၀.၀၀ | (-) | ၃၃၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၈၃၆၈.၉၆ | ၂၉၈၅၁.၈၇ | (-) | ၁၁၄၈၂.၉၁ |

ခင်မိုးသူ

## ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ ၁၃ ခု စာရင်းကြေညာခြင်း

(၁-၁-၂၀၁၇)မှ (၃၁-၁၂-၂၀၁၇)ရက်နေ့အထိ ပို့ကုန်ရငွေဝင်ရောက်ရန် ပမာဏအများဆုံး ကျန်ရှိသောကုမ္ပဏီ(၁၃)ခုစာရင်း

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာအမည်/ ဒါရိုက်တာအမည် | ပသကအမှတ် | မှတ်ချက် |
|---|---|---|---|---|
| 1 | Aung Naing Thitsar Co., Ltd. | U Aung Zaw Oo | 19674 | |
| 2 | Cornerstone Resources (Myanmar) Ltd. | U Swe | 13417 | |
| 3 | Fine Ply Myanmar Private Ltd. | Mr.Ashok Garg | 32835 | |
| 4 | Global Moving And Storage Ltd. | U Rudra Kumar | 34865 | |
| 5 | Golden Lace Co., Ltd. | U Thaung Win | 16551 | |
| 6 | Green Land Agriculture Co-Operative Society Ltd. | U Soe Yin | 25250 | |
| 7 | Kyaw San Co., Ltd. | U Kyaw Oo | 17343 | |
| 8 | Lighthouse Enterprises Ltd. | Lee Seong Paik (a) U Thein Lwin | 3187 | |
| 9 | Myanmar Rice Trading Co., Ltd. | U Thant Zin | 14014 | |
| 10 | Nan Htike Thazin Co., Ltd. | U Hla Myint | 21154 | |
| 11 | Shwe Mya Thar Trading Co., Ltd. | U Sai Win Hlaing | 16348 | |
| 12 | Thamadi Family Trading Co., Ltd. | U Tin Htay | 21108 | |
| 13 | Than Let Hnin Hlaing Hein Co., Ltd. | U Thura Hein | 43124 | |

## စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြဝတီကုန်သွယ်ရေးဇုန်သို့ လာရောက်လေ့လာ

မြဝတီနယ်စပ်ကုန်သွယ်မှု အခြေအနေများအား လေ့လာရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံ/စီးပွား ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ မုံရွာစီပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကုန်သည်လုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင် ၁၂ ဦးတို့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီတွင် မြဝတီကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြား ရေးမှူး ဦးသောင်းနိုင်က မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ စာချုပ်များ၊ မြဝတီနယ်စပ် (မြန်မာ-ထိုင်း) နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေများနှင့်မြဝတီကုန်သွယ်ရေးဇုန်၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီနယ်စပ် ကုန်သည်အသင်းဥက္ကဋ္ဌနှင့် လုပ်ငန်ရှင်များ၊ One Stop Services အဖွဲ့ဝင်ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပြီး လေ့လာရေး အဖွဲ့ဝင်များအနေဖြင့်သိရှိလိုသည်များ မေးမြန်းခဲ့မှုအပေါ် မြဝတီကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူးက ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မြဝတီ ကုန်သွယ်ရေးဇုန်အတွင်း ပို့ကုန်/သွင်းကုန်လုပ်ငန်းဆောင် ရွက်နေမှု၊ ကုန်ပစ္စည်းများစစ်ဆေးနေမှုအခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုခဲ့ကြပြီး မြဝတီနယ်စပ် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားနှင့် အမှတ်(၁)ချစ်ကြည် ရေးတံတားများသို့လေ့လာရန် ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **မြတ်သူရ(မြဝတီကုန်သွယ်ရေးဇုန်)**

## တောင်ကိုရီးယားနိုင်ငံသို့ ရေလုပ်သားများ ယခုနှစ်အတွင်း စေလွှတ်မည်

တောင်ကိုရီးယားနိုင်ငံသို့ ရေလုပ်သားများ ယခုနှစ်အတွင်း စေလွှတ်မည်ဖြစ်ကာ တစ်နှစ်အတွင်း ရေလုပ်သားဦးရေ ၁၅၀စေလွှတ်သွားမည်ဖြစ်ကြောင်း ဂူလုံးဖိုကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ Mr.Kim Jae Hwan က ပြောသည်။ ယင်းသို့ ရေလုပ်သားများ စေလွှတ်ရန်အတွက် မြန်မာနိုင်ငံရှိ ရွှေဖြိုးသာကုမ္ပဏီနှင့်တောင်ကိုးရီးယားနိုင်ငံရှိ ဂူလုံးဖိုကုမ္ပဏီတို့ နားလည်မှု စာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၇ ရက်က Sedona Hotel တွင် ကျင်းပခဲ့သည်။

"အခြေအနေပေါ် မူတည်ပြီး အလျဉ်းသင့်ရင် သင့်သလို ခေါ်သွားမှာပါ။ ကိုရီးယားနိုင်ငံမှာရှိတဲ့ မူဝါဒလမ်းစဉ်အရ ကိုးရီးယားမှာ သွားရောက်လုပ်ကိုင်တဲ့ တခြားသော နိုင်ငံခြားသားလုပ်သားတွေလိုပဲ ကိုရီးယားလုပ်သား တွေကိုလည်း ထပ်တူထပ်မျှ လုပ်ငန်းလစာရရှိနေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ကတိကဝတ် စကားတစ်ခု ပြောချင်တာရှိပါတယ်။ အဓိကအနေနဲ့ စိတ်ပူစရာမရှိပါဘူး။ လူ့အခွင့်အရေးအနေနဲ့ ဒါကိုအပြည့်အဝတာဝန်ယူထားပါတယ်" ဟု ၎င်းက ပြောသည်။

ထိုသို့ တောင်ကိုရီးယားနိုင်ငံမှ ရေလုပ်သားများခေါ်ယူခြင်းကို တစ်နှစ်အတွင်း သုံးကြိမ်ပြုလုပ်သွားမည်ဖြစ်ပြီး လက်ရှိတွင် ပထမဦးဆုံးအကြိမ်အဖြစ် လူဦးရေ ၃၀ စေလွှတ်သွားမည်ဖြစ်ကာ တစ်နှစ်အတွင်း အများဆုံးခေါ်ယူခွင့်ရှိသည့် လုပ်သားအရေအတွက်မှာ ၁၅၀ ဖြစ်သည်ဟုဆို သည်။ ယခုကဲ့သို့ ရေလုပ်သားများ စေလွှတ်ရန်အတွက် မြန်မာနိုင်ငံမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့နှင့် ရွှေဖြိုးသာကုမ္ပဏီတို့ တောင်ကိုရီးယားနိုင်ငံသို့ ယခုနှစ်အတွင်း သွားရောက် လေ့လာခဲ့ခြင်းဖြစ်ကြောင်း ရွှေဖြိုးသာကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်သင်းသင်းဝင်းက ပြောသည်။

"နိုင်ငံခြားမှာအလုပ်သွားလုပ်မယ့် ရေလုပ်သားတွေရဲ့အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့အတွက် ကိုရီးယားကနေ ကျွန်မကိုဆက်သွယ်တဲ့အချိန်မှာ အရင်ဆုံးစုံစမ်းကြည့်တယ်။ မြန်မာပြည်ကနေသွားတဲ့သူတွေ လစာလည်းကောင်းရ မယ်။ ကျွန်မတို့အနေနဲ့လည်း ဈေးနှုန်းကို အတတ်နိုင်ဆုံး လျှော့ချပေးထားတယ်။ တရားမဝင်သွားမယ့်အတူတူ အလုပ် သမားအများစုကို တရားဝင်လေးသွားစေချင်တယ်။ သူတို့ရဲ့ရပိုင်ခွင့်တွေ၊ သူတို့ဟိုမှာ အဆင်မပြေဘူးဆို ကျွန်မတို့ဘာလုပ် ပေးရမလဲ၊ အဲဒီစိတ်နဲ့ပဲ ဒီအလုပ်ကိုလုပ်ပါတယ်"ဟု ဒေါ်သင်းသင်းဝင်းက ပြောသည်။သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ကြမည့် အလုပ်သမား အားလုံးကို တရားဝင်သွားရောက် လုပ်ကိုင်စေချင်သည်ဟု ဆိုသည်။ အဆိုပါ ရွှေဖြိုးသာကုမ္ပဏီအနေဖြင့် လက်ရှိတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင် အစရှိသည့် နိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် လုပ်သားများစေလွှတ်လျက်ရှိကြောင်း သိရသည်။ **ပန်းဆု**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၂-၇-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၂၀၀ | △ | ၆၆၀၀ | ၆၆၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၄၀၀ | ၆၆၀၀ | △ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မကွေး | ၆၅၀၀ | ၇၀၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မုံရွာ | ၆၀၀၀ | ၆၈၀၀ | △ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၂-၇-၂၀၁၉ US$/Ton

| အမျိုးအစား | ဇွန်စတုတ္ထပတ် | ဇူလိုင်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၇၅.၀၀ | ၄၇၀.၅၀ | □ |
| RBD P.Olein | ၄၉၅.၀၀ | ၄၇၉.၅၀ | ▽ |
| RBD P.Stearin | ၄၆၂.၅၀ | ၄၆၅.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၂-၇-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၀၉.၄၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၂၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၀၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၄.၈၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇ .၄၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၄၄.၆၄၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၂-၇-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 530 ဒေါ်လာနှင့် USD ဈေး ၁၅၁၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၂-၇-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 19, No.26 Monday July 15 2019

## ယခုတစ်ပတ် ကြက်သွန်ဖြူ(ကြူကုတ်)အသစ် ဈေးမြင့်

ယခုတစ်ပတ် ဇူလိုင် ၄ ရက်မှ ၁၀ရက်အထိ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ (ထူး-၂)၊ (ထူး-၃)၊ (ထူး-၄)၊ (ထူး-၅)၊ ကြက်သွန်ဖြူ (ကြူကုတ်)အဟောင်းနှင့် ကြက်သွန်ဖြူ (ကြူကုတ်) အသစ်တို့ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ကြက်သွန်ဖြူ (ကြူကုတ်)အသစ်မှာ ကျပ် ၃၅၀ ခန့်ဈေးမြင့်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသော တစ်ပိဿာဈေးများမှာ ကြက်သွန်ဖြူ (ထူး-၂) ကျပ် ၂၀၀၀၊ (ထူး-၃) ကျပ် ၂၄၀၀၊ (ထူး-၄) ကျပ် ၂၈၀၀၊ (ထူး-၅) ကျပ် ၃၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) အဟောင်းကျပ် ၂၉၅၀၊ ကြက်သွန်ဖြူ (ကြူကုတ်)အသစ် ကျပ် ၃၇၀၀ ဈေးအသီးသီးရှိကြောင်း သိရသည်။ ကုန်စည်ဒိုင်သို့ ယခုတစ်ပတ်အတွင်း အိတ်ရေ စုစုပေါင်း ၅၄၈၀ အိတ်နှင့် ပိဿာချိန်စုစုပေါင်း ၁၆၆၄၄၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။

**စန်းစန်းမော်(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ဈေးကျသော်လည်း အရောင်းဝယ်ဖြစ်နေသည့် မတ်ပဲ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ FAQ /RC(2019) ၏အရောင်းအဝယ်ဖြစ်မှုအခြေအနေမှာ ယခုတစ်ပတ်အတွင်း ဈေးအနည်းငယ်ကျလာသော်လည်း ပုံမှန်အရောင်းအဝယ်ရှိသည်။

ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ အရောင်းအဝယ်ဖြစ်မှုမှာ မတ်ပဲ FAQ/ RC(2019) တစ်တန်လျှင် ကျပ်သိန်း ၈ ဒသမ ၅၂ ဖြင့် ကွန်တိန်နာ အလုံး ၆၀၊ ကျပ်သိန်း ၈ ဒသမ ၅၀ ဖြင့် ကွန်တိန်နာ ၄၅ လုံး၊ ကျပ်သိန်း ၈ ဒသမ ၄၆ ဖြင့် ကွန်တိန်နာ ၃၅ လုံး၊ ကျပ်သိန်း ၈ ဒသမ ၃၆ ဖြင့် ကွန်တိန်နာ ၅၅ လုံး၊ ကျပ်သိန်း ၈ ဒသမ ၂၄ ဖြင့် ကွန်တိန်နာ အလုံး ၅၀ ဖြင့် စုစုပေါင်းတစ်ပတ်အတွင်း ကွန်တိန်နာလုံးရေ ၂၄၅ လုံး၊ ကွန်တိန်နာ တစ်လုံးလျှင်တန်ချိန် ၂၄ တန်ဖြင့် စုစုပေါင်းတန်ချိန် ၅၈၈၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။**ချောစုမာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးအာလူး ဝင်ရောက်

ဇူလိုင် ၄ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်အောင်ပန်းနှင့် ဟဲဟိုးမှ ဝင်ရောက်လာသော အာလူးဈေးနှုန်းများမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပြီး ဇူလိုင် ၉ ရက်မှစ၍ အောင်ပန်းမြို့မှအာလူးဝင်ရောက်မှုမရှိဘဲ ဟဲဟိုးမြို့မှသာ ဝင်ရောက်ခဲ့သည်။ ဟဲဟိုးမြို့မှဝင်ရောက်ခဲ့သော အာလူးတစ်ပိဿာဈေးများမှာ ဟဲဟိုးအာလူး ဆွဲ(နီ) ကျပ် ၄၂၀၊ အာလူး A1 ကျပ် ၆၂၀၊ အာလူး OK ကျပ် ၇၈၀၊ အာလူး S1 ကျပ် ၈၃၀၊ အာလူး S2 ကျပ် ၉၀၀ ဈေးအသီးသီးဖြစ်ပြီး အာလူး ဆွဲ(နီ) နှင့် အာလူးA1 မှာ ကျပ် ၁၂၀၊ အာလူး OK,S1,S2 တို့မှာ ကျပ် ၁၀၀ ခန့်စီ ဈေးမြင့်တက်လာကြောင်း သိရသည်။ ကုန်စည်ဒိုင်သို့ တစ်နေ့လျှင် ပျမ်းမျှ အစီးအရေ ၁၃ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးအရေ စုစုပေါင်း ၈၃ စီး ဝင်ရောက်ခဲ့ပြီး၊ တစ်နေ့လျှင် ပျမ်းမျှပိဿာချိန် ၈၃၀၀၀ ခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် ၄၉၈၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။

**ရွှေဝါထွန်း(မြင့်တင်ပြည်တွင်း-ရန်ကုန်)**

## ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၏ ဆန်ဈေးကွက်အခြေအနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)သို့ ဧရာဝတီတိုင်းဒေသကြီးနယ်စုံမှ ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၁၃၀၃၀၇ ဝင်ရောက်ခဲ့သည်။ ယခုတစ်ပတ် ဇူလိုင် ၁၁ ရက်က ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၈၅၀၀-၅၄၅၀၀၊ ပေါ်ဆန်းဆန်ရှယ်စ တစ်အိတ် ကျပ် ၃၆၀၀၀-၃၈၀၀၀၊ ရက်၉၀ ဆန်တစ်အိတ်ကျပ် ၂၀၅၀၀-၂၁၅၀၀ ၊ သီးထပ်ရှယ်တစ်အိတ်ကျပ် ၁၉၅၀၀-၂၀၅၀၀ အသီးသီးဖြစ်သည်။

ရွှေဘိုပေါ်ဆန်းဆန်မှာ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၅၀၀ ဈေးတက်လာပြီး ပေါ်ဆန်းဆန်ရှယ်စ တစ်အိတ်ကျပ် ၅၀၀၊ ဆန်ကြမ်းဖြစ်သည့် ရက် ၉၀ ဆန်တစ်အိတ်ကျပ် ၁၀၀၀၊ သီးထပ်ရှယ်တစ်အိတ်ကျပ် ၅၀၀ ခန့်ယခင်တစ်ပတ်ဈေးနှုန်းထက်ဈေးကျကြောင်း ကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။ နယ်စုံပေါ်ဆန်း၊ ပေါ်ကျွဲ၊ ဧည့်မထတို့မှာ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲဈေးငြိမ်လျက် ပုံမှန်သာအရောင်းအဝယ်ရှိသည်။ **ချောစုမာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ငရုတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အလိုက် သစ်သီးဝလံ ကုန်သည်များနှင့် ငရုတ်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများစုစည်း၍ ငရုတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် အောင်သပြေခန်းမ၌ ဇူလိုင် ၉ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ သစ်သီးဝလံ ကုန်သည်အသင်းအဖွဲ့များ၊ ငရုတ်မျိုးစေ့ကုမ္ပဏီများ၊ ငရုတ်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စုစုပေါင်း ၃၅၀ ခန့်တက်ရောက်ခဲ့ပြီး ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ငရုတ်ဈေးကွက်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခြင်းနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၊ မြန်မာနိုင်ငံ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာကုန်သွယ်မှုဗဟိုဌာနမှ တာဝန်ရှိသူတစ်ဦး၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် တောင်သူကိုယ်စားလှယ်များက ငရုတ်စိုက်ပျိုးထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်၍သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဟောပြောဆွေးနွေးခဲ့သည်။

**ဧရာကုန်သွယ်မှုဗဟိုဌာန**

## ဝယ်သူနှစ်ခြိုက် အကြိုက်များခဲ့သည့် မြန်မာ့သရက်

မူဆယ်မှ တရုတ်နယ်စပ်သို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာသရက်သီး တင်ပို့မှုများနည်းလာပြီး နာနတ်သီးများ သစ်သီးဝလံကုန်စည်ဒိုင်မှ အနည်းငယ် စတင်တင်ပို့နေပြီဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ၈ ရက်အထိ တရုတ်နိုင်ငံသို့ သရက်သီး တင်ပို့တန်ချိန်မှာ ၉၂၄၇ ဒသမ ၃ တန်ဖြစ်ပြီး တစ်တန်ဈေးနှုန်းမှာ ယွမ် ၉၅၀၀ မှ ၁၂၀၀ ဖြစ်ပြီး မြန်မာကျပ်ငွေအနေဖြင့် ကျပ် ၂၀၆၅၂၀၀ မှ ၂၆၀၀၀၀ ဖြစ်သည်။

နာနတ်အနေဖြင့်ဇူလိုင် ၄ ရက်တွင် စတင်တင်ပို့နေပြီး တင်ပို့တန်ချိန် တစ်တန်၊ တစ်တန်ဈေးနှုန်းမှာ ယွမ် ၁၂၀၀ မှ ၅၀၀ ဖြစ်ပြီး မြန်မာကျပ်ငွေအနေဖြင့် ကျပ် ၂၆၀၀၀၀ မှ ကျပ် ၁၀၈၀၀၀ ဖြစ်သည်။

ဖရဲတင်ပို့မှုအနေဖြင့် ဇူလိုင် ၄ ရက်တွင် ရှစ်တန်ခန့်တင်ပို့ပြီး တစ်တန်ဈေးနှုန်းမှာ ယွမ် ၁၂၀၀ မှ ၁၀၀၀၊ မြန်မာကျပ်ငွေအနေဖြင့် ကျပ် ၂၆၀၀၀၀ မှ ၂၁၇၃၀၀ ဈေးရှိပြီး တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ်ဝန်းကျင် ရှိခဲ့သည်။

ယခင်သရက်သီးများကို ကျောက်ဆည်၊ အုန်းချော၊ ပလိပ်၊ အမရပူရ၊ စစ်ကိုင်း၊ မုံရွာ၊ ချောင်းဦး၊ စဥ့်ကိုင်၊ ဟန်မြင့်မိုရ်၊ တောင်းကြီးတို့မှ နေ့စဉ် တင်ပို့မှုရှိခဲ့သော်လည်း ယခုအခါတွင် ကျောက်ဆည်၊ တောင်ကြီး၊ ပလိပ်တို့မှသာ တင်ပို့တော့သည်။

တင်ပို့ရောင်းချနေသော သရက်သီး အမျိုးအစားများမှာလည်း ယခင်ဈေးအကောင်းဆုံးရခဲ့သည့် ရွှေဟင်္သာသရက်မှာ မရှိသလောက်နည်းသွားပြီး စိန်တလုံး၊ ရင်ကွဲ၊ ပတ္တမြားငမောက်တို့သာတင်ပို့နေဆဲဖြစ်သည်။

ဇူလိုင်လတွင်း သရက်သီးဈေးမှာ ၁၆ ကီလိုတစ်ခြင်းလျှင် စိန်တလုံးအိတ်စွပ် ယွမ် ၆၀-၁၇၀၊ မြန်မာကျပ်ငွေ ကျပ် ၁၂၉၀၀-၃၆၅၀၀၊ အိတ်လွတ်ယွမ် ၇၀-၈၀၊ မြန်မာကျပ်ငွေ ၁၅၀၀၀-၁၇၂၀၀၊ ရင်ကွဲ အိတ်စွပ် ၆၅-၈၅ ယွမ်၊ မြန်မာကျပ်ငွေ ၁၃၉၀၀-၁၈၂၀၀၊ ရင်ကွဲအိတ်စွတ် ၂၅-၄၀ ယွမ်၊ မြန်မာကျပ်ငွေ ၅၃၀၀-၈၆၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပတ္တမြားငမောက်မှာလည်း ရင်ကွဲဈေးနည်းပါးဖြင့် ရောင်းခဲ့သည်။

ယခုနှစ်သရက်ရာသီတစ်လျှောက်လုံး သရက်သီးများကို တရုတ်နိုင်ငံသို့ စဉ်ဆက်မပြတ် တင်ပို့ရောင်းချရာ တင်ပို့ သရက်သီးများမှ ရွှေဟင်္သာနှင့် စိန်တလုံးသရက်များမှာ ဝယ်သူနှစ်ခြိုက် အကြိုက်များခဲ့ကြောင်း သစ်သီးဝလံ တင်ပို့ ရောင်းချသူများထံမှသိရသည်။

**စုစုသာ**
**(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

## ၂၀၁၉-၂၀၂၂ သက်တမ်းအတွက် ပဲခူးတိုင်းဒေသကြီး(အရှေ့) တိုင်းခွဲအသင်း ရွေးချယ်တင်မြှောက်

မြန်မာနိုင်ငံဆန်လုပ်ငန်းရှင်များအသင်း၊ ၂၀၁၉-၂၀၂၂သက်တမ်းအတွက် ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ တိုင်းခွဲအသင်း ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ဇူလိုင် ၂ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ရွှေက အဖွင့်အမှာစကားပြောကြားခဲ့ကာ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းချုပ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်တို့မှ အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့) ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ရွေးချယ်ခြင်း၊ ၂၀၁၉-၂၀၂၂ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဆန်စက်လုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်သည့် အလုပ်အမှုဆောင်အမည်စာရင်းအား ဖတ်ကြားအတည်ပြုကြောင်းကြေညာသည်။

ထို့နောက် ၂၀၁၉-၂၀၂၂ ခုနှစ် ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌအသစ်က ရှေ့လုပ်ငန်းစဉ်များ ပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ရွှေက နိဂုံးချုပ်အမှာစကား ပြောကြားကာ မွန်းတည့် ၁၂နာရီတွင် အခမ်းအနားပြီးဆုံးခဲ့သည်။

**နေမျိုးထိုက်ကျော်**

## နှမ်း ဖြူ/နီ/ ညိုကြား ဈေးကျသွား

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ ယခုတစ်ပတ် ဇူလိုင် ၈ ရက်အထိ နှမ်းဖြူ/နှမ်းနီ/နှမ်းညိုကြားတို့မှာ ဈေးကျသွားကြောင်းသိရှိရသည်။ နှမ်းဖြူ(ထိပ်စ) ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၇၈၀၀၀ မှ ၁၇၂၀၀၀ သို့ဈေးကျသွား၍ နှမ်းဖြူ(ထိပ်စ) တစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးကျသွားသည်။ နှမ်းဖြူ( အလတ်စ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၇၇၀၀၀ မှ ၁၆၅၀၀၀ သို့ ဈေးကျသွားရာ နှမ်းဖြူ (အလတ်စ) တစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးကျသွားသည်။

ထို့အတူ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ မှ ၁၆၅၀၀၀ သို့ဈေးကျသွားသဖြင့် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၆၅၀ ဝန်းကျင် ဈေးကျသွားသည်။ နှမ်းညိုကြားဆိုလျှင်လည်း ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၅၂၀၀၀ မှ ၁၄၈၀၀၀ သို့ ဈေးကျသွား၍ နှမ်းညိုကြား တစ်တင်းလျှင် ကျပ် ၁၃၅၀ ဝန်းကျင်ဈေးကျသွားသည်။

ယခုလို ဈေးကျသွားခြင်းမှာ အရည်အသွေးညံ့သော ရေသွင်းနှမ်းများ၊ နွေနှမ်းများ ဝင်ရောက်လာကြောင့်ဖြစ်သည်ဟု ကုန်သည်များထံမှသိရှိရသည်။ နှမ်း ဖြူ/နီ/ညိုကြားတို့ ဈေးကျသွားသော်လည်း နှမ်းနက်(စမုံ) မှာ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၄၅၀၀၀ မှ ၂၄၈၀၀၀ သို့ဈေးတက်သွား၍ နှမ်း (စမုံ) တစ်တင်းလျှင် ကျပ် ၁၀၀၀ ဝန်းကျင် ဈေးမြင့်တက်သွားကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## မှိုမျိုးစုံ မွေးမြူစိုက်ပျိုး ထုတ်လုပ်နည်းသင်တန်းဖွင့်

မွန်ပြည်နယ် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲတို့မှ ကျင်းပသော မှိုမျိုးစုံ မွေးမြူစိုက်ပျိုး ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို မော်လမြိုင်မြို့ ဈေးကြိုရပ်ရှိ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က တက်ရောက်ခဲ့ပြီး အမှာစကားပြောကြားသည်။

သင်တန်းကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်ထိ ကျင်းပခဲ့ပြီး သင်တန်းတွင် ငွေနှင်းမှို၊ ကောက်ရိုးမှို၊ ကြွက်နားရွက်မှို၊ လင်ဇီးမှိုနှင့် မျောက်ခေါင်းမှိုများ၏ မိခင်မှိုမျိုးသန့်မွေးမြူခြင်း၊ သီးနှံ မှိုမျိုးစေ့ ပြုလုပ်ခြင်း၊ နှပ်စာပြုလုပ်ခြင်း၊ မှိုစိုက်ထုတ်ပြုလုပ်ခြင်း၊ မှိုမျိုးသွင်းခြင်း၊ ပေါင်တင် ပိုးသန့်စင်ခြင်းနှင့် တွေ့ကြုံရမည့် အခက် အခဲများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့သည်။

**Win Myat[Yarmanya (TC)]**

## မြေပဲဆန် အဝင်ရှိသလောက် အရောင်းသွက်

မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆီ အဝင်ရှိသလောက် အရောင်းအဝယ်သွက်ပြီး ဈေးကွက် မြင့်တက်လျက်ရှိနေသည်။ မန္တလေးတိုင်းဒေသကြီးတွင် မြေပဲကို မိုး၊ ဆောင်း နှစ်ရာသီတွင် စိုက်ပျိုးပြီး ယခုမိုးမြေပဲကိုမိုးဦးကျ မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးခဲ့၍ စက်တင်ဘာလ နောက်ဆုံးပတ်ခန့်တွင် စတင်ထွက်လိမ့် မည်ဖြစ်သည်။

မန္တလေးကုန်စည်ဒိုင်၌ဖြစ်ပေါ်နေသော မြေပဲဆန်တစ်ပိဿာ ဈေးနှုန်းများမှာ မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၃၄၀၀ မှ ၃၆၀၀ ထိ မြေပဲလုံးဆန်နီ ကျပ် ၃၅၀၀မှ ၃၈၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်နေသည်။ သီးနှံထွက်ချိန် မဟုတ်သေးသဖြင့် ဈေးကွက်လက်ကျန်နည်းခြင်း၊ ပြည်ပတင်ပို့မှုရှိနေခြင်းတို့ကြောင့် ယခင်လထက် မြေပဲဆန် တစ်ပိဿာပေါ်တွင် အဖြူလုံးဆန် ကျပ် ၂၀၀ မှ ၃၀၀ထိ၊ အနီလုံးဆန် ၁၀၀ ကျော်ထိ ဈေးမြင့်တက်ခဲ့သည်။

မြေပဲ(ဆီဆန်) ဈေးလည်း ယခင်လထက် တစ်ပိဿာ ၁၀၀ မှ ၃၀၀ ထိမြင့်တက်လာခဲ့ပြီး ယခင်လ မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြစ်ခဲ့ရာမှ ယခုလတွင် ကျပ် ၆၈၀၀ ထိမြင့်တက်လာခဲ့ကြောင်းသိရသည်။ **မြင့်မြင့်လှိုင် (ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## မန္တလေး ကြက်သွန်နီဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် တစ်ပတ်အတွင်း ကြက်သွန်နီ ဈေးကွက်အခြေအနေမှာ ဈေးငြိမ်နေပြီး အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၉၀၀၊ အနိမ့်စ ကျပ် ၈၅၀၊ လက်လီဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၄၀၀၊ အလတ်စ ကျပ် ၁၂၀၀ ၊ အနိမ့်စကျပ် ၁၀၀၀ ဖြင့်နေ့စဉ် ကုန်ချိန် ပိဿာ ၃၅၀၀၀ မှ ၅၀၀၀၀ ကြားတွင် ဝင်ရောက် အရောင်းအဝယ် ဖြစ်နေကြောင်းသိရသည်။

မန္တလေးတိုင်းအတွင်း အရည်အသွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်ဈေးကွက်တွင် လက်ကားဈေးမှာ တစ်ပိဿာလျှင် အမြင့်စ ကျပ် ၉၀၀၊ အလတ်စကျပ် ၇၀၀၊ အနိမ့်စကျပ် ၅၀၀၊ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စကျပ် ၆၀၀ ဖြင့် နယ်စုံမှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်နေပြီး မြစ်သားကြက်သွန်နီမှာ ကုန်သလောက်ဖြစ်ကြောင်း သိရသည်။

မြင်းခြံကုန်စည်ဒိုင် ဈေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့် ရွာများမှ နေ့စဉ်ကုန်ချိန် ပိဿာ ၄၂၀၀၀ မှ ၅၉၀၀၀ ပိဿာထိ ဝင်ရောက်မှုရှိကြောင်း၊ လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ၇၇၅ ပေါက်ဈေးဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။ ကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် ဈေးကွာခြားမှုမရှိဘဲ အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။

**ချောစုဝင်း**
**(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**



## တရုတ်နိုင်ငံသို့ တင်ပို့မှုရှိလာသည့် နာနတ်သီး

မြန်မာနိုင်ငံမှ သစ်သီးဝလံဖြစ်သည့် နာနတ်သီးကို ယခင်က တရုတ်နိုင်ငံသို့ တင်ပို့မှုမရှိသော်လည်း ယခုအခါ နာနတ်သီးကို ဈေးကွက်လိုအပ်ချက်အရ တရုတ်နိုင်ငံသို့တင်ပို့မှုရှိလာသည်။

ကချင်ပြည်နယ် မြစ်ကြီးနားတွင် နာနတ်သီးကို မန်ခိန်၊ ရွှေစက်၊ ပလနကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီးခြံပိုင်ရှင်များက ထွက်ရှိလာသည့် သီးနှံများကိုအရွယ်အစားခွဲ၍ အကြီးတစ်လုံးလျှင် ကျပ် ၅၀၀၊ ၆၀၀ ဖြင့်ပွဲစား (ပြန်ရောင်း)များထံ ဖောက်သည်ဈေးနှုန်းဖြင့် ရောင်းချပေးကြောင်း သိရသည်။ ပြန်ရောင်းသူများက နှစ်လုံးကျပ် ၁၅၀၀ ဖြင့် ဈေးကွက်ထဲ တင်ပို့ရောင်းချနေသည်။ ကချင်ပြည်နယ် နာနတ်သီးသည် အခွံပါးပြီး အရည်ရွှမ်းသောကြောင့် စားသုံးသူ အများစုက ကြိုက်နှစ်သက်ကြသည်။ ယခုအခါ နာနတ်သီးကို တန်ဖိုး မြှင့်ကုန်အဖြစ် ဝိုင်၊ ယိုများပြုလုပ်ကြပြီး အသီးလှိုင်လှိုင်ပေါ်ချိန် ဈေးကောင်းရချိန်များတွင် တရုတ်နိုင်ငံသို့ တင်ပို့ကြောင်းသိရှိရသည်။

**မနော်မြေ**

## မုံရွာ၌ သီပေါနာနတ်သီးများ အရောင်းအဝယ်သွက်

မုံရွာမြို့ပေါ်တွင် သီပေါဒေသထွက်နာနတ်သီးများ အများအပြားအရောင်းအဝယ်ဖြစ်နေသည်။ သီပေါ နာနတ်သီးများမှာ မုံရွာမြို့သာမက မန္တလေး၊ စစ်ကိုင်း၊ ချောင်းဦးများတွင်းလည်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ နာနတ်သီးဈေးနှုန်းများမှာ တစ်လုံးချင်းအနေဖြင့် အလှဆုံးအလုံးကြီးတစ်လုံးကို ကျပ် ၇၀၀-၈၀၀၊ အလတ် ကျပ်၅၀၀၊ သေး ကျပ် ၃၀၀နှင့် တစ်ထောင်ဖိုးလျှင် လေးလုံးနှုန်းဖြစ်ပြီး လက်ကားဈေးနှုန်းမှာ အကြီး အသေး မရွေးဘဲ ဂွန်အနေဖြင့် နာနတ်သီး ၂၅ လုံးမှာ တစ်သောင်းကျပ်နှုန်းဖြင့်ရောင်းချနေကြောင်း သိရသည်။

ဇွန်လဆန်းပိုင်းတွင် နာနတ်သီးကြီးတစ်လုံးကို ကျပ် ၁၀၀၀-၁၅၀၀ နှုန်း ပေါက်ဈေးရှိပြီး ယခုအချိန်တွင် နာနတ်သီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းကျဆင်းနေကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာလုပ်ငန်း လုပ်ကိုင်သူများ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်သွားရောက်

ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၉ ခုနှစ် ဇွန် ၂၃ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်သို့ ခြောက်ရက်တာ ရော်ဘာလေ့လာရေး ခရီးစဉ်ကို မွန်၊ ကရင်၊ တနင်္သာရီမှ ရော်ဘာလုပ်ငန်းလုပ်ကိုင်သူများ စုစည်းပြီး MSME စက်မှုကြီးကြပ်နှင့် Care Myanmar တို့၏ အစီအစဉ်ဖြင့် သွားရောက်ခဲ့သည်။

ဗီယက်နမ်သည် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားပြီးလျှင် စတုတ္ထမြောက် ရော်ဘာအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း၊ ဆန်စပါး၊ ကော်ဖီ၊ မန်ကျည်းရှား၊ ရော်ဘာ စတာတွေမှာ ကမ္ဘာ့ထိပ်တန်း ထုတ်လုပ်တဲ့နိုင်ငံအဆင့်ရှိကြောင်း၊ နိုင်ငံပိုင် Vietnam Rubber Group (VRG)အောက်မှာ ရော်ဘာနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ကဏ္ဍတစ်ခုလုံးကိုစုစည်းထားကြောင်း၊ Rubber Research Institute of Vietnam (RRIV) က သုတေသနအပိုင်းကို တာဝန်ယူပြီး မျိုးအစေးခြစ်နည်းစနစ် ထုတ်ကုန်များရဲ့ အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များ၊ ဓာတ်ခွဲခန်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် အဓိကတာဝန်ရှိကြောင်း၊ နိုင်ငံခြားမျိုးတွေကို လုံးဝမသုံးတော့ဘဲ ကိုယ်ပိုင်မျိုးတွေကိုသာ စိုက်ဖို့ ထောက်ခံချက်ပေးထားကြောင်း၊ ရာသီဥတုပြောင်းလဲနေမှုနဲ့ လိုက်လျောညီထွေရှိအောင် (၅)နှစ်တစ်ကြိမ် မျိုးအသစ်ထပ်ထုတ်ကြောင်း သိရှိရသည်။

အစေးခြစ်စနစ်မှာ (S2D3) rain coat with (2.5%) concentrated ethereal ကို ၉၀ ရာခိုင်နှုန်း အသုံးပြုကြောင်း၊ ပျမ်းမျှအစေးခြစ်ရက် ၂၈၀ နဲ့ တစ်ရာသီတစ်ဧကအထွက် ပေါင် ၁၃၀၀ ရှိကြောင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကနဲ့ အစိုးရ ဖက်စပ်ပိုင် ကုမ္ပဏီကြီးများက စိုက်ခင်းနှင့် စက်ရုံတွေကို တာဝန်ယူကြောင်း၊ စီမံခန့်ခွဲမှုကို ပုဂ္ဂလိကက ပြုလုပ်ကြောင်း၊ နိုင်ငံတော်ဘက်က စောင့်ကြည့်သူ (Observer) ထားပြီး စီးပွားရေးဆန်ဆန်သွားတာတွေ့ရပြီး အောင်မြင်ကြောင်း သိရှိရသည်။

ထုတ်လုပ်မှုတွင် ခရမ့်ရော်ဘာ TSR အများစုဖြစ်ပြီး 3L TSR -10 နဲ့ 20 က အဓိကထုတ်ကုန် ဖြစ်သလို Concentrated Latex ကိုလည်း ထုတ်လုပ်ကြောင်း၊ RSS ကတော့ အနည်းငယ်သာရှိကြောင်း၊ ထုပ်ပိုးတဲ့နေရာမှာ သတ္တုစစ်တဲ့ စက်ကိုဖြတ်ပြီးမှ ထုတ်ကြောင်း၊ ရောင်းချမှုမှာ တရုတ်၊ အမေရိက၊ EU ဖြစ်ကြောင်း၊ Lab Test က PO PRI ash content dirt content ပါပြီး အားလုံး ISO ယူထားကြောင်း၊ Waste Water Treatment အတွက် ဒီဇိုင်းနှင့်နည်းစနစ်ကို အစိုးရက ပေးကြောင်း၊ ပြင်သစ်တာယာဘီးလူးကြီး Mitchellin က RSS အတွက် အဓိကဖောက်သည်ဖြစ်သလို၊ တရုတ်တွေက TSR အဓိက ဝယ်ယူကြောင်း၊ အချုပ်ဆိုရလျှင် ဗီယက်နမ်နိုင်ငံ၏ ရော်ဘာထုတ်လုပ်မှုသည် TSR အများစုထုတ်လုပ်ပြီး ဧရာမ စိုက်ခင်းကြီးတွေနဲ့ စက်ရုံတစ်စုထဲ ဖြတ်တာမို့ Quality က uniform ဖြစ်သည်ကို လေ့လာခဲ့ရကြောင်း သိရှိရသည်။

**Win Myat[Yarmanya (TC)]**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဇူလိုင် ၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Egypt နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၆ ဒသမ ၁၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ဒိန်းမတ်၊ ဂျာမနီ၊ ဂျော်ဒန်၊ ကူဝိတ်၊ ကင်ညာ၊ နယူးဇီလန်၊ ပီရူး၊ တောင်အာဖရိကနှင့် တူရကီ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၀ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဂျပန်၊ ရုရှား၊ တောင်ကိုရီယား၊ ထိုင်ဝမ်၊ ပြင်သစ်၊ ဘရာဇီး၊ ဘာဘေဒိုနှင့် ယူကရိန်းစသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင် နှုန်းမှ ၃ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး၊ ထိုင်းနိုင်ငံတွင် သုည ဒသမ ၄၀ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၇ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Egypt နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂၂ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ အစ္စရေး၊ ကင်ညာ၊ ကူဝိတ်၊ မက္ကဆီကိုနှင့် တူရကီစသည့် နိုင်ငံများ အပါအဝင် ၇၂ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်း အလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဖင်လန်၊ နော်ဝေ၊ ဘရာဇီး၊ ဆွီဒင်၊ ယူကရိန်းနှင့် ဘာဘေဒို စသည့် နိုင်ငံ ၂၃ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၈ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၂ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၆ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၃ ဖြင့် လည်းကောင်း၊ ညှော့မထ၂၅မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၃ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ညှော့မထ ၅ မှတ်ဆန်နှင့် ၂၅ မှတ်ဆန်ဈေးများ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ်ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများ ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဆန်တင်ပို့သည့် နိုင်ငံအများစုတွင်ဆန်ဝယ်လိုအားအေးနေသော်လည်း ရူပီးငွေတန်ဖိုး မြင့်တက်လာခြင်း၊ ဆန်ဝယ်လိုအား အနည်းငယ် တက်လာခြင်းတို့ကြောင့် အိန္ဒိယဆန်ပို့ကုန်ဈေးနှုန်းများမြင့်တက်ခဲ့ပြီး အာရှတိုက်၏ အခြားဆန် တင်ပို့နိုင်ငံများမှာ ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ဈေးနှုန်းနှင့် ယှဉ်ပြိုင်နိုင်ရေးအခက်တွေ့နေသည်ကို သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ရာသီသစ်တွင် ပြည်တွင်းတောင်သူများထံမှ ဝယ်ယူမည့် အခြေခံဆန်ဈေးကို နှစ်အလိုက် ၃ ဒသမ ၇ ရာခိုင်နှုန်း မြှင့်တင်ခဲ့ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ညှော့မထ ၂၅ မှတ်ဆန်ဈေးနှုန်းများ ဈေးနှုန်းတည်ငြိမ်နေပြီး ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၆၉-၃၇၂ တွင်ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၇၁-၃၇၄ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်။ အားကောင်းနေသည့် ရူပီးငွေတန်ဖိုးကြောင့် ဆန်ဈေးကို မဖြစ်မနေ မြှင့်တင်လာရခြင်းဖြစ်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေး လုပ်ငန်းတစ်ခုနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် မွမ်ဘိုင်းမြို့အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကိုသိရှိရသည်။

အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကုန်သည်များသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့ရေးစာချုပ်ချုပ်နိုင်ရန် ဆွေးနွေးနေကြောင်း ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီး Abdur Razzak က ယခုတစ်ပတ်အစောပိုင်းတွင် ပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ဆန်တန်ချိန် နှစ်သိန်းမှ သုံးသိန်းအထိ တင်ပို့နိုင်ဖွယ်ရှိပြီး ပေါင်းဆန်ထုတ်လုပ်မှုများသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆန်တင်ပို့မှုကို ကာလရှည်ပိတ်ပင်ခဲ့ရာမှ ယခုအခါ ပြန်လည်ခွင့်ပြုခဲ့ပြီး ပြည် တွင်း၌ ဆန် ဈေးကျဆင်းနေချိန် တောင်သူများ အထောက်အပံ့ရ ရှိရန် ပြည်ပသို့ဆန်တန်ချိန် တစ်သန်းခွဲအထိ တင်ပို့နိုင်ရေး မျှော်မှန်းထားကြောင်းသိရှိရသည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်၏ ပြည်တွင်းဆန်ဈေး ကျဆင်းနေသည့်တိုင် အိန္ဒိယနှင့်ထိုင်းတို့၏ ဆန်ဈေးထက် ဈေးပိုမြင့်နေခြင်းကြောင့် ဘင်္ဂလားဒေ့ရှ် ဆန်ကို ပြည်ပသို့ တင်ပို့နိုင်ရေး အခက်တွေ့နေကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင်၃၄၀-၃၄၅ ဒေါ်လာ၌ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၂၃-၃၃၅ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်။ ထိုသို့ကျဆင်းမှုမှာ ဗီယက်နမ်၏ နွေနှောင်းစပါးရိတ်သိမ်းမှု အရှိန်မြင့်တက်လာခြင်းကြောင့် ဖြစ်သည်ဟု ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။ ဗီယက်နမ်နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့၏ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်မှာ တနင်္ဂနွေနေ့တွင် စတင်သက်ရောက်မည်ဖြစ်ရာ အီးယူသို့ဗီယက်နမ်ဆန်တင်ပို့မှု မြင့်တက်လာနိုင်ကြောင်း သိရှိရသည်။ သို့ရာတွင် အီးယူဈေးကွက်သို့ဗီယက်နမ်ဆန် တင်ပို့ရာတွင် နည်းပညာအဟန့်အတားများနှင့် ထိုင်း၊ ကမ္ဘောဒီး ယားနိုင်ငံတို့၏ ဈေးကွက်ယှဉ်ပြိုင်မှုများကို ကြုံတွေ့ကြရမည်ဖြစ်ကြောင်း၊ အီးယူ သည် ဗီယက်နမ်ဆန်ဝယ်ယူမှုကို တစ်နှစ်လျှင် တန်ချိန် ၈၀၀၀၀ အထိသာ ကန့်သတ်ထားမည်ဟု လည်းသိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံ၏ ငါးမှတ်ဆန် ဘန်ကောက် FOB ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင်၃၉၅-၄၁၅ ဒေါ်လာအကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင်၃၉၂-၄၁၃ ဒေါ်လာသို့အနည်းငယ်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံ၌လည်း ဆန်ဝယ်လိုအား ကျဆင်းလာခြင်းကြောင့် ပြည်တွင်း ဆန်ဈေးများကျဆင်းခဲ့ကြောင်း သိရှိရသည်။ ထိုင်းဘတ်ငွေ တန်ဖိုးမြင့်တက်နေခြင်းသည် ထိုင်းဆန်ကိုပြည်ပ ဈေးကွက်တွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုနည်းစေခြင်းဖြစ်ကြောင်း၊ ဘတ်ငွေတန်ဖိုး ဆက်လက်အားကောင်းနေပါက မိမိတို့အနေဖြင့် ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့နှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း ဗန်ကောက်မြို့အခြေစိုက်ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရသည်။

ပြည်တွင်း ဆန်စပါးသတင်းများအနေဖြင့် ယခုရက်ပိုင်းအတွင်း မန္တလေးဆန်ဈေးကွက်၌ ဆန်ကြမ်းဈေးနှုန်းများ အနည်းငယ်ဈေးမြင့်တက်လာကြောင်း မန္တလေးမြို့ ဆန်ကုန်သည်များထံမှသိရှိရသည်။ ဆန်ဈေးများ မြင့်တက်လာရခြင်းမှာ ပြီးခဲ့သည့် ဇွန်လအတွင်းက ရန်ကုန်ဆန်ဈေးကွက်၌ ဈေးနှုန်းများမြင့်တက်လာသည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ပေါ်ဆန်းဆန်ဈေးမှာ ဈေးအေးနေပြီး ကျန်အမျိုးအစား ဆန်များအားလုံး အနည်းငယ် ဈေးတက်လာကြောင်း၊ လက်ရှိအချိန်တွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ ဆန်များ ဈေးကွက်ထဲသို့ဝင်ရောက်လာပြီဖြစ်သော်လည်း ဆန်ကြမ်းဈေးနှုန်းများပါ မြင့်တက်လာသည့်အပြင် တောင်ပေါ်ဒေသများတွင်လည်း မိုးရာသီသို့ရောက်ရှိလာပြီဖြစ်၍ ရာသီဥတုကြောင့် ဆန်အရောင်းအဝယ်မရှိသည့်အတွက် မန္တလေးဈေးကွက်မှာ အရောင်းအဝယ်အေးနေကြောင်း၊ တောင်ပေါ်လမ်းကြောင်းပွင့်လာလျှင် ဆန်အရောင်းအဝယ် ပြန်ဖြစ်လာနိုင်ကြောင်း သိရှိရသည်။

မန္တလေးဈေးကွက်တွင် လက်ရှိ ဆန်ဈေးနှုန်းများမှာ ရွှေဘိုဘေးကြားပေါ်ဆန်းဆန် တစ်တင်းခွဲအိတ် တစ်အိတ်လျှင်ကျပ် ကျပ် ကျပ်၊ ၄၆၀၀၀ မှ ၅၂၀၀၀၊ ရန်ကုန်ပေါ်ဆန်းဆန် တစ်အိတ်လျှင်ကျပ် ၄၀၀၀၀ မှ ၄၄၀၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ မှ ၃၂၀၀၀၊ ကောက်ညှင်း(အသွယ်) တစ်အိတ်လျှင် ကျပ်၊ ၅၄၀၀၀ မှ ၅၆၀၀၀၊ မဂျမ်းတောဆန်တစ်အိတ်လျှင်ကျပ်၄၁၀၀၀ မှ ၄၂၀၀၀၊

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၅ | ၀.၈၅ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၇ | ၁.၃၀ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၇၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၅ | ၀.၈၄ |
| ၉ | လာအို | လီတာ | ၁.၂၅ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီတစ် လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက် ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၉၅ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၃ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | ဘာဘေဒို့ | လီတာ | ၁.၉၁ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | C.A. Republic | လီတာ | ၁.၈၈ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၈၄ |
| ၂ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၇၉ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၉ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်း များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၃၀ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၆ |


Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၅.၇.၂၀၁၉ | စည် | ၅၇.၃၄ |
| ၂ | ၈.၇.၂၀၁၉ | စည် | ၅၇.၆၆ |
| ၃ | ၉.၇.၂၀၁၉ | စည် | ၅၇.၈၃ |
| ၄ | ၁၀.၇.၂၀၁၉ | စည် | ၆၀.၄၃ |
| ၅ | ၁၁.၇.၂၀၁၉ | စည် | ၆၀.၂၀ |
| source : http://www.oil-price.net/ | | | |

၂၀၁၉ ခုနှစ် မေ ၁၃ ရက်မှ ဇူလိုင်၈ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဆက်တိုက်မြင့်တက်လာသော ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၅ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၁၄ ဒေါ်လာဖြစ်ပေါ်ခဲ့ရာမှ ပြန်လည်ကျဆင်းလာခဲ့သော်လည်း ဇူလိုင် ၁၁ ရက်တွင် ၁၄၂၂ ဒေါ်လာသို့ ပြန်လည် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးမှာ အတက်အကျများဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင်လည်း ဇူလိုင် ၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၂၃၅၀၀ အထိ မြင့်တက်လာခဲ့ပြီး ဇူလိုင် ၆ ရက်တွင် ကျပ် ၁၁၁၈၀၀၀ သို့ပြန်လည်ကျဆင်းလာခဲ့ကာ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၃၅၀၀ ပြန်လည်မြင့်တက်ခဲ့သည်ကို ရွှေဘုံသာရွှေဈေးကွက်အတွင်းမှ သိရှိရ သည်။

တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပေါ်နေသည့် ကာလအတွင်း ကုန်သွယ်ရေးနှင့် ပထဝီနိုင်ငံရေးတင်းမာမှုများကို အကြောင်းပြု၍ ကမ္ဘာ့စီးပွားရေးအပေါ် စိုးရိမ်ပူပန်မှုများကြောင့် တရုတ်ဗဟိုဘဏ် တာဝန်ရှိသူများသည် အမေရိကန်ဒေါ်လာအစား အရန်ရွှေကို လစဉ်တိုးမြှင့်စုဆောင်းခဲ့ရာ တရုတ်ဗဟိုဘဏ်က ယခုရက်ပိုင်းအတွင်း ထုတ်ပြန်သည့် ကြေညာချက်၌ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ်၊ မေလကုန်အထိကာလအတွင်း ရွှေတန်ချိန် ၇၄ တန်ခန့် အသားတင်ဝယ်ယူနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း၌လည်း ရွှေတန်ချိန် ၁၀ ဒသမ ၃ တန်ခန့်ကို ထပ်မံဝယ်ယူနိုင်ခဲ့သောကြောင့် တရုတ်နိုင်ငံသည် လက်ရှိ ၇ လတာကာလအတွင်း စုစုပေါင်းရွှေတန်ချိန် ၈၄ ဒသမ ၃ တန်ခန့်ကို အသားတင်ဝယ်ယူနိုင်ခဲ့ကြောင်း၊ လက်ရှိ အချိန်၌ တရုတ်ဗဟိုဘဏ် ၏ အရန်ရွှေပိုင်ဆိုင်မှု စုစုပေါင်းပမာဏမှာ တန်ချိန် ၁၉၃၅ ဒသမ ၆၂၅ တန်ခန့်ရှိသည်ဟုဖော်ပြထားကြောင်း သိရှိရသည်။

တရုတ်နိုင်ငံကဲ့သို့ပင် ပိုလန်နိုင်ငံသည်လည်း ၂၀၁၉ ခုနှစ်၊ နှစ်ဆန်းမှ ဇွန်လကုန်အထိ ကာလအတွင်း ရွှေတန်ချိန် ၁၂၅ ဒသမ ၇ တန်ကို ဝယ်ယူခဲ့ပြီး အရန်ရွှေပမာဏကို နှစ်ဆခန့်တိုးမြှင့်ကာ

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၇-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၃၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်း အလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၀-၇-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၄ ဒသမ ၂၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 10-Jul-19 | 13.17 cts/lb | 12.98 cts/lb | 324.25 $/T | 14.71 cts/lb |
| 9-Jul-19 | 13.04 cts/lb | 12.97 cts/lb | 322.35 $/T | 14.62 cts/lb |
| 8-Jul-19 | 13.11 cts/lb | 12.97 cts/lb | 324.35 $/T | 14.71 cts/lb |
| 5-Jul-19 | 13.02 cts/lb | 12.97 cts/lb | 323.05 $/T | 14.65 cts/lb |
| 4-Jul-19 | 13.09 cts/lb | 12.97 cts/lb | 323.50 $/T | 14.67 cts/lb |
| 3-Jul-19 | 13.16 cts/lb | 12.98 cts/lb | 324.45 $/T | 14.72 cts/lb |
| 2-Jul-19 | 13.00 cts/lb | 12.97 cts/lb | 322.70 $/T | 14.64 cts/lb |
| 1-Jul-19 | 13.20 cts/lb | 12.97 cts/lb | 329.30 $/T | 14.94 cts/lb |
| Source: www.isosugar.org | | | | |

၂၀၁၉ ခုနှစ် ဇူလိုင်လဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၇၇၅ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၁၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၁၉-၄၃၁၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၇၁-၆၁၃ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့် တက်လျက်ရှိပြီး၊ ပါကစ္စတန်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရ သည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၅၁ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၅၂ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၅ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၃ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန် လျှင် အမေရိကန် ဒေါ်လာ ၅၂၇ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနားနှင့် ဘားအံမြို့ တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၂၈ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လဒုတိယပတ်အတွင်း ပြည်တွင်း သကြား ဈေးနှုန်းမှာတည်ငြိမ်လျက်ရှိကြောင်း လေ့လာ တွေ့ရှိရသည်။

Vol: 19, No.26 Monday July 15 2019

# FDA Mobile Lab ဖြင့် ဈေးများသို့ ကွင်းဆင်းစစ်ဆေး

မုံရွာမြို့ပေါ်ရှိ ဈေးများအား ဇွန် ၇ ရက်တွင် မဟာဗန္ဓုလဈေး (မြို့သစ်ဈေး)၊ ဇွန် ၁၀ ရက်တွင် နန္ဒဝန်ဈေး၊ ဇွန် ၂၆ ရက်တွင် အောင်ချမ်းသာဈေးသို့ Mobile Laboratory Van ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) က ဦးဆောင်၍ မိတ်ဖက်ဌာနများဖြစ်သော စားသုံးသူရေးရာဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် ဈေးစားသုံးသူရေးရာအဖွဲ့ဝင်များပူးပေါင်းကာ စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဈေးများအတွင်း ရောင်းချနေသာ လက်ဖက်ချဉ်၊ ချင်းချဉ်၊ သရက်ချဉ်၊ ပဲတီချဉ်၊ နှမ်းဖတ်ချဉ်၊ ငါးပိ၊ ဝက်အူချောင်း၊ ပဲပြား၊ မုန့်တီဖတ်၊ သခွားချဉ်၊ သံပုရာချဉ်၊ ဇောင်ချမ်းချဉ်၊ စသည်တို့ကို မဟာဗန္ဓုလဈေး (မြို့သစ်ဈေး) တွင် ရောင်းချနေသော ဈေးဆိုင် ၁၀ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၂၁ မျိုး၊ နန္ဒဝန်ဈေးတွင် ရောင်းချနေသော ဈေးဆိုင် ၂၄ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၄၀ မျိုးနှင့် အောင်ချမ်းသာဈေးတွင် ရောင်းချနေသော ဈေးဆိုင် ၂၆ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၄၉ မျိုး တို့ကို နမူနာဝယ်ယူပြီး ခွင့်မပြုဆိုးဆေးနှင့် တားမြစ်ဓာတုပစ္စည်းများပါဝင်မှုရှိ/မရှိ စစ်ဆေးခဲ့ကြောင်းသိရသည်။

စားသုံးသူ အခွင့်အရေးဖြစ်သော ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုခွင့်ရရှိစေရေး ကွင်းဆင်းဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာနက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စန်းစန်းဝေ( မုံရွာ)**

## စာမျက်နှာ (၈) မြန်မာ့ဆန် တရုတ်နိုင်ငံသို့ . . . မှအဆက်

သက်သေခံလက်မှတ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကို တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ကြောင်း ရှိ၊ မရှိတို့ကို စစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်တွင် စပါးစိုက်ခင်းများတွင် လည်းကောင်း၊ သိုလှောင်ရုံများတွင်လည်းကောင်း၊ ဆန်စက်များတွင်လည်းကောင်း၊ ဖျက်ပိုးမွှား အသစ်များတွေ့ရှိပါက တရုတ်နိုင်ငံဘက်သို့ ချက်ချင်း အကြောင်း ကြားရမည်ဖြစ်သည်။ ဤသို့အချိန်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပိုးမွှားရောဂါများအား ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပူးတွဲလုပ်ဆောင်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ ပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ စေလွှတ်မည်ဖြစ်သည်။ ဖျက်ပိုးမွှားများဆိုးရွားစွာ ပြန့်ပွားမှုကြုံရပါက တရုတ်နိုင်ငံအနေဖြင့် ဖျက်ပိုးမွှားအန္တရာယ်အကဲဖြတ်ခြင်းနှင့် ပိုးမွှားပြန့်ပွားမှုထိန်းချုပ်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အထက်ဖော်ပြပါ တရုတ်နိုင်ငံသို့ ဆန်များတင်ပို့မည်ဆိုလျှင် မြန်မာဘက်က သတ်မှတ်ချက်များနှင့် တရုတ်နိုင်ငံဘက်က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ကြည့်လျှင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ကိုတာခွဲတမ်းရရှိပြီး သဘောတူလက်မှတ်ရေးထိုးပြီးရုံဖြင့် ဆန်တင်ပို့ရန်မှာ လွယ်လှသည့် အလုပ်မဟုတ်သည်ကို ရိပ်စားမိကြဖို့လိုပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ ပို့ကုန်၊ သွင်းကုန်များနှင့် ပတ်သက်ပြီး စားနပ်ရိက္ခာများ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီရေးနှင့် စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရင်း ဤသို့တင်းကြပ်လာခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့နေသော နိုင်ငံများမှာ မြန်မာနိုင်ငံအပါအဝင် ၁၀ နိုင်ငံရှိပါသည်။ အခြားနိုင်ငံများသည် တရုတ်နိုင်ငံမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာကြသဖြင့် နှစ်စဉ်ဆန်တင်ပို့ခွင့် ကိုတာခွဲတမ်း ပုံမှန်ရရှိနေကြပြီး အချို့ယုံကြည်မှုရရှိ သွားကြသဖြင့် ကိုတာခွဲတမ်း ပိုမိုရရှိကြသည်လည်းရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၄-၂၀၁၅ခုနှစ်က တစ်ကြိမ်တရုတ် နိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်းကိုတာခွဲတမ်းရရှိခဲ့ဖူးပါသည်။ ယခုအခါ တစ်ကြိမ် ဆန်တန်ချိန်တစ်သိန်းကိုတာခွဲတမ်းရရှိခဲ့ပြန်ပါသည်။ ဤအခွင့်အရေးကို မိမိဘက်မှ သတ်မှတ်ချက်များကို အလေးထားဆောင်ရွက်ရင်း အခွင့်အရေးအမိအရယူသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရန် နှစ်စဉ်ဆန်ကိုတာ ခွဲတမ်းမရရှိခဲ့ သည်မှာ ဆင်ခြင်စရာဖြစ်ပါသည်။ သူများနိုင်ငံကလုပ်နိုင်လျှင် မိမိနိုင်ငံ ကလည်း လုပ်နိုင်ရမည်ဟူသော စိတ်ဓာတ်ရှိဖို့လိုပါသည်။ အမှန်စင်စစ်မှာ တရုတ်နိုင်ငံသို့ တင်ပို့ရန် နှစ်စဉ်ပုံမှန် ကိုတာခွဲတမ်းရရှိနေရန်မှာ တရုတ်နိုင်ငံဘက်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အလေးအနက်ထား၍ တိကျစွာ လိုက်နာကျင့်သုံးပြရင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ယုံကြည်မှုခိုင်မာအောင် တည်ဆောက် ရန် လိုအပ်ပါသည်။ ဤသို့ဆိုလျှင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် နှစ်စဉ်ပုံမှန်ကိုတာခွဲတမ်းရရှိနေမည့်အပြင် တဖြည်းဖြည်းကိုတာ ခွဲတမ်းပိုမိုရရှိနိုင်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

# ကလေးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် (၆/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက်တွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ယင်းအစည်းအဝေးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက ခရိုင်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အစည်းအဝေး လစဉ်တစ်ကြိမ်လုပ်နေရသည်ဆိုသော်လည်း စားသုံးသူပြည်သူတို့ ကျန်းမာရေးအတွက် ဆောင်ရွက်သင့်ကြောင်း၊ ယခုအစည်းအဝေးတွင် တက်ရောက်လာသူများမှလည်း ဆွေးနွေးပေးရန် စားသုံးသူရေးရာဦးစီးဌာနမှလည်း ယခုအစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို တင်ပြပြပေးစေလိုကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစိုးအောင်က မိမိတို့ဌာန၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ဆောင်ရွက်ဆဲ အစီအမံများကို ဆွေးနွေးပြောကြားခဲ့သည်။

**ဇင်မိုးဝါ(ကလေးမြို့)**

# GV Haidysheng Dryer Co.,Ltd မှ စပါးအခြောက်ခံများမိတ်ဆက်ပြသ

စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ၂၀၁၉-၂၀၂၂ သက်တမ်းအတွက် တိုင်းခွဲအသင်း ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားတွင် GV Haidysheng Dryer Co.,Ltd မှ လာရောက်၍ စပါးအခြောက်ခံများမိတ်ဆက်ပြသခဲ့သည်။

ကုမ္ပဏီမှ တာဝန်ရှိသူများက Dryer production၊ Boiler production၊ Control box and moisture meter production ထုတ်လုပ်မှုများအကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး လက်ရှိအနေဖြင့် ပဲခူး၊ ခရမ်း၊ ပြည်၊ တောင်ကြီး၊ ရွှေဘိုမြို့များတွင် တပ်ဆင်ထားပြီးဖြစ်သည်။

**မြင့်ဗိုလ်ဗိုလ်ဟိန်း(ပဲခူး)**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်

ခေတ်နှင့်လျော်ညီ စွာ စီမံကိန်းများစွာဖြင့် စနစ်တကျအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်းအခြေခံပညာကို ကောင်းစွာ သင်ယူတတ်မြောက်ရေး၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းလာရေးဟူသည့် တစ်မျိုးသားလုံးပညာရေးမျှော်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားပြီး ၂၀၁၉ ခုနှစ်၊ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ၁၈၈ သိန်းကျော်အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်ရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝင့်မိုးအောင်အား ရွှေတစ်ကျပ်သားဆွဲပြားအား ပေးအပ်ချီးမြှင့်ပြီး သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်ဌေး၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်သင်းသင်းနုတို့က နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုများအသီးသီးချီးမြှင့်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်တို့က သင်တန်းများတွင် ထူးချွန်စွာ ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား ဆုများအသီးသီးပေးအပ်ပြီး ဆုရရှိကြသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး . . . မှအဆက်

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်များတွင် နည်းပညာအကူအညီများ ပေးနိုင်ရေးကိစ္စရပ်များ၊ ကမ္ဘာ့မူပိုင်ခွင့်ဆိုင်ရာရုံးချုပ်တွင် ညွှန်ကြားရေးမှူးချုပ် Mr. Francis Gurry နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် IP Office ထူထောင်နိုင်ရေးလိုအပ်သည့် နည်းပညာအကူအညီများပေးရေးကိစ္စရပ်များ၊ Switzerland သံရုံးမှ Head of Trade Promotion Unit ဖြစ်သူ Ms. Monica Rabiolo နှင့် International Trade Centre မှ Executive Director ဖြစ်သူ Ms. Arancha Gonzalez တို့နှင့်လည်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Tourism Sector ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒုတိယဝန်ကြီးသည် United Nations Conference on Trade and Development (UNCTAD) ၏ ITC Division Director ဖြစ်သူ Ms. Shamika Sirimanne နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ E-Commerce Strategy Formulation ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးပွဲများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး၊ WTO သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန် လျှင်ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၄၀၀၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၁၀၀ နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၀၉၁ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် Yangon Denko စက်သုံးဆီ ဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၂၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၃၀၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၈၁၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၉၀၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံး ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

နွေဇီယာတစ်အိတ်လျှင် ကျပ်၄၁၀၀၀ မှ ၄၂၅၀၀၊ အညာသားတစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ၂၅၀၀၀၊ မြိုးကောက်ဆန် တစ်အိတ်လျှင်ကျပ် ၂၇၀၀၀ မှ ၂၈၀၀၀ ဈေးများဖြင့် အရောင်းအဝယ် ပြုလုပ်နေကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၀ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင်ကျပ် ၂၀၂၄၀ မှ ကျပ် ၂၀၄၆၀ အထိပေါက် ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇူလိုင် ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်းပေါက် ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇူလိုင် ၅ ရက်မှ ၁၁ ရက် အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့ နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့ သည်ကို တွေ့ရှိရသည်။

Trading Economics Website၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၁၁ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်သည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၅.၇.၂၀၁၉ | ၈.၇.၂၀၁၉ | ၉.၇.၂၀၁၉ | ၁၀.၇.၂၀၁၉ | ၁၁.၇.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၄၀၀ | ၂၀၄၀၀ | ၂၀၄၀၀ | ၂၀၄၀၀ | ၂၀၅၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၄၀၀ | ၁၉၄၀၀ | ၁၉၄၀၀ | ၁၉၄၀၀ | ၁၉၅၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၂၀၀ | ၁၈၃၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၆၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၇၈၀၀ | ၁၈၀၀၀ | ၁၈၂၀၀ | ၁၈၃၀၀ | ၁၈၃၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၃၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၈၀၀ | ၂၀၈၀၀ | ၂၀၈၀၀ | ၂၀၆၀၀ | ၂၀၆၀၀ |

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

စုစုပေါင်းတန်ချိန် ၂၂၈ ဒသမ ၆ တန်ခန့် ထားရှိခဲ့သည့်အတွက် ပိုလန်နိုင်ငံသည် ယခုအခါ အရန်ရွှေ အများဆုံးပိုင်ဆိုင်ထားသည့် ဥရောပနိုင်ငံများစာရင်းတွင် အမှတ် ၁၁ နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။

လန်ဒန်အခြေစိုက် ကမ္ဘာ့ရွှေကောင်စီက လွှင့်ခဲ့သည့်လပိုင်းအတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ ဗဟိုဘဏ်အသီးသီး၏ ရွှေဝယ်ယူစုဆောင်းမှု ပမာဏမှာ ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး စုစုပေါင်းတန်ချိန် ၆၅၁ ဒသမ ၅ တန် ခန့်ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းကို အကြောင်းပြု၍ တရုတ်၊ ရုရှားအပါအဝင် နိုင်ငံအသီးသီးရှိ ဗဟိုဘဏ်များ၏ ဝယ်လိုအားမြင့်တက်မှုကြောင့် ဗဟိုဘဏ်အားလုံး၏ ဝယ်ယူမှုစုစုပေါင်းပမာဏမှာ ၂၀၁၉ ခုနှစ်၌ စုစုပေါင်းတန်ချိန် ၇၀၀ ခန့် အထိရှိနိုင်ကြောင်း www.bloomberg.com အင်တာနက် website တွင် ဖော်ပြပါရှိသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်ပတ်က နှစ်များစွာအတွင်း အမြင့်ဆုံး အတိုင်းအတာတစ်ခုသို့ ရောက်ရှိခဲ့ပြီးနောက် ထပ်မံ၍လည်း မြင့်တက်လာနိုင်ပြီး ယခုနှစ် နှစ်မကုန်ခင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်အထိမြင့်တက်လာနိုင်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် လန်ဒန်အခြေစိုက် Independent Strategy မှ David Roche က ခန့်မှန်းပြောဆိုခဲ့သည်ကို သိရှိရသည်။

Spot gold ရွှေဈေးသည် ပြီးခဲ့သည့် ဇွန်လ ၂၅ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၂၂ ဒသမ ၈၅ ဒေါ်လာအထိ ဖြစ်ပေါ်ခဲ့ပြီး ထိုအခြေအနေသည် ခြောက်နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့ကြောင်း၊ မကြာသေးခင် ကာလအတွင်းကလည်း အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းလျှော့ချမည့် အလားအလာ မျှော်မှန်းချက်များ ထွက်ပေါ်လာခဲ့ခြင်း၊ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှု၊ စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ခြင်းတို့ကြောင့် ရွှေဈေးနှုန်းသည် အတက်ဘက်ကို ဦးတည်နေခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဇူလိုင် ၈ ရက် တွင် ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ် ပြန်ကျသွားခဲ့သော်လည်း ဇူလိုင်လ ၁၁ ရက်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း www.cnbc.com အင်တာနက် website တွင်ဖော်ပြထားသည်ကို လေ့လာသိရှိရ သည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂ ရက်မှ ၁၁ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၇.၂၀၁၉ | ၁၁၀၅၀၀၀ | ၁၃၉၃ |
| ၂ | ၃.၇.၂၀၁၉ | ၁၁၂၀၅၀၀ | ၁၄၂၅ |
| ၃ | ၄.၇.၂၀၁၉ | ၁၁၁၉၅၀၀ | ၁၄၁၅ |
| ၄ | ၅.၇.၂၀၁၉ | ၁၁၂၃၅၀၀ | ၁၄၁၄ |
| ၅ | ၆.၇.၂၀၁၉ | ၁၁၁၈၀၀၀ | ၁၃၉၉ |
| ၆ | ၇.၇.၂၀၁၉ | ၁၁၁၆၅၀၀ | ၁၃၉၉ |
| ၇ | ၈.၇.၂၀၁၉ | ၁၁၂၃၀၀၀ | ၁၄၀၅ |
| ၈ | ၁၀.၇.၂၀၁၉ | ၁၁၂၄၅၀၀ | ၁၃၉၆ |
| ၉ | ၁၁.၇.၂၀၁၉ | ၁၁၃၃၅၀၀ | ၁၄၂၂ |

Source: estimate of world's exchange rate and gold price page



ငွေကြေးတန်ဖိုးမှာ အားပျော့လာခဲ့သည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးအသာစီး ရရှိစေရန်အတွက် ယွမ်ငွေနှင့် ယူရိုငွေကြေးတန်ဖိုးများအား ဖြစ်သင့်ဖြစ်ထိုက်သည့် အနေအထားအောက် လျှော့ချထားခြင်း၊ ငွေကြေးဈေးကွက်အတွင်းသို့ ယွမ်ငွေနှင့် ယူရိုငွေ အများအပြား ဖြည့်တင်းပေးခြင်း အစရှိသည့် နည်းလမ်းများကို အသုံးပြုလျက်ရှိရာ အမေရိကန်ပြည်ထောင်စုသည်လည်း တရုတ်နှင့် ဥရောပသမဂ္ဂတို့ကို စီးပွားရေးအရ ယှဉ်ပြိုင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာတန်ဖိုးအား တမင်လျှော့ချထားသည့် နည်းလမ်းကို ကျင့်သုံးသင့်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် ၎င်း၏တွစ်တာစာမျက်နှာပေါ်၌ ရေးသားဖော်ပြခဲ့ကြောင်း သိရှိရသည်။

သမ္မတထရမ့်၏ တွစ်တာစာမျက်နှာပေါ် တွင် ရေးသားချက်ပေါ်ပေါက်ပြီးနောက်တွင် ကမ္ဘာ့ငွေကြေးဈေးကွက်အတွင်း၌ အမေရိကန်ဒေါ်လာတန်ဖိုးမှာ ကျဆင်းသွားခဲ့ကြောင်း၊ ဇူလိုင်လ ၄ ရက်သည် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် အမေရိကန်နိုင်ငံတစ်ဝန်းရှိ ငွေကြေးဈေးကွက်များ ပိတ်ထားသောကြောင့်လည်း ငွေကြေးအရောင်းအဝယ်များ ရပ်ဆိုင်းခဲ့ကြောင်း၊ ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့ငွေကြေး ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးမှာ ဆက်လက်အားပျော့လျက်ရှိပြီး အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ငွေ ၁၀၈ ဒသမ ၀၁၅ ယန်း၊ တရုတ်ငွေ ၆ ဒသမ ၈၇ ယွမ်နှင့် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၆၁ ဒေါ်လာ လဲလှယ်မှုနှုန်းများ၌ ဆက်လက်ဖြစ်ပေါ် လျက်ရှိကြောင်း www.cnbc.com အင်တာနက် website တွင် ဖော်ပြထားသည်ကို သိရှိရသည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဇူလိုင်လပထမပတ်အတွင်း ဈေးကွက်အတွင်းမှ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ အဆိုပါဒေါ်လာ ၁၀ သန်းကို ဇူလိုင် ၃ ရက်မှ ၅ ရက် အတွင်း ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် ဝယ်ယူခဲ့ခြင်းမရှိကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ဈေးကွက်အတွင်းမှ ဒေါ်လာများဝယ်ယူခြင်းမှာ Interval Market ၏ သဘောသဘာဝအရ ဘဏ်များဘက်မှ လိုအပ်လာ၍ ရောင်းချသည့်အခါ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်လို့ရသည့်အချိန်တွင် ဝယ်ယူခြင်းမျိုးဖြစ်ပြီး မည်သည့်ကိစ္စကြောင့် လိုက်ဝယ်သည် ဆိုသည်မျိုး မဟုတ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့ သည်ကို သိရှိရသည်။

ပြီးခဲ့သည့် ဇွန်လကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒေါ်လာ ၁၈ သန်းဝယ်ယူခဲ့ပြီး ၉ ရက်အတွင်း ဝယ်ယူခဲ့သည့် ပမာဏ ဖြစ်ကြောင်း၊ ဇွန်လအတွင်း ဝယ်ယူမှုတွင် ဇွန် ၂၈ ရက်က အများဆုံးပမာဏဖြင့် တစ်ရက်တည်း အမေရိကန် ဒေါ်လာ ၄ သန်းအထိ ဝယ်ယူခဲ့ ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၅-၇-၁၉ | ၈-၇-၁၉ | ၉-၇-၁၉ | ၁၀-၇-၁၉ | ၁၁-၇-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၀၄.၀ | ၁၅၀၆.၉ | ၁၅၀၇.၈ | ၁၅၁၂.၀ | ၁၅၁၂.၀ | ၀.၅၃ | ⬆ |
| ၂ | Thai Baht | THB | ၃၀.၆၆၅ | ၃၀.၆၅၅ | ၃၀.၈၃၅ | ၃၀.၈၄၅ | ၃၀.၆၀၅ | -၀.၂၀ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၅၆ | ၁.၃၅၇ | ၁.၃၆၂ | ၁.၃၆၁ | ၁.၃၅၅ | -၀.၀၇ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၄ | ၄.၁၄၁ | ၄.၁၄၄ | ၄.၁၃၈ | ၄.၁၁၅ | -၀.၄၇ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၀၈၂ | ၁၄၁၁၀ | ၁၄၁၃၀ | ၁၄၁၃၀ | ၁၄၀၆၅ | -၀.၁၂ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၈၇၈ | ၆.၈၈၀ | ၆.၈၈၇ | ၆.၈၈၂ | ၆.၈၆၆ | -၀.၁၇ | ⬇ |
| ၇ | Indian Rupee | INR | ၆၈.၄၂၉ | ၆၈.၇၂၇ | ၆၈.၆၄၉ | ၆၈.၅၇၁ | ၆၈.၄၀၄ | -၀.၀၄ | ⬇ |
| ၈ | Japanese Yen | JPY | ၁၀၈.၀၀၅ | ၁၀၈.၃၈၇ | ၁၀၈.၉၂၁ | ၁၀၈.၉၃၄ | ၁၀၈.၀၆၂ | ၀.၀၄ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၂၅ | ၁.၄၃၁ | ၁.၄၄၂ | ၁.၄၄၅ | ၁.၄၃၃ | ၀.၅၆ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၈၈ | ၀.၈၉၀ | ၀.၈၉၃ | ၀.၈၉၁ | ၀.၈၈၇ | -၀.၁၁ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၆ | ၀.၇၉၈ | ၀.၈၀၂ | ၀.၈၀၂ | ၀.၇၉၈ | ၀.၂၅ | ⬆ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၅ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၀၄ ကျပ်ရှိခဲ့ရာမှ ဇူလိုင် ၁၁ ရက်တွင် ၁၅၁၂ ကျပ် ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၅၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန် ၄ ရက်မှ ဇူလိုင် ၁၁ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး ဇူလိုင် ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်၊ ဇူလိုင် ၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၀ ကျပ်၊ ဇူလိုင် ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၂ ကျပ်၊ ဇူလိုင် ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်၊ ဇူလိုင် ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## Kaung Myat Kabar Trading Co.,Ltd

Fusion fiberglass





KMK Granite & Marble



သဘာဝကျောက်ပြားနှင့် Marble ကျောက်ပြားရောင်းဝယ်ရေး

ဖိုက်ဘာရေတိုင်ကီများ၊ ဖိုက်ဘာလှေအမျိုးမျိုးနှင့် ဖိုက်ဘာကားပစ္စည်းအမျိုးမျိုး အုတ်ကန်များကို ဖိုက်ဘာလောင်းပေးခြင်း၊ ရေလျှောလျှောများစသည်တို့ကို စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။

Showroom(1) အမှတ်(၂)၊အနောက်ရွှေဂုံတိုင်(၄)လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
Ph:09 777555522, 09777555533

Showroom(2) အမှတ်(၅၂ - အေ)၊မြေညီထပ်၊သမိန်ဗရမ်းလမ်းမကြီး၊ပုညဝိပ္ပနလမ်းထောင့်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။
Ph: 09 450022218, 09 450022219

Workshop အမှတ်(၁၃၇)၊လက်ဝဲသုန္ဒရဦးမြစ်လမ်း၊အရှေ့ဒဂုံတိုးချဲ့စက်မှုဇုန်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်မြို့။
Ph: 09 777555522, 09 777555533, 09 450022218

## Ever Genius Services Co., Ltd.

*(Seafarer Recruitment and Placement Service Provider)*

EVER GENIUS

ISO 9001:2015 Cert.56821


We are Seafarer Recruitment and Placement Service Provider (SRPS) for Myanmar Seamen.

Mr Than Swe

Mobile 095189469

Add : No.281/A, 5F-A, Middle Shwe Gon Dine, Bahan, Yangon, Myanmar.
Tel : 09254774955.
Fax : 01552783
Email : evergenius.mm@gmail.com

## THAN HTIKE ELECTRONIC



Sun Show Solar



Pro Mark Sound Box



Jagar Freezer



Jagar Air Cooler

No. 151, Bo Ywe St., Lathar Tsp, yangon.
01-389663, 379203, 395546
No. 179, Mg Kyan Thee St, Shwe Lin Ban Industrial, Hlaing Thar Yar Tsp, yangon.
01 3613933
09-31950550, 09-73882233
thanthike111077@gmail.com

## PACIFIC GROUP LTD.

ITALIANO FURNITURE CENTER





Shrowroon : No.4009, 4010, Lever 3, Taw Win Centre, Pyay Road, Dagon Township, Yangon, Myanmar.
Tel : 01 8600096,, 09 5131074, 09 965131074,
Email : pacificgroupltd@gmail.com
Web : www.italianofurniturenmm.com



ညတိုင်းတက်နိုင်မယ့်
လက်မောင်းတွင်းထည့်
သားဆက်ခြားပစ္စည်း
ပထမဆုံးသော
lydia™
လေဒီယာ
Implanex II
lydia
Implanex II
2x 75mg Levonorgestrel Implants; 1 trocar
Hotline
09894777262
lydiamyanmar
dkt
INTERNATIONAL




Mo Mo International
Trading Co.,Ltd.
TM
Lovely
Super Soft
Baby
pull up baby diaper
အမှတ်(၆၃)၊ ဘုရင့်နောင်လမ်း၊ (၂၇)ရပ်ကွက်၊
ရွှေပင်လုံအိမ်ယာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
Ph:09 4331 8888

NWT
NEW WORLD TRADING CO.,LTD.
Black Matpe (S.Q)
Green Mung Beans
NEW WORLD TRADING CO., LTD.
Toor Whole
Black Matpe (F.A.Q)
ADD : No.504(GROUND FLOOR), STRAND ROAD, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL : 951-226235, 951-226277, Fax : 951-227640
E-mil : newworld@newworld.com.mm

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ ရွှေအိုး (၁) ရပ်ကွက်မှ အောက်ဖော်ပြပါ သိုလှောင်ရုံ (၂) လုံးအား မြေမပါအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

Lot (၁) မြဲ-၁ (၁၄၄'x ၅၄'x ၃၄') (သွပ်၊ ပျဉ်၊ ကွန်)၊ မြဲ-၂ (၇၂'x ၂၇'x ၁၇') (သွပ်၊ ပျဉ်၊ ကွန်)

၂။ အဆိုပါသိုလှောင်ရုံအား ၂၄-၇-၂၀၁၉ ရက်နောက်ဆုံးထား၍ အဆိုပြုလွှာကျောက်လွှာတင်ပြရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့ စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ Tender ယှဉ်ပြိုင်ရမည့် နေ့ရက်နှင့် အချိန်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ တင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၃-၂၀၂၃၁၉၆၊ ၀၆၃-၂၀၂၃၁၉၇၊ ၀၆၃-၂၀၂၃၁၉၈ နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အနော်ရထာလမ်း၊ စိုးကောမင်းရပ်၊ မကွေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အောက်ဖော်ပြပါ အခန်း (၇) ခန်းနှင့် မြေ(၁)ကွက် စုစုပေါင်း ငှားရမ်းခြင်း (၈) ခုတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်းတစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်သို့ ငှားရမ်းပေးမည် ဖြစ်ပါသည်-

**(က) မကွေးတိုင်းဒေသကြီးရှိ အခန်း (၆) ခန်း**

Lot (1) (၁) ဈေးရပ်၊ နတ်မောက်မြို့ရှိ (အလျား-၈'၊ × အနံ-၇'၊) အခန်း(၁)ခန်း

Lot (2) (၂) ဈေးရပ်၊ နတ်မောက်မြို့ရှိ (အလျား-၈'၊× အနံ-၆'၊) အခန်း(၁)ခန်း

Lot (3) (၃) ဈေးရပ်၊ နတ်မောက်မြို့ရှိ (အလျား-၈'၊ × အနံ-၅'၊) အခန်း(၁)ခန်း

Lot (4) (၄) ရန်အောင်မြင်ရပ်၊ နတ်မောက်မြို့ရှိ (အလျား-၁၅'၊ × အနံ-၁၅'၊) အခန်း(၁)ခန်း

Lot (5) (၅) ရန်အောင်မြင်ရပ်၊ နတ်မောက်မြို့ရှိ (အလျား-၁၅'၊ × အနံ-၁၅'၊) အခန်း(၁)ခန်း

Lot (6) (၆) ရန်အောင်မြင်ရပ်၊ နတ်မောက်မြို့ရှိ (အလျား-၁၃'၊ × အနံ-၄'၊) အခန်း(၁)ခန်း

**(ခ) စစ်ကိုင်းတိုင်းဒေသကြီးရှိ အခန်း(၁) ခန်း**

Lot (7) (၇) စစ်ကိုင်း၊ ပါရမီရပ်ရှိ (အလျား-၃၀'၊ × အနံ-၂၀'၊) အခန်း(၁)ခန်း

**(ဂ) မန္တလေးတိုင်းဒေသကြီးရှိ မြေကွက်(၁) ကွက်**

Lot (8) (၈) ပုသိမ်ကြီးမြို့ရှိ မြေ (အလျား-၄၀'၊ × အနံ-၂၇'၊)

၂။ အဆိုပါ ငှားရမ်းခြင်းရှစ်ခုတို့အား ငှားရမ်းလိုပါက စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသို့ (၂၄-၇-၂၀၁၉) ရက်နေ့နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာ တင်ပြရမည် ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ တင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၃-၂၀၂၃၁၉၆၊ ၀၂- ၄၀၃၆၃၃၈၊ ၀၇၁-၂၀၁၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနပိုင်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မင်းကြီးညိုလမ်းရှိ တပ-၁၅ သိုလှောင်ရုံဝင်းအတွင်းမှ မြေ (၇၅'x ၁၂၄') အားအိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်း တစ်နှစ်တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။ အဆိုပါ မြေအား ၂၅. ၇. ၂၀၁၉ ရက် နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာ ဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူမိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်တွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြု လျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကဖုန်း ၀၅၂-၂၂၂၁၈၄၄၊ ၀၅၂-၂၂၂၁၁၀၈ နှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊**
**စားသုံးသူရေးရာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်ရှိမြေကွက်အမှတ်-၁ (၂၀'၊×၁၅'၊)နှင့်မြေကွက်အမှတ် -၂ (၂၀'၊× ၂၅'၊) တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်းစာချုပ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိမြဲ-၁ သိုလှောင်ရုံ (၈၀'x ၄၀'x၁၂') (သွပ်၊ သွပ်ကွန်)အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်း တစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့်လည်းကောင်း ငှားရမ်းမည်ဖြစ်ပါသည်။

၂။ အဆိုပါသိုလှောင်ရုံအား ၂၅. ၇. ၂၀၁၉ ရက်နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာ ဝယ်ယူရမည် ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူမိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်တွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်းအဆိုပြုလျှောက်လွှာဝယ်ယူနိုင်ပြီး ၎င်းရက်ထက် ကျော်လွန်ပါက လျှောက်လွှာများကိုရောင်းချမည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကဖုန်း၀၂-၄၀၃၆၃၃၈ နှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ စားသုံးသူရေးရာဦးစီးဌာန**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေများ

ဇူလိုင် ၁ ရက်မှ ၇ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၁၇၇၅ အိတ် တန်ချိန်အားဖြင့် ၈၉ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှာ ၁၁၃၀ အိတ်၊ မန္တလေးမြို့မှ ၆၀၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၁၇၃၀ အိတ် တန်ချိန်အားဖြင့် ၈၆ ဒသမ ၈၆ တန် တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၁၀၄၆၁ အိတ် တန်ချိန်အားဖြင့် ၅၁၂ ဒသမ ၄၅ တန် တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဈေးနှုန်းများမှာ စပါးဈေးနှုန်းများမှာ ဧည့်မထ (မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၈၃၀၇၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်း ဆန် တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ဧည့်မထ ဆန် တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၇၅၀၀၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ (စည်ပင်လက်လီဈေး) ကျပ် ၅၅၀၀၊ နှမ်းဆီ (စည်ပင်လက်လီဈေး) ကျပ် ၆၀၀၀၊ စားအုန်းဆီ (စည်ပင် လက်လီဈေး) ကျပ် ၂၂၀၀၊ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၂၀၊ စားဖိုးဆောင်သီးနှံဈေးနှုန်းများမှာ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ/ဒေသစ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်း သတင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင် (ကယား)**

# မိတ္ထီလာမြို့ သိမ်ကုန်း အ.ထ.က(ခွဲ)တွင် စားသုံးသူရေးရာဟောပြောပွဲ ပြုလုပ်

စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးဌာနမှ ဦးဆောင်၍ ဇူလိုင်၉ ရက်တွင် မိတ္ထီလာမြို့နယ် သိမ်ကုန်း အ. ထ. က(ခွဲ)တွင် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

မလှိုင်မြို့နယ် တာဝန်ခံ ဒုဦးစီးမှူး ဦးရဲမြင့်ဆန်းက ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် အသစ်ပြဋ္ဌာန်းထားသော စားသုံးသူကာကွယ်ပေးရေး ဥပဒေ သစ်ပါပြဋ္ဌာန်းချက်များနှင့် ဌာန၏ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များအကြောင်းနှင့် ယနေ့ခေတ် အစားအစာများတွင် တွင်ကျယ်စွာ အသုံးပြုနေသော ဓာတုဆိုးဆေးအန္တရာယ်များအကြောင်း၊ ပြည့်ဝဆီများ စားသုံးခြင်းဖြင့်ရရှိလာမည့် ဆိုးကျိုးများအကြောင်းကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ထို့နောက် သိမ်ကုန်း အ. ထ. က(ခွဲ)ကျောင်းမုန့်ဈေးတန်းသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ဈေးတန်းတွင် ရောင်းချနေသော မုန့်များသက်တမ်းကုန်ဆုံးရက် ထုတ်လုပ်သည့်ရက်များ သေချာစွာ ကြည့်ရှု၍ ဓာတုဆိုးဆေး ပါဝင်သော မုန့်များ၊ တရုတ်စာတန်းပါမုန့်များ မရောင်းချရန်နှင့် မြန်မာစာ ပါရှိသော မုန့်များကိုသာ ရောင်းချရန် မုန့်ဈေးတန်း ရောင်းချသူများအား မှာကြားခဲ့သည်။

**သိမ့်သူဇာမောင် (ထီလာ)**

# တရားမဝင်ကုန်ပစ္စည်းသတင်းပေးများအတွက်

# ဆုကြေးငွေ တိုးမြှင့်ထားသည်

| မောင်လွင်ပြင် |

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးလာခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်နီးပါး ရှိလာပြီဖြစ်သည်။ ဇွန်လအတွက် တွေ့ဆုံခြင်းကို ဇွန် ၂၉ရက်တွင် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ တွေ့ဆုံခဲ့သည်။ ယင်းသည် ၂၈ ကြိမ်မြောက်တွေ့ဆုံခြင်းလည်းဖြစ်သည်။ နောက်ပိုင်းတွေ့ဆုံပွဲများသည် ဒေသန္တရစီးပွားရေး အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ ပါဝင်လာ၍ ပိုမိုကျယ်ပြန့်လာသည်။ တွေ့ဆုံပွဲများ ပုံမှန်ဆက်တိုက် ရှိနေ၍ မြန်မာ့ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကစီးပွားရေး ရှင်သန်ရေး မျက်ခြည်မပြတ် ဖြစ်လာနေသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့သည်။ တွေ့ဆုံပွဲများ ကျင်းပရခြင်းမှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးရေးအတွက် ဖြစ်သည်။ ယခုအခါ တွေ့ဆုံပြီးသော ၂၇ ကြိမ်မြောက်အထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အကြံပြုတင်ပြချက်ပေါင်း ၃၄၉ ချက်ကို ကော်မတီက ကုန်သည်စက်မှုအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များသို့ အကြောင်းပြန်ကြားပြီးဖြစ်သည်ဟု သိရသည်။ သို့သော် အကြောင်း ပြန်ကြားခဲ့သည်ဆိုရာတွင် အချို့အချက်များ လုံးဝပြီးပြတ် အောင် ဆောင်ရွက်ပေးနိုင်ခဲ့သလို အချို့အချက်များကိုတော့ အချိန်ယူ ဆက်လက်ဆောင်ရွက်ပေးရဦးမည်ဟု ကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးမြင့်ဆွေက ဇွန် ၂၉ရက်တွင် ဖြေကြားသည်။ ကော်မတီတွင် လုပ်ငန်းကော်မတီ ငါးရပ်ဖွဲ့စည်းထားသည်။ လုပ်ငန်းကော်မတီငါးရပ်၏ တာဝန်ရှိသူများသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး PPD (Public Private Dialogue) စနစ်ကျင့်သုံးကာ မပြီးပြတ်သေးသည့် အခက်အခဲများကို အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးနေသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် မေလ ၃၁ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၉၀ ဘီလီယံ အထိ တိုးတက်လာသည်။ ယင်းပမာဏသည် ယမန်နှစ် အလားတူ ကာလထက် ဒေါ်လာ သုည ဒသမ ၄၆၄ ဘီလီယံ ပိုမိုလာခြင်းဖြစ်သည်။ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၃ ဒသမ ၄၉၀ ဘီလီယံတွင် ပုဂ္ဂလိက ကဏ္ဍ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၉ ဒသမ ၅၀၁ ဘီလီယံ ပါဝင်နေသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍကုန်သွယ်မှုသည် ၈၃ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်လာနိုင်ခဲ့သည်ဟု ဒုတိယ သမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ကုန်သွယ်ရေးတွင် ယနေ့တိုင် အတားအဆီးအနှောင့်အယှက်သဖွယ် ဖြစ်နေသည်က တရားမဝင် ကုန်သွယ်မှု ဖြစ်သည်။ ယင်းကိစ္စကိုလည်း ဒုတိယသမ္မတ ဦးမြင့်ဆွေ ထောက်ပြပြောဆိုပါသေးသည်။

နယ်စပ်ဒေသများတွင် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်သည်။ ယင်းတရားမဝင် ဝင်ရောက်နေခြင်းက ပြည်တွင်း အသေးစား/အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်သည်။ ရပ်တည်ရန် ခက်ခဲလာနိုင်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေး အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ မေလအထိ ဖမ်းဆီးအရေးယူမှု ၅၉၄ကြိမ်၊ ခန့်မှန်း တန်ဖိုး ကျပ် ၁၀ ဒသမ ၃၇၁ ဘီလီယံအထိ ဖမ်းဆီးနိုင်ခဲ့သည်ဟု ဒု တိယသမ္မတ ဦးမြင့်ဆွေက ၂၈ ကြိမ်မြောက်တွေ့ဆုံပွဲနေ့ ဇွန် ၂၉ ရက် တွင် ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် တရားမဝင် ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအတွက် ပြည်ထောင်စုဝန်ကြီးများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့စခန်းများက ဖမ်းဆီးကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည်။ ပြီးလျှင် ထုခွဲရောင်းချသည်။ ထုခွဲရောင်းချရရှိငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ၅၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ၂၀ ရာခိုင်နှုန်း၊ ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများအား ၃၀ ရာခိုင်နှုန်း အသီးသီး ခွဲဝေခံစားချီးမြှင့်ပေးနေသည်ဟု ဆိုသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည်လည်း မိမိတို့ အစီအစဉ်ဖြင့် ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများကို ထုခွဲပြီးသောအခါ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ၃၀ ရာခိုင်နှုန်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ၂၀ ရာခိုင်နှုန်း၊ သတင်းပေးသူ ၂၀ ရာခိုင်နှုန်း ရှာဖွေဖမ်းဆီးအဖွဲ့အစည်းများ ၃၀ ရာခိုင်နှုန်း အသီးသီး ချီးမြှင့်ပေးသည်။

ယင်းသည် တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရမိခြင်း ချီးမြှင့်ငွေကို ရာခိုင်နှုန်း တိုးမြှင့်ပေးထားခြင်းဖြစ်သည်။ ယခင်က တရားမဝင်ကုန်ပစ္စည်းဖမ်းဆီးရမိပြီဆိုလျှင် သတင်းပေးသူကို ၁၀ ရာခိုင်နှုန်းသာ ချီးမြှင့်သည်။ ယခု ၂၀ရာခိုင်နှုန်းအထိ တိုးမြှင့်ချီးမြှင့်ထားသည်။ တရား မဝင်ကုန်ပစ္စည်းဆိုရာတွင် အခွန်မဆောင်/အကောက်အခွန်မဲ့ ကုန်ပစ္စည်းများလည်း ပါဝင်သည်။ ယခင်က တရားမဝင် ကုန်ပစ္စည်း ဖမ်းဆီးရမိခြင်း၏ ပစ္စည်းတန်ဖိုး ၈၀ရာခိုင်နှုန်းကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းသည်။ သတင်းပေးသူကို ၁၀ ရာခိုင်နှုန်း၊ ဖမ်းဆီးအဖွဲ့အစည်းကို ၁၀ ရာခိုင်နှုန်း အသီးသီးချီးမြှင့်သည်။ ယခု တရားမဝင်ကုန်ပစ္စည်းများ ပိုမိုနှိမ်နင်းဖမ်းဆီးရမိစေရေးရည်ရွယ်ပြီး ဖမ်းဆီးရမိပစ္စည်းထုခွဲပြီးပါက နိုင်ငံတော် ဘဏ္ဍာသို့ ၅၀ ရာခိုင်နှုန်း၊ သတင်းပေးသူ ၂၀ရာခိုင်နှုန်းနှင့် ဖမ်းဆီးအဖွဲ့အစည်း ၃၀ ရာခိုင်နှုန်း အသီးသီးခွဲဝေချီးမြှင့်ပေးနေသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ၂၈ ကြိမ်မြောက် တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မီဒီယာများသို့ ယခုလိုပြောကြားခဲ့ကြောင်း ကြေးမုံသတင်းစာ ဇူလိုင် ၁ ရက် ဖော်ပြချက်အရ သိခဲ့ရသည်။

"ဒါက ဖမ်းဆီးတဲ့သူတွေကို လုပ်ချင်ကိုင် ချင်စိတ်ရှိအောင် တိုးမြှင့်ပေးထားတာဖြစ်တယ်။ ကျွန်တော်တို့ တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရေးနဲ့ပတ်သက်ပြီး တော်တော်များများက အခုချိန်ထိ ထိထိရောက်ရောက် မလုပ်နိုင်သေးဘူး၊ အားမရဘူး။ တချို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖမ်းဆီးရမိမှု တစ်လနေလို့ တစ်ခုတောင်မရှိဘူး။ ဒါမရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒါရှိပြီးတော့ မဖမ်းတာမျိုးတွေ မဖြစ်အောင် တစ်ဖက်ကလည်း လုံခြုံရေးအပိုင်းတွေဘာတွေလည်း ပါတယ်"ဟု ပွင့်လင်းမြင်သာ ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားသည်မှာ အမှန်ဖြစ်၏။ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်ကုန်ပစ္စည်း သယ်ဆောင်လာနေသည်ကို သိသည်။ သို့သော် ပြန်လည်ခုခံမည်ကို ကြောက်ကြသည်။ အဆင်မသင့်လျှင် မိမိအသက်ဘေးရင်ဆိုင်ရမည်ကို မလိုလားကြ။ ထို့ကြောင့် တရားမဝင် ကုန်ပစ္စည်းများ၊ တရားမဝင်အန္တရာယ်ရှိ စားသောက်ကုန်များ လွတ်ထွက်သွားရသည်များ ရှိနေသည်။ အချို့တရားမဝင်ကုန်ပစ္စည်း သယ်ဆောင်လာသည့် ကားကြီး၊ ကားငယ်များသည် ဖမ်းဆီးအဖွဲ့များ အလစ်အငိုက်ကို စောင့်ဆိုင်းပြီး ပုံဖျက်ရုပ်ဖျက်ပြီး လွတ်အောင် ရှောင်ကွင်းသွားနိုင်သည်လည်း ရှိနေသည်ဟု ကြားသိရသည်။ ထို့ကြောင့် ဒုတိယသမ္မတ ဦးမြင့်ဆွေက တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရေး ယခုတိုင်အားမရသေးဟု ပြောခြင်းဖြစ်မည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးမှုအားရစရာမရှိနိုင်သေးသဖြင့် ယခုဆုချီးမြှင့်ငွေကိုလည်း တိုးမြှင့်ထားသည်။ ယခင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ မိမိအစီအစဉ်ဖြင့် တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရမိလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာသို့ ၅၀ ရာခိုင်နှုန်း၊ နိုင်ငံတော်ဘဏ္ဍာသို့ ၃၀ ရာခိုင်နှုန်း၊ သတင်းပေးသူ ၁၀ ရာခိုင်နှုန်း၊ ဖမ်းဆီးအဖွဲ့အစည်း ၁၀ ရာခိုင်နှုန်း ချီးမြှင့်သည်။ ယခုတိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာသို့ ၃၀ ရာခိုင်နှုန်း၊ နိုင်ငံတော်ဘဏ္ဍာသို့ ၂၀ ရာခိုင်နှုန်း၊ သတင်းပေးသူ ၂၀ ရာခိုင်နှုန်းနှင့် ဖမ်းဆီးအဖွဲ့ ၃၀ ရာခိုင်နှုန်း အသီးသီး တိုးမြှင့်ထားသည်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်ကလည်း တရားမဝင် ကုန်ပစ္စည်းကိစ္စ ယခုလိုပြောကြားခဲ့ပါသေးသည်။

"မှောင်ခိုကိစ္စက တော်တော်လေး အန္တရာယ်ရှိပါတယ်။ နယ်ခြားဒေသကနေ တရားမဝင်တင်သွင်းမယ်ဆိုရင် ကျွန်တော်တို့ စားသုံးသူတွေ ထိခိုက်နိုင်သလို MSMES ကဏ္ဍတွေကိုလည်း ထိခိုက်နစ်နာတာတွေရှိပါတယ်။ ပစ္စည်းတွေ အမျိုးမျိုးဝင်နေတာကို တားဆီးဖို့ အမျိုးမျိုးကြိုးစားနေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးအရ၊ ဗဟိုအစိုးရနဲ့ ကုန်သည်တွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

■

Commerce ကာတွန်း



# ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၈/၂၀၁၉)အကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၀ရက်တွင် ယင်းမာပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အငြင်းပွားမှုဖြေရှင်းအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ယခင်တစ်ပတ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ယခုဆောင်ရွက်မှုများအား ဌာနဆိုင်ရာများမှ တာဝန်ယူမှုတာဝန်ခံမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ တစ်ဦးချင်း၏ အသိတရားများနှင့် စားသုံးသူအပေါ် နစ်နာမှုမရှိစေရန် စားသုံးသူကာကွယ်ရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသက်နိုင်ကလည်း တိုင်းဒေသကြီး၏ လစဉ်လျာထားချက်များကို ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုလက်ရှိအနေဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းနှင့် ပတ်သက်၍ ရောင်းချမှုအား နည်းမှန်လမ်းမှန်ပစ္စည်း ရောင်းချနိုင်စေရန်အတွက် အထူးကြပ်မတ်၍ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကိုလည်း ရုံးချုပ်မှ တိုင်းအဆင့်ဆင့် ချိတ်ဆက်၍ ဖြေရှင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်၊ မတ်လ(၁၅) ရက်နေ့ ထုတ်ပြန်ထားသော စားသုံးသူကာကွယ်ပေးရေးမှ ကော်မရှင်၊ ကော်မတီ၊ ဌာန၊ ဖွဲ့စည်းမှု လုပ်ငန်းဆောင်ရွက်မှုများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စည်ပင်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဗိုလ်မြင့်ကလည်း စားသုံးသူနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်း သပ်ရပ်မှုရှိစေရန် မိခင်ဌာနနှင့်အတူ ဌာနဆိုင်ရာများ၊ ပြည်သူများ ပူး ပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆက်လက်၍ အဖွဲ့ဝင်များမှလည်း ဖြည့်စွက်ဆွေးနွေးအကြံပြု တင်ပြကြကြောင်းသိရသည်။ **ခိုင်မို့မို့ (မြင်းမူ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်း ကျောက်ဆည်မြို့နယ်၌ ကျင်းပ

ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၈ ရက်တွင် ကျောက်ဆည်မြို့နယ် ကြက်ဆင်ကျေးရွာတွင်လည်းကောင်း၊ ဇူလိုင် ၉ ရက်တွင် ကျောက်ဆည်မြို့နယ်၊ သူငယ်တော်ကျေးရွာတွင်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက စားသုံးသူကာကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူများ၏အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ၊ ဝန်ဆောင်မှုအမျိုးမျိုး၊ ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC)ရုံးခန်း ဖွင့်လှစ်ထားရှိမှုအခြေအနေများအား အသေးစိတ်ဆွေးနွေး ခဲ့ပါသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ အပြင်းအထန် အဆုတ်ရောင်ရောဂါ $H_1N_1$ဖြစ်ပွားမှု၊ သွေးလွန် တုပ်ကွေးရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်းကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက် လမ်းဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနများမှ လုပ်ဆောင်နေသည့် လုပ်ငန်းများအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာသူများက မိမိတို့၏ကျေးရွာအတွက် လိုအပ်ချက်များကို တင်ပြကာ သက်ဆိုင်ရာဌာနများမှ မေးမြန်းချက်များအပေါ် ပြန်လည် ဖြေကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နှင်းလှဲ့လှဲ့**

# ရန်ကုန်မြို့ကားဈေးကွက် ညာမောင်းကားလေးများနှင့် အောက်ပိုင်းမြင့် ဝက်ဂွန်များ အဝယ်ပြန်ရှိနေ



ဇူလိုင်လ ဒုတိယပတ်အတွင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ ယခင်လများထက် ကားလေးများ အထူးသဖြင့် အသုံးပြုပြီး ဂျပန်ကားလေးများ အရောင်း အဝယ်ပြန်ဖြစ်လာကြောင်း၊ အမှန်တကယ် စီးနင်းအသုံးပြုရန် လိုအပ်သူများသာမက ကားဝယ်ရောင်းအကျိုးဆောင်များမှလည်း ငွေပြန်ဝယ်၍ရသည့် ကားလေးအမျိုးအစားများ ဝယ်ယူလာကြခြင်း၊ နယ်ဝယ်လက်အချို့မှလည်း အဝယ်ရှိခြင်းတို့ကြောင့် ယခုရက်သတ္တပတ် ကားအရောင်းအဝယ် မဆိုးလှဟု ပြောရမည်ဖြစ်ကြောင်း သိရသည်။

ယခုလတ်တလော ရန်ကုန်ကားဈေးကွက်အတွင်း ကားလေးများ ရောင်းပန်းလှကာ အမေးများနေပြီး ယင်းတို့နှင့်တွဲပြီး လူကြိုက်များ၊ လူသုံးများ ဖိုးဗိုလ်းဝက်ဂွန်အချို့လည်း အမေးများလာကြောင်း၊ မိုးရာသီအကြိုကာလတွင် မိုးများလာသဖြင့် နယ်ဝယ်လက်များမှလည်း ဝက်ဂွန်အမြင့်ကားများအား ရှာဖွေဝယ်ယူလာကြကြောင်း၊ လုပ်ငန်းသုံး လိုက်ထရပ်ကလေးများနှင့် အောက်ပိုင်းမြင့် လုပ်ငန်းသုံးကားများလည်း အဝယ်လိုက်ကြောင်း၊ မိုးရာသီတွင် အောက်ပိုင်းမြင့်သည့် ကားများ အရောင်းအဝယ်ဖြစ်လာသည်ကို တွေ့ရှိရပြီး ကလူဂျာ၊ စီအာဗီး၊ အာအေဗီ(၄) နှင့် ခရီးသွားကားများဖြစ်သည့် အာလ်ဖတ်၊ ဟိုက်အေ့(စ်)စသည့်ကားများလည်း လက်ရှိအဝယ်ရှိကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်မှပြောသည်။

ဈေးကွက်တွင်း အရောင်းအဝယ်ပြုလုပ်နေသော ကားအသိုင်းအဝိုင်းမှ ရန်ကုန်ကိုတာခွဲတမ်းယခင်က စောင့်မျှော်ကြသော်လည်း ယခုနောက်ပိုင်းစောင့်ဆိုင်းရကြာမြင့်သည့်အပြင် ၂၀၁၉ မော်တော်ယာဉ်မူဝါဒများအရ လက်ရှိ စီးနင်းသုံးစွဲနေသည့် ဂျပန်ညာမောင်းကားများသာ ဈေးကွက်ပေါ်သို့ တွန်းပို့သလိုဖြစ်နေသဖြင့် သုံးနေကျဖြစ်ပြီး အပိုပစ္စည်းရှာဖွေရခြင်းနှင့် ပြင်ဆင်ရလွယ်ကူသည့် ကားလေးများသာ အမြင့်ဈေးဖြင့် ပြန်ရှာဖွေဝယ်ယူလာကြခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၀ သိန်းအောက်ကားလေးများနှင့် သိန်း ၂၅၀ နှင့် သိန်း ၃၀၀ ကြားကားများသာဖြစ်ပြီး ကားလေးများထဲတွင် ရန်ကုန်လိုင်စင်အဓိက အခြားနယ်လိုင်စင်ပါ ကားကောင်းလျှင် ဝယ်ယူလာကြကြောင်း သိန်း ၃၀၀ အထက်ဈေးပေါက်ပြီး ဂျပန်ကားဟောင်းလေးများနှင့် ဈေးတူပါက ပြည်တွင်း တပ်ဆင်ဂျပန်နှင့် အခြားနိုင်ငံထုတ် ဘယ်မောင်းကား ဘရန်းနယူးများအား ပြန်လည်ဝယ်ယူမှုရှိနေကြောင်း သိရသည်။ **SN**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | HH | ၂၄၅ သိန်း | စီအန်ဂျီ (၇၀)၊ ရန်ကုန် |
| ၂။ | အာအေဗီ-၄ (၂၀၀၁) | D | ၂၁၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟာရီယာ (၂၀၀၄) | J | ၄၈၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဖောက်စ်ဝက်ဂွန် (၂၀၁၁) | N | ၂၁၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ပိုလိုဆလွန်း (၂၀၁၁) | N | ၁၉၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါဖစ်/ရှာတဲလ် (၂၀၁၂) | L | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဟိုက်ဂျက် (၂၀၀၆) | J | ၁၀၀ သိန်း | ၀.၆ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရီမီယို (၂၀၀၀) | F | ၁၄၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |

# တစ်ပတ်အတွင်း ရော်ဘာတန်ချိန် ၃၀၀၀ ကျော် တင်ပို့

ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၁၈၀၀ နီးပါး တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၇၅၀ နီးပါး၊ MSR-20 အမျိုးအစား တန်ချိန် ၁၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၄၃၀ ကျော်နှင့် မြန်မာ -ထိုင်းနယ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Latex 60 % DRC အမျိုးအစား တန်ချိန် ၅၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန်၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးတန်ဖိုးရှိရော်ဘာအမျိုးအစားစုံ တန်ချိန် ၁၂၈၀ ခန့် တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ တရုတ်၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံများသို့တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ RubbSyntheter အမျိုးအစား တန်ချိန် ၆၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၄၇၀ ကျော်နှင့် အိန္ဒိယနိုင်ငံသို့၊ MSR-20 အမျိုးအစားတန်ချိန် ၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပုံမှန်တင်ပို့မှုရှိကြောင်း သိရသည်။ နယ်စပ်နှင့် ရေကြောင်းမှ ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၃၀၀၀ ကျော် ဖြစ်သည်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၁၀၀ ခန့်လျော့ကျပြီး၊ MSR အမျိုးအစားတစ်တန်လျှင်ဒေါ်လာ ၅၀ ခန့် ဈေးကျသွားကြောင်း သိရသည်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဈေးနှုန်းထုတ်ပြန်ချက်အရ ပြည်ပတင်ပို့မည့်မြန်မာ့ရော်ဘာ ဈေးလည်း ကျသွားကြောင်း သိရသည်။ **ယဉ်ယဉ်အေး**

# မအူပင်မြို့ တိုးရွှေဝါခန်းမတွင် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မအူပင်မြို့ တိုးရွှေဝါခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးက ဦးဆောင် ကျင်းပသည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးအောင်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကိုကို၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဦးခင်ဇော်၊ ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်၊ ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးကုန်သည်များ စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ၏ဆောင်ရွက်ချက်များ၊ တောင်သူများ၏လိုအပ်ချက်၊ မျိုးကောင်းမျိုးသန့်နှင့် ပြည်တွင်းဈေးကွက်အခြေအနေများ နိုင်ငံခြား ဆန်ဈေးကွက်အခြေအနေများကို အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်က မျိုးကောင်း မျိုးသန့်စိုက်ပျိုးမှု၊မြေအသုံးချမှု၊ ဈေးကွက်ဝင် ဆန်များစိုက်ပျိုးနိုင်မှုနှင့် သိပ္ပံနည်းကျစိုက်ပျိုးမှုအခြေအနေများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌကလည်း အသင်း၏ရည်ရွယ်ချက်၊ စုပေါင်းလုပ်ကိုင်မှုများ၏ ရလဒ်ကောင်းများ၊ မျိုးစေ့ ဓာတ်ခွဲခန်းမှ ထုတ်လုပ်မှု၊ ရွှေဘိုပေါ်ဆန်းအရည်အသွေး ထိန်းသိမ်းမှု၊ မြေဆီလွှာအသုံးချမှု၊ ခေတ်မီဆန်စက်များတည်ဆောက်မှု၊ ဈေးကွက်ရရှိမှုများနှင့် GI ရရှိအောင် ဆောင်ရွက်နေမှု၊ လက်တွေ့ လုပ် ဆောင်မှုမှ ရရှိသော အကျိုးအမြတ်များကို အားကျဖွယ်ဆွေးနွေးပြောကြားခဲ့သည်။

**Consumer –MT**

# အာရှဖောင်ဒေးရှင်းက မြန်မာနိုင်ငံစီးပွားရေးဝန်းကျင်အညွှန်းကိန်း စစ်တမ်းကောက်ယူခဲ့ခြင်းနှင့် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြ

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် အာရှဖောင်ဒေးရှင်းက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းသုတေသနတွေ့ရှိချက်များအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဇူလိုင် ၁၀ ရက်က သံလွင်ပါရာဒိုက်ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားသို့ ဖိတ်ကြားထားသည့် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အာရှဖောင်ဒေးရှင်းနှင့် DaNa Facility မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ကြီးဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး DaNa Facility မှ ကုန်သွယ်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဦးဆောင်ပုဂ္ဂိုလ် ဦးလင်းမောင်မောင်က DaNa Facility အဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုဖြစ်ပေါ်လာစေရန်နှင့် ဒေသန္တရစီးပွားရေး အုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်လာစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အကြောင်းအရာများကိုလည်းကောင်း၊ အာရှဖောင်ဒေးရှင်းမှ စီမံကိန်းမန်နေဂျာ Mr.Jona thanKeesecker က မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းစီမံချက်၏ ရည်ရွယ်ချက်များအားလည်းကောင်း၊ အာရှဖောင်ဒေးရှင်းမှ စီးပွားရေးဖွံ့ဖြိုးမှုပညာရှင် ဦးဉာဏ်ဝင်းက မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းသုတေသန တွေ့ရှိချက်တို့အားလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသူများက မြန်မာနိုင်ငံ စီးပွားရေးဝန်းကျင် အညွှန်းကိန်း Myanmar Business Environment Index(MBEI) စစ်တမ်းကောက်ယူခဲ့ရာတွင် ကရင်ပြည်နယ်၏ တွေ့ရှိချက်ရလဒ်များအပေါ် သိလိုသည်များကိုမေးမြန်းခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အာရှဖောင်ဒေးရှင်းနှင့် DaNa Facility မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း သိရှိလိုသည့် အကြောင်းအရာများအား ပြန်လည်ဖြေကြားပေးခဲ့ကြသည်။ **အိအိခိုင်**

## တရုတ်နိုင်ငံ ချူကင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ချူကင်းအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုနှင့် စက်မှုလက်မှုပြပွဲ ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချူကင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ 'ရှစ်ကြိမ်မြောက် ချူကင်းအပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုနှင့် စက်မှုလက်မှုပြပွဲ' ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲတွင် ပြခန်းများအတွက် မူလဈေးမှာ ၁၁၀ စတုရန်းမီတာကျယ်ဝန်းသည့် ရိုးရိုးအခန်းလွတ်တစ်ခန်းလျှင် ဈေးနှုန်းယွမ် ၁၀၀၀ နှင့် ၉ စတုရန်းမီတာကျယ်ဝန်းသည့် ပုံမှန်အခန်းတစ်ခန်းလျှင် ဈေးနှုန်းယွမ် ၆၀၀၀ ဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် အထူးဈေးနှုန်းအဖြစ် ရိုးရိုးအခန်းလွတ်တစ်ခန်းလျှင် ယွမ် ၅၀၀ နှင့် ပုံမှန်အခန်းတစ်ခန်းလျှင် ယွမ် ၃၀၀၀ သာ ကျသင့်မည်ဖြစ်ကြောင်း၊ ပုံမှန်ပြခန်း ၁၀ ခန်းကျော်ပါက တစ်ခန်းလျှင်ယွမ် ၂၀၀၀၊ ပုံမှန်ပြခန်း ၂၄ ခန်းကျော်ပါက တစ်ခန်းလျှင်ယွမ် ၁၅၀၀ နှုန်းသာပေးချေရမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇-၄၃၀၁၂၈၊ E-mail:moctradefair @gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)၊ ဖုန်း-၀၁-၂၅၄၀၂၄၊ ဖက်စ်-၀၁-၂၅၄၀၂၃ သို့ လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **ဆုမွန်သိန်း(TD)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၅-၇-၂၀၁၉ မှ ၂၁-၇-၂၀၁၉ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဦးနှောက်ဉာဏ်အယူအဆ အကြံအစည်လုပ်ကိုင်နိုင်မှုအနေနှင့်ကောင်းမွန်နေတတ်သည်။ မြေတွင်းထွက်ကုန်ပစ္စည်းများရောင်းဝယ်ခြင်းဖြင့် အောင်မြင်မှုများရရှိတတ်ပါသည်။ ပညာရေးပုံမှန်အနေအထားရှိတတ်ပါသည်။ အချစ်ရေးတွင် မျက်နှာပွင့်လန်းမှုရှိမည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင်စိတ်ဖိစီးမှုများသောဝေဒနာခံစားရတတ်ပါသည်။
**လာဘ်ရှင်ဂဏန်း။ ။၁၊ ၅။ ယတြာဆောင်။ ။အဝါနုသနပ်ခါးရောင်အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများအတက် အကျအရှိန်အဟုန်မြင့်မားနေတတ်သည်။ ရည်မှန်းထားသော ကိစ္စများအောင်မြင်မည်။ အချိုအရသာရှိသော စားသောက်ကုန်ပစ္စည်းများရောင်းဝယ်ပါက အကျိုးဖြစ်ထွန်းမှုရှိမည်။ ပညာရေးကောင်းမွန်နေမည်။ အချစ်ရေးတွင်ပညာပါပါဖွဲ့ရှိရှိကြိုးစားပါက အသိအမှတ်ပြုခြင်းခံရမည်။ အိမ်ထောင်ပြုပြီးသူက ပုံမှန်အနေအထားရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်အစားအသောက်ဆင်ခြင်ပါက ကြံ့ခိုင်မှုရှိပြီး ကျန်းမာပျော်ရွှင်ရတတ်ပါသည်။ **လာဘ်ရှင်ဂဏန်း။ ။ ၂၊ ၃။ ယတြာ။ လိမ္မော်ရောင်အသုံးပြုပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေး၊ လူမှုဆက်ဆံရေးဆိုင်ရာအဆက်အသွယ်များအဆင်ပြေချောမွေ့နေမည်။ ခရီးသွားလုပ်ငန်းသင့်တင့်မှုရှိနေမည်။ ပညာရေးနှင့်ပတ်သက်ပြီးထူးချွန်မှုရရှိနိုင်ပါသည်။ အချစ်ရေးအဆင်ပြေမှုများရှိနေမည်။ အိမ်ထောင်ပြုပြီးသူများ အိမ်ထောင်ရေးပြဿနာရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိဝေဒနာသတိရှိသင့်ပါသည်။ **လာဘ်ရှင်ဂဏန်း။ ။၃၊ ၅။ ယတြာ၊ အညိုရောင်အသုံးပြုပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်ကိစ္စများနှင့်ပတ်သက်ပြီး တွေဝေနေတတ်သည်။ ဆုံးဖြတ်ချက်ချ၍လုပ်ပါက အထူးအောင်မြင်ကျော်ကြားမည်ဖြစ်သည်။ အိမ်သုတ်ဆေးအလှခြယ်လုပ်ငန်းများအထူးအောင်မြင်မည်ဖြစ်ပါသည်။ ပညာရေးကောင်းနေပါသည်။ အချစ်ရေးတွင် ဝေခွဲမရရှိနေမည်။ ချစ်သူဝိုင်းဝိုင်းလည်နေသော ကြောင့် စိတ်သောကပိုနေမည်။ ကျန်းမာရေးတွင် သွေးပေါင်ကျခြင်း၊ အားနည်းခြင်းဝေဒနာခံစားနေရတတ်ပါသည်။
**လာဘ်ရှင်ဂဏန်း။ ။ ၅၊ ၆။ ယတြာ၊ အဆောင်။ ။ရေကန်၊ ရေတွင်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ပညာရေးဆိုင်ရာလုပ်ငန်းများအထူးတွင်ကျယ်လျက်ရှိမည်။ ဝင်ငွေအားကောင်းလိမ့်မည်။ နိုင်ငံရပ်ခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေလိမ့်မည်။ ပညာရေးကောင်းနေသည်။ အချစ်ရေးတွင်ချစ်သူ၏အလိုလိုက်ခံရလိမ့်မည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနေဖြင့် တေဇောအားများခြင်းကြောင့် အဖျားကြီးခြင်းဝေဒနာခံစားရလိမ့်မည်။ **လာဘ်ရှင်ဂဏန်း။ ။ ၃၊ ၅။ ယတြာ၊ ရွှေဝါရောင်ပစ္စည်းသုံးပါ။**



**သောကြာသားသမီးများအတွက်** ယာဉ်/စက်ကိရိယာပစ္စည်းများနှင့်ပတ်သက်၍ အောင်မြင်မှုရရှိမည်။ စက်ကိရိယာအမျိုးမျိုး၊ ဇိမ်ခံပစ္စည်းအမျိုးမျိုးရောင်းဝယ်ပါက အောင်မြင်မှုများကိုရရှိခံစားရမည်ဖြစ်သည်။ ပညားရေးထူးချွန်ထက်မြက်မှုရှိမည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေးသာယာနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်အာရုံကြောဝေဒနာခံစားရတတ်ပါသည်။
**လာဘ်ရှင်ဂဏန်း။ ၂၊ ၄။**
**ယတြာ၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်တို့တွင် သန့်ရှင်းရေးပြုလုပ်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို မင်းအစိုးရနှင့်ဆက်နွယ်သောလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် အကျိုးရှိနေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင်သူတစ်ပါးမဟုတ်တာပြောတာကို အမှန်ယူ၍သဘောထားကွဲလွဲတတ်သည်။ အိမ်ထောင်ရေးပဋိပက္ခရှိသည်။ ကျန်းမာရေးတွင် အကြောဝေဒနာခံစားရတတ်ပါသည်။
**လာဘ်ရှင်ဂဏန်း။ ။ ၁၊ ၂။**
**ယတြာ၊ တရားရိပ်သာတွင်ယောဂီများကို အအေးလှူပါ။**

# လွယ်တိုင်းလည်း မယူစေလို

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့သည် မြို့ပေါ်ရပ်ကွက် ၂၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၃ အုပ်စုရှိပြီး လူဦးရေ သုံးသိန်းသုံးသောင်းကျော်နေထိုင်သော မြို့ဖြစ်ပါသည်။ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများဖြစ်သော ပြည့်မဟာဝန်ဆောင်မှု၊ IDE၊ Fullerton Finance၊ Pact Global၊ Vision Fund၊ Internet Wallet၊ Woori Finance၊ မဟာစိုက်ပျိုးရေး၊ စထာပါနာ၊ ကောင်းသောညီအစ်ကိုများ၊ ဟောမာန်ကက်ပီတယ်၊ ပင်လယ်လက်ကြား၊ ချမ်းမြေ့နှင့် ၂၅၂၊ Micro-finance Delta၊ ငွေမာလာ စသည်တို့သည် ဟင်္သာတမြို့နယ်တွင် ငွေချေးခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

ကျေးလက်တောရွာများအထိ ငွေချေးခြင်း ကို လုပ်ကိုင်လျက်ရှိပြီး၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့သာ လိုအပ်သဖြင့် ချေးငွေလိုအပ်သူ ပြည်သူများအတွက် သင့်တင့်သော ချေးငွေရရှိရန် လွယ်ကူလာခဲ့သည်။ ဝိုင်းကြီးချုပ်စနစ်ဖြင့် ငါးဦး တစ်ဝိုင်း၊ ၁၀ ဦးတစ်ဝိုင်းစသည်ဖြင့် ချေးယူနိုင်ပြီး တစ်ယောက်မဆပ်နိုင်လျှင် ကျန်သည့်သူ ဝိုင်းဆပ်ရသည့်စနစ်ဖြစ်ပါသည်။ ချေးငွေကို ပမာဏအလိုက် ချေးယူခွင့်လျှောက်ထားနိုင်ပြီး ငွေချေးလုပ်ငန်းမှ ချေးလိုသူ၏ အလုပ်အကိုင်၊ တစ်နေ့ဝင်ငွေတို့ကို နေထိုင်ရာအိမ်ထိလာရောက် တွက်ချက်ပြီး ပေးနိုင်သော ပမာဏကို ထုတ်ချေးပါသည်။ ငွေချေးသူအနေဖြင့် ဝန်ဆောင်ခ၊ မိတ္တူကူးခ၊ အသက်အာမခံကြေး၊ စုငွေတို့ပေးသွင်းရပါသည်။ ပြန်ဆပ်ရမည့် ကာလမှာလည်း ချေးယူသောငွေပေါ်မူတည်၍ ၁၀ လ၊ တစ်နှစ်စသည်ဖြင့် အရစ်ကျပြန်ဆပ်ရပြီး အတိုးနှုန်းမှာလည်း တစ်ကျပ်ခွဲမှ နှစ်ကျပ်အတွင်း ပေးရပါသည်။

အိမ်မှာအိမ်ဆိုင်လည်းရောင်းချပြီး လက်သမားအလုပ်ကိုလည်း လုပ်ကိုင်သူတစ်ဦးက ပြောကြားရာတွင် မိမိတို့ရွာတွင် အများစုသည် ချေးငွေလုပ်ငန်းများထံမှ ချေးငွေကို ချေးယူကြကြောင်း၊ မိမိသည်လည်း ချေးငွေလုပ်ငန်းနှစ်ခုထံမှ ချေးငွေ ယူထားကြောင်း၊ ယခုအခါ မိုးရာသီဖြစ်သည့် အတွက် လက်သမားအလုပ်ကလည်း ရှားပါးလာသဖြင့် ချေးငွေကလည်း တစ်လတစ်ကြိမ် အရင်းနှင့်အတိုးကို ပေးဆပ်ရန်အတွက် အလုပ်ကို ပိုမိုကြိုးစားလုပ်ကိုင်လာရပြီး နားဖို့မစဉ်းစားနိုင်ဘဲ အလုပ်အဆက်မပြတ်ရရှိရေးအတွက် ကြိုးစားရကြောင်းကို ရှင်းပြသည်။

"ချေးငွေရခါစကတော့ ရွှေလေးဝယ်လိုက်၊ တီဗွီလေးဝယ်လိုက်ပေါ့၊ ဆပ်ချိန်ရောက်လာတော့ မနည်းပြန်ရှာရတာပါပဲ။ မိမိတို့ငါးယောက် တစ်ဝိုင်းထဲမှ အခြားသူများလည်း ကြွေးကို ဆပ်ချိန် ဆပ်နိုင်အောင်လည်းမနည်း တိုက်တွန်းရပါတယ်။ နဂိုတုန်း က တစ်နေ့နှစ်ထောင်လောက်ဝင်ရင်ကို မိသားစု အဆင်ပြေတယ်။ အခုကချေးငွေအတွက်ပါ နေ့စဉ်ပိုရှာ၊ ပိုစုလာရပါတယ်။ တချို့တွေလည်း ချေးငွေကို လုပ်ငန်းထဲမသုံးဘဲ ဖုန်းဝယ်၊ ဆိုင်ကယ်ဝယ်သုံးပစ်လိုက်တာလည်း ရှိပြီးဆပ်ချိန်ကျတော့ ဟိုက ဆွဲဆပ်၊ ဒီကဆွဲဆပ်နဲ့ လုံးချာလည်လိုက်နေတဲ့ လူတွေလည်းရှိတယ်။ ကိုယ့်အဖွဲ့ထဲမှာ အဲဒီလိုလူ မပါအောင်တော့ အမြဲဂရုစိုက်ရတာပေါ့။ ချေးငွေက တကယ်လုပ်ငန်းလုပ်ဖို့လိုတဲ့သူ၊ အရေးပေါ်ငွေလိုတဲ့သူတွေအတွက် အဆင်ပြေပြီး အချိန်မီ ပြန်ဆပ်နိုင်ဖို့လိုပါတယ်။ လုပ်ငန်းမလုပ်ဘဲ အပိုသုံးတွေအတွက် ချေးငွေယူတာ မကောင်းပါဘူး"ဟု ၎င်းက ပြောသည်။

ကျွန်တော်တို့ငယ်စဉ်က လူကြီးမိဘတွေ အမြဲဆုံးမလေ့ရှိပါသည်။ **'မရှာနိုင် လျှော့သုံး'**ဆိုတဲ့ စကားပုံလေးနဲ့ပါ။ ကိုယ့်မှာ ခိုင်မာတဲ့ ဝင်ငွေမရှိဘဲနဲ့ အပိုသုံးတွေအတွက် မကုန်စေဘဲ လိုအပ်တာ အတွက်သာ စနစ်တကျ သုံးဖို့ ဆုံးမခဲ့ကြတာပါ။ အခုလိုအသေးစား ငွေရေးကြေးရေးလုပ်ငန်းတွေ တွင်ကျယ်လာတဲ့အချိန်မှာ ချေးငွေ ချေးယူသူများ အနေနှင့် အခက်အခဲဖြင့် မကြုံတွေ့ရအောင် လွယ်တိုင်းလည်း မယူကြဘဲ တကယ်သုံးဖို့သာ ယူကြပါလို့ တိုက်တွန်းတင်ပြအပ်ပါတယ်။

**မောင်မောင်မြတ်ခိုင်**

## ကလေးမြို့၏ နေကြာဆီဈေးကွက်

ကလေးမြို့ပေါ်နှင့် ကျေးရွာပတ်ဝန်းကျင်များမှ စပါးစိုက်ပျိုးပြီး သီးထပ်အဖြစ် နေကြာများကို အပိုဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးကြသည်။ ယခင် နှစ်များက နေကြာစေ့တစ်တင်းလျှင် ကျပ် ၉၀၀၀ ဝန်းကျင်ခန့်သာပေါက်ဈေးရှိပြီး ယခုနှစ်တွင် နေကြာတစ်တင်းပေါက်ဈေး ကျပ် ၁၅၀၀၀ ပေါက်ဈေးရှိသည်။ ယခင်နှစ်များက နေကြာဆီ ၁၀ ပိဿာပုံးတစ်ပုံးလျှင် ကျပ် ၃၂၀၀၀ ခန့်သာပေါက်ဈေးရှိပြီး ယခုနှစ်တွင် နေကြာဆီ ၁၀ ပိဿာပုံးတစ်ပုံးကျပ် ၄၅၀၀၀ ပေါက်ဈေးဖြင့် ရောင်းချလျက်ရှိသည်။

ဖောက်သည်ဈေးအနေဖြင့် တစ်ပုံးကျပ် ၄၃၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်ဈေးနှုန်းမြင့်တက်နေခြင်းနှင့်ပတ်သက်၍ နေကြာစေ့ဝယ်ယူရာတွင် လည်းဈေးနှုန်းကြီးမြင့်ခြင်း၊ ဆီများသိုလှောင်ထားရာတွင် ၁၀ လပိုင်းခန့်ဈေးနှုန်း ကြီးမြင့်သည့်အချိန်တွင် ဈေးနှုန်း ၁၀ ပိဿာတစ်ပုံး ကျပ် ၄၅၀၀၀ ပေါက်ဈေးထိဈေးနှုန်းမြင့်တက်ခဲ့သည့်အတွက် ယခုနှစ် အဖွင့်ဈေးတစ်ပုံးလျှင် ကျပ် ၄၅၀၀၀ ဖြင့် စတင်ဖွင့်ခဲ့ကြောင်း၊ ယခင်က လူအများသည် ပဲဆီကိုသာအဓိကစားသုံးကြပြီး ပဲဆီသည် ဈေးနှုန်းကြီးမြင့်ခြင်းနောက်ပိုင်းတွင် နေကြာဆီသွေးတိုးရောဂါဖြစ်ပွားမှု လျော့နည်းစေမှုများကြောင့် နေကြာဆီ ပိုမိုစားသုံးမှုများလာကြောင်း ဆီစက် လုပ်ငန်းရှင် ဦးစောထွန်းဝင်းထံမှ သိရှိရသည်။ **စန္ဒာမွန် (ကလေးမြို့)**

## ကျောက်ဆည်ခရိုင်အတွင်း $H_1N_1$ ရောဂါကာကွယ်ဆေး ဖြန့်ဖြူးရောင်းချနေသည့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၉ ရက်တွင် ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်များတွင်လည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင် စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်များတွင်လည်းကောင်း $H_1N_1$ ရောဂါကာကွယ်ဆေး ဖြန့်ဖြူးရောင်းချနေသည့် ဆေးဆိုင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့စသည့်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ ထိုသို့စစ်ဆေးရာဆေးဆိုင်များတွင် ($H_1N_1$) ရောဂါကာကွယ်ဆေး ဖြန့်ဖြူးရောင်းချနေခြင်းနှင့် ပတ်သက်၍ ဖြစ်သင့်သည့် ဈေးနှုန်းဖြင့် ပိုမို ရောင်းချခြင်းမပြုရန်နှင့် အဆိုပါ ဆေးတင်သွင်းခွင့် လျှောက်ထားလာပါက မိမိတို့ဌာနအနေဖြင့် လွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကွင်းဆင်းအသိပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **နှင်းလဲ့လဲ့**

# နမ္မတီးမြို့စည်ပင်သာယာဈေးရှိ အသားငါးဆိုင်များနှင့် လက်လီလက်ကားဆိုင်များအား ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနားခရိုင် စားသုံးသူရေးရာဦးစီးဌာနက ဦးစီး၍ နမ္မတီးမြို့ မြို့အုပ်ချုပ်ရေးမှူး၊ မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မိုးကောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ နမ္မတီးစည်ပင်ဈေးမှ တာဝန်ရှိသူများ ပါဝင်သည် ပူးပေါင်း အဖွဲ့သည် ဇူလိုင် ၄ ရက်တွင် နမ္မတီးမြို့ စည်ပင်သာယာဈေးအတွင်းရှိဝက်သား၊ ကြက်သား၊ အမဲသား၊ ငါး ရောင်းချသည့်ဆိုင်များနှင့် လက်လီလက်ကားကုန်စုံဆိုင်များအား ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မလတ်ဆတ်သည့် အသားငါးများရောင်းချခြင်း မတွေ့ရှိရသော်လည်း အသားငါးရောင်းချသည့် ဆိုင်ရှင်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ရောင်းချကြရန် အလေးချိန်မှန်ကန်ပြည့်ဝစေရန်နှင့် စားသုံးသူများကို အန္တရာယ်ဖြစ်စေနိုင်သည့် မလတ်ဆတ်သည့် ရက်ကျန်အသားများကို ရေခဲရိုက်၍ ရောင်းချခြင်း မပြုကြရန်၊ စားသုံးသူများ ထိခိုက်နစ်နာမှုရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူနိုင်ပြီး ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို ခရိုင်ဦးစီးမှူး ဦးကျော်မြင့်က ရှင်းလင်း ပြောကြား၍ အသားငါးဆိုင်ရှင်များအား သိရှိကြောင်း ကတိလက်မှတ်များ ရေးထိုးစေခဲ့ကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ ဈေးတွင်း ဈေးပြင်ရှိ လက်လီလက်ကားရောင်းချသည့် ကုန်စုံဆိုင်များတွင် သက်တမ်းကျော် လွန်သည့် စားသောက်ကုန်များ၊ FDA မှ တားမြစ်ထားသည့် ကုန်ပစ္စည်းများ ရှိ မရှိ ဆက်လက် စစ်ဆေးပြီး စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်စည်အညွှန်း ဖော်ပြခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**အိုက်ခမ်းတီ (ကချင်)**

# ရေဦးမြို့နယ်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် တာဝန်ခံသည်မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းရန် ဇူလိုင် ၅ ရက်တွင် ရေဦးမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဟောပြောပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံက စားသုံးသူကာကွယ်ရေး ဥပဒေနှင့် အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အလားတူပင်ဇူလိုင် ၂ ရက်ကလည်း မြို့နယ်တိုင်းရင်းဆေးမှူး၊ ဖိန်းကားကျေးရွာစားသုံးသူ ရေးရာအဖွဲ့များနှင့် ပူးပေါင်း၍ ဖိန်းကားကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင်အသိပညာပေး ဟောပြောခြင်း၊ ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းနှင့် စားသုံးသူတိုင်ကြားမှု လက်ခံစာတိုက်ပုံး ထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျောင်းစားသုံးသူရေးရာ အဖွဲ့ကိုအင်အားငါးဦးဖြင့် ဖွဲ့စည်းကာ ကျောင်းမုန့်ဈေးတန်းရှိ ဆေးဆိုင်တစ်ဆိုင်သို့စစ်ဆေးရာ ဓာတုဆိုးဆေး များလွန်းသော အနီရောင်ကပ်စေးပြား ၆၀ ခု၊ သုံး ခုလျှင် ကျပ် ၅၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁၀၀၀ အား ဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ပြီး နောက်ကျောင်းစားသုံးသူရေးရာအဖွဲ့နှင့်ကျေးရွာစားသုံးသူရေးရာအဖွဲ့များမှ ကျောင်းမုန့်ဈေးတန်းအား ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးခဲ့သည်။ **အောင်ညွန့်**

# ဈေးကွက်ဖော်ဆောင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံလျှော်ဖြူ အသင်းက ကျင်းပပြုလုပ်သော လျှော်ဖြူဈေးကွက်ဖော်ဆောင်ရေး ဆွေးနွေးပွဲကို မန္တလေးမြို့၊ တံခွန်တိုင်အဝိုင်း အနီးမဟာသုန္ဒရာ ရာမကျောင်းတိုက်တွင် ဇွန် ၃၀ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ဇော်လွင်နှင့်ဝန်ထမ်းများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရတနာပုံကုန်သွယ်မှုဗဟိုဌာနမှ ဦးစီးအရာရှိ ဒေါ်သက်သက်နိုင်တို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလျှော်ဖြူအသင်း ဥက္ကဋ္ဌ ဦးဇော်မိုးထွန်းက အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယအတွင်းရေးမှူး ဦးချမ်းကိုက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ စစ်ကိုင်းတိုင်းတာဝန်ခံ ဦးဇော်မင်းမှ ဈေးစံသတ်မှတ်ရခြင်း အားရခြင်းအား သုံးသပ်တင်ပြပြီး ခြံစိုက်တောင်သူကိုယ်စားလှယ်များ၏ အကြံဉာဏ်များရယူရာ ဦးမင်းဇော်၊ ကျောက်မြောင်းမှ မေးခွန်းမေးမြန်းခြင်းအား မကွေးတိုင်းတာဝန်ခံ ဦးဇော်လင်းထွဋ်က ရှင်းလင်း ဖြေကြားပေးခဲ့သည်။ ထို့နောက် လျှော်ဖြူစိုက်တောင်သူများ၊ ခြံပိုင်ရှင်များ၏ တောင်းဆိုမှုကြောင့် အများပိုင်ကုမ္ပဏီဖွဲ့စည်းရန်အတွက် ပဏာမအစု ရှယ်ယာကောက်ခံရာအစုတစ်ခုလျှင် တန်ဖိုးငွေကျပ်တစ်သိန်းဖြင့် ၁၆ ဦးမှ အစု ၈၆ စုထည့်ဝင်ခဲ့သည်။ ဆွေးနွေးပွဲသို့ တက်ရောက်သူ ၈၅ ဦးခန့်ကြောင်း သိရသည်။ **ချိုချိုမြင့်**

# ကုန်ပစ္စည်းထုတ်လုပ်သူလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေး

ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်က ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူ ကာကွယ်ရေးဥပဒေ အခန်း (၁၈)ပါ -ကုန်အညွှန်းအမှတ်အသား ပြဋ္ဌာန်းချက်များအား ကုန်ပစ္စည်းထုတ်လုပ်သူလုပ်ငန်းရှင်များ သိရှိနိုင်စေရန် အတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ပထမဦးစွာ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက အဖွင့်အမှာ စကားပြောကြားသည်။ ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူးက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များ၊ အခန်း(၁၈)ပါ ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများ၊ ကုန် အညွှန်းအမှတ်အသားဖော်ပြရာတွင် လိုက်နာဆောင်ရွက်ရမည့် ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေးခြင်း၊ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့်ဥပဒေများ၊ တားမြစ်ချက်များ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ အခန်း (၁၈)ပါ ပြဋ္ဌာန်းချက်များသည် စားသုံးသူကာကွယ်ရေးဥပဒေ ထုတ်ပြန်သည့် နေ့မှ တစ်နှစ်ပြည့်မြောက်ပြီးသည့် ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် စတင် အာဏာတည်မည်ဖြစ်၍ တက်ရောက်လာသော လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်ထားနိုင်ရန်နှင့် သိရှိ လိုက်နာ ဆောင်ရွက်သွားရန်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းချက်များကို ပြန်လည်ဖြေဆို၍ လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်။ အဆိုပါ ရှင်းလင်း ဆွေးနွေးပွဲသို့ ကချင်ပြည်နယ်မှ ကိတ်မုန့်စုံ၊ ဝိုင်နှင့်ယိုမျိုးစုံ၊ ရေခဲနှင့်ရေခဲမုန့်၊ ခေါက်ဆွဲ၊ အလှကုန်၊ တိုင်းရင်းဆေး၊ ပျားရည်၊ ဆီမျိုးစုံ ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင် စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့သည်။

**ခွာညို(မနောမြေ)**

# ခင်ဦးမြို့နယ် မြင်းဒေါင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် စံပြပညာအိမ် ကိုယ်ပိုင်ကျောင်းများ၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဌေးတင့်သည် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဆွေဦးလွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြ(နည်းစနစ်မှူး) ဒေါ်သင်းသင်းခိုင်တို့နှင့်အတူ ဇူလိုင် ၅ ရက်တွင် မြင်းဒေါင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် စံပြပညာအိမ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းတို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့သည်။

မြင်းဒေါင်း အခြေခံပညာအထက်တန်းကျောင်း၌ ဒုတိယမြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး အား/ကာ နည်းပြ (နည်းစနစ်မှူး) ဒေါ်သင်းသင်းခိုင်က အားကစားနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်တာဝန်ခံ ဦးဌေးတင့်က စားသုံးသူအဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူ၏ အခြေခံအခွင့်အရေးများ၊ ကုန်အညွှန်းအမှတ်အသားများနှင့် ၂၀၁၉ စားသုံးသူ ကာကွယ်ရေးဥပဒေတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများအား ပန်းဖလက်များ ဖြန့်ဝေပေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ ပါဝင်သော ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းဆောင်ရွက်၍ ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးဆောင်ရွက်ခဲ့သည်။

မြင်းဒေါင်းကျေးရွာရှိ စံပြပညာအိမ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်ရာ တက်ရောက်သူ ၁၆၈ ဦး တက်ရောက်ခဲ့ပြီး ပန်းဖလက်များ ဝေငှဆောင်ရွက်ခဲ့သည်။

**ဌေးတင့် (ခင်ဦး)**

# ရွှေဘိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးရန်မသင့် အစားအသောက်များ မြေမြှုပ်ဖျက်ဆီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုမြို့နယ် တာဝန်ခံ ဦးတင်စိုးနိုင်နှင့် အ. ထ. က (၁) အခြေခံပညာအထက်တန်းကျောင်းစားသုံးသူရေးရာအဖွဲ့တို့ ပူးပေါင်းပြီး ဇူလိုင် ၅ ရက်က စားသုံးရန်မသင့်သော အစားအသောက်များကို မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ စားသုံးရန်မသင့်သော အစားအသောက်များကို ဇွန် ၂၁ ရက်က ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်စိုးနိုင်နှင့် အ. ထ. က (၁) အခြေခံပညာ အထက်တန်းကျောင်း စားသုံးသူရေးရာအဖွဲ့တို့ ပူးပေါင်းပြီး ကျောင်းမုန့်ဈေးတန်းကို ဝင်ရောက် စစ်ဆေးရာ သက်တမ်းကုန် အစားအသောက်များ၊ စားသုံးရန်မသင့် ဓာတုဆိုးဆေးများ ပါဝင်နေသည် ဟု ယူဆရသော အချိုရည်များနှင့် ရက်လွန်မြန်မာမုန့်များအပါအဝင်၊ အမျိုးအမည် ခြောက်မျိုးတို့ကို သိမ်းဆည်းခဲ့ပြီး မြေမြှုပ်ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုးနိုင် (ရွှေဘို)**

# စီးတီးတက္ကစီမှတ်ပုံတင်ရန်နှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ စက် တင်ဘာလကုန်ထိ ဆောင်ရွက်ပေးမည်

စီးတီးတက္ကစီမှတ်ပုံတင်ပြုလုပ်ရန် ကျန်ရှိသော တက္ကစီယာဉ်များနှင့် စီးတီးတက္ကစီမှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းများကို စက်တင်ဘာလကုန်ထိ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)က လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

YRTA က စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သောကာလအတွင်း တက္ကစီယာဉ်ပိုင်ရှင်များက စနစ်တကျ လာရောက်သတင်းပို့ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာ တွင် စီးတီးတက္ကစီမှတ်ပုံတင်ပြုလုပ်ရန်နှင့်မှတ်ပုံတင်သက်တမ်းတိုးရန်အကြောင်း အမျိုးမျိုးကြောင့် ပျက်ကွက်ခဲ့သော တက္ကစီယာဉ်အသစ်များနှင့် စီးတီးတက္ကစီယာဉ်အချို့ကျန်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါယာဉ်ပိုင်ရှင်အချို့ကလည်း မှတ်ပုံတင်ခွင့်နှင့် သက်တမ်းတိုးခွင့်နှင့် သက်တမ်းတိုးခွင့်ဆောင်ရွက်ပေးပါရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် YRTA ရုံးချုပ်သို့ လျှောက်ထားမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

စီးတီးတက္ကစီယာဉ်အဖြစ် မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်းများကို YRTA ရုံးချုပ်၊ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက စစ်ဆေးအရေးယူခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း YRTA မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော တက္ကစီယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန်၊ တက္ကစီယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုကြီးကြပ်ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ တက္ကစီယာဉ်များကိုငှားရမ်းအသုံးပြုရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်များနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)တွင် စီးတီးတက္ကစီမှတ်ပုံတင်ခြင်း၊ စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင်**



## ပုဂံတွင် လည်ပတ်နေသည့် ဟိုတယ်များ မဖျက်သိမ်းရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရ

ပုဂံဒေသတွင် လည်ပတ်နေသည့် ဟိုတယ်များ မဖျက်သိမ်းရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရကြောင်း ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

ယူနက်စကိုအသိအမှတ်ပြုရန်အတွက် တင်လျှောက်ရာတွင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း လည်ပတ်နေသည့် ဟိုတယ်များအား မဖျက်သိမ်းရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ရပြီး ယူနက်စကိုဘက်က အသိအမှတ်ပြု လက်ခံစဉ်းစားပေးသည့်အတွက် ယခုကဲ့သို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေ ပေါ်လာပြီးမှ ဟိုတယ်ပိုင်ရှင်တို့၊ စီးပွားရေးလုပ်ငန်းရှင်တို့ဖြစ်လာတာ။ အဲဒီလို ပေါ်စအချိန်မှာ ဒီဟိုတယ်တွေ ဖျက်လိုက်ရင် မြန်မာနိုင်ငံသားတွေကအရင်းမဲ့ဘဝကို ပြန်ရောက်သွားလိမ့်မယ်။ ဒီလောက်အကုန်အကျခံထားတာ ဖျက်သိမ်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် မဖျက်သိမ်းဖို့အတွက် တင်ပြခဲ့တာပါ"ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

သို့ရာတွင် ယဉ်ကျေးမှုဇုန်အတွင်းရှိ မြို့ရွာများ ရွှေ့ပြောင်းရန် မလိုအပ်သော်လည်း ဆောက်လုပ်ပြီးနှင့် ဆောက်လုပ်ဆဲ ဟိုတယ်များအား ၂၀၂၈ ခုနှစ်အပြီး ဖယ်ရှားပေးရန်အတွက် အစိုးရ၏သဘောတူညီမှုထဲတွင် ပါရှိကြောင်းလည်း ရှေးဟောင်းသုတေသနပညာအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇူလိုင် ၆ ရက်တွင် ကျင်းပခဲ့သည့် ၄၃ ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတွင် ပုဂံဒေသ အား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသအဖြစ် ကြေညာခဲ့ခြင်းဖြစ်ပြီး ကြေညာပြီးနောက်ပိုင်းတွင် အဆိုပါဒေသအတွက် ယူနက်စကို၏ စီမံခန့်ခွဲမှုများနှင့်အတူ နိုင်ငံတကာမှ နည်းပညာများ၊ ငွေကြေးထောက်ပံ့မှုများ ရရှိလာနိုင်သလို ပြည်တွင်းခရီးသွားလုပ်ငန်းမှာလည်း တိုးတက်လာနိုင်ကြောင်း ပညာရှင်များက သုံးသပ်ပြောဆိုထားသည်။ **ချောစု**

# ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်သည့် မိုးကုတ်ကျောက်မျက်များကို Limited Edition ဖြင့် ရောင်းချပေးသွားမည်

ပြည်တွင်းရှိ ကျောက်မျက်ဈေးကွက်အတွင်း ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားသည့် မိုးကုတ်ကျောက်မျက်ရတနာများကို Limited Edition ဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း မိုးကုတ်ဆူးလေ ကျောက်မျက်ရတနာ အရောင်းဆိုင်မှ သိရသည်။

ကျောက်မျက်ရတနာ ဝတ်ဆင်ကြသူများအနေဖြင့် ယခုနောက်ပိုင်းတွင် ကိုယ်ပိုင်ဒီဇိုင်းထွင်၍ ဝတ်ဆင်လာကြသလို ပန်းပွင့်ပုံစံဒီဇိုင်းများ၊ ဖန်စီဆန်ဆန်ဒီဇိုင်းများကိုလည်း ဝတ်ဆင်လာကြကြောင်း သိရသည်။

"အစ်မတို့က သဘာဝကျောက်တွေကိုပဲ ကိုယ်ပိုင်ဒီဇိုင်းနဲ့ ပန်းပွင့်ပုံဖော်တယ်။ တစ်မျိုးကိုတစ်ခုပဲ ထုတ်တယ်။ အခုခေတ်ပုံစံအကြိုက် ဒီဇိုင်းလေးတွေ ထုတ်တယ်။ လူတစ်ယောက်ကို ဒီဇိုင်းတစ်ခုပဲ၊ ထပ်မထုတ်ဘူး။ အခု စမိတ်ဆက်ထားတဲ့ လက်စွပ်၊ နားကပ်၊ ဆွဲသီးတွေကိုလည်း Limited Editon ထုတ်သွားမှာပါ။ နောက်ပိုင်းမှာလည်း ဆူးလေမိုးကုတ်ရဲ့ Item ကွဲတွေကိုလည်း Limited Edition လုပ်သွားဖို့ ရှိပါတယ်"ဟု ဆူးလေမိုးကုတ် ကျောက်မျက်ရတနာဆိုင်ပိုင်ရှင် ဒေါ်ဆုရည်မွန်ဇင်က ပြောသည်။

"အခု Flower Collection နဲ့ အတူ ငွေထည်နဲ့ ဖန်စီဒီဇိုင်းအတွက် အသစ်ထုတ်ထားတာလည်း ရှိပါတယ်။ မြန်မာတွေအတွက် ပစ်တိုင်းထောင်ပုံစံ Charm လေးတွေကိုထုတ်ထားပေးတယ်။ မြန်မာနိုင်ငံကိုယ်စားပြု အလံလေးတွေကိုလည်း ထည့်ပေးထားပါတယ်။ အစ်မတို့ပေးတဲ့ Certificate ဆိုတာကလည်း ဒီဇိုင်းအပေါ်မှာ ပေးတာပါ။ ဒီဟာက တခြားကို ထပ်မထုတ်ပေးဘူးဆိုတဲ့ပုံစံနဲ့ ဝယ်ယူသူရဲ့ ဓာတ်ပုံနဲ့တကွ ထုတ်ပေးတာပါ။ ကွာလတီနဲ့ ဆားဗစ်ပိုင်းအတွက်ကိုလည်း ထိန်းပေးထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ ကျောက်မျက်အထည်များမှာ ဝယ်ယူသူအကြိုက်ပေါ် မူတည်၍ ကျပ် နှစ်သိန်းမှ ကျပ် ၁၀ သိန်းဝန်းကျင်ရှိ ပစ္စည်းများမှာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ **ချောစု**

# Bringing Powerful Stories to Life စကားဝိုင်းပြုလုပ်မည်

ဘဝအတွက် အောင်မြင်မှုများရရှိရန် လုပ်ဆောင်ရမည့် အချက်များကို စီးပွားရေးနယ်ပယ်အသီးသီးမှ အာဆီယံ စီးပွားရေးထူးချွန်ဆုရရှိထားသော စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးမည့် "Bringing Powerful Stories to Life" စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စကားဝိုင်းတွင် စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "Bringing Powerful Stories to Life" ခေါင်းစဉ်ဖြင့် Keynote Speech ကို ပြောကြားမည်ဖြစ်ပြီး ဒေါက်တာ အောင်ထွန်းသက်နှင့် အတူ ဦးထွန်းထွန်းနိုင် (Chairman, Blue Ocean Operating Management)၊ ဒေါက်တာ သက်သက်ခိုင် (Managing Director, ရွှေနန်းတော်စိန်ရွှေရတနာ လုပ်ငန်းစု)၊ ဒေါက်တာထက်ဇံလင်း (CEO, On Doctor Co.,Ltd)နှင့် ဒေါ်မြင့်မြင့်ခင် (Director, မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်လုပ်ငန်း)တို့က ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကို စကားဝိုင်းအဖြစ် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အပြောင်းအလဲ၊ အတက်အကျနှင့် ပြိုင်ဆိုင်မှု များပြားနေသော ယနေ့ခေတ်ကာလတွင် အောင်မြင်မှုရရှိရန် အခြေခံကောင်းများ၊ အရည်အသွေးကောင်းများကို လေ့လာလိုသူများအနေဖြင့် အမည်၊ ဖုန်းနံပါတ်၊ အလုပ်အကိုင်ရာထူး၊ ကုမ္ပဏီအမည်နှင့် E-mail လိပ်စာကိုဖော်ပြကာ ဖုန်း- ၀၉၉၆၈၅၅၇၅၆၀၊ ၀၉၇၈၅၆၀၆၀၆၀ တို့သို့ SMS ဖြင့် အခမဲ့ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိ လိုပါက ဖုန်း- ၀၉၉၆၈၅၅၇၅၆၀ နှင့် ၀၉၇၈၅၆၀၆၀၆၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# MPT က ဆောင်ရွက်မည့် လူမှုအကျိုးပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ယခုနှစ်အတွင်း ဆောင်ရွက်မည့် လူမှုအကျိုးပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲကို ဇူလိုင် ၁၂ရက်က ရန်ကုန်မြို့ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်တွင် ပြုလုပ်ခဲ့သည်။

ယခုနှစ်အတွင်း (၈)ကြိမ်မြောက် နိုင်ငံအဝန်း သွေးလှူဒါန်းခြင်းကို ဇူလိုင် ၁၈ ရက်တွင်လည်းကောင်း၊ တတိယအကြိမ် နိုင်ငံအဝန်း သစ်ပင်စိုက်ပျိုးခြင်း လှုပ်ရှားမှုများကို ဇူလိုင်လနှင့်ဩဂုတ်လတွင် လည်းကောင်း၊ ပြည်သူအများ အသိအမြင်များ တိုးတက်လာစေရန်နှင့် အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် MPT ၏ 'စိမ်းလန်းစေဖို့ ရှေ့ဆက်စို့' လှုပ်ရှားမှုကိုလည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင်တတိယအကြိမ်မြောက်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"MPTအနေနဲ့ မိမိတို့ရဲ့ စီးပွားရေး လုပ်ငန်းတွေ ဖော်ဆောင်နေတဲ့ ဝန်းကျင်အတွက်လည်း လူမှုအကျိုးပြုလုပ်ငန်းတွေကို ပြန်လည်ပေး စွမ်းဆောင်ရွက်နေပါတယ်။ လူမှုအဖွဲ့အစည်းတွေတိုးတက်လာတာနဲ့အညီ သူတို့ရဲ့လိုအပ်ချက်တွေ ဟာလည်းပိုပိုပြီးတိုးလာသလို ကျွန်တော်တို့အနေနဲ့ ဒီလိုတိုးတက်လာတဲ့ လိုအပ်ချက်တွေကိုဖြည့်စွမ်းနိုင်ဖို့အတွက် ဝန် ဆောင်မှုတွေကို တိုးပြီးပေးအပ်နေပါတယ်။ ဒီလိုပေးအပ်နိုင်တာက တစ်ဆင့် သုံးစွဲသူနဲ့ ဝန်ဆောင်မှုပေးသူအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှာဖြစ်ပြီး MPT နဲ့ မြန်မာပြည်သူတွေအကြားမှာ ရေရှည်တည်တံ့တဲ့ဆက်ဆံရေးတစ်ခုကို ဖန်တီးဖြစ်ပေါ်စေမှာပါ။ MPT ဟာ မြန်မာနိုင်ငံရှေ့ကို လှမ်းချီနိုင်စေဖို့အတွက် နည်းပညာကဏ္ဍမှာရော လူမှုဝန်းကျင်အတွက်လိုအပ်တဲ့ကဏ္ဍတွေမှာပါ ဖြည့်စွမ်းဆောင်ရွက်သွားမှာပါ"ဟု MPT-KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်မှုဌာန ဒုတိယအရာရှိချုပ် ဦးမြင့်သိန်းထွန်းက ပြောသည်။

**သန်းထိုက်အောင်**

# စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေး၊ ကျောင်းစားသုံးသူရေးရာအဖွဲ့ငယ်များ၊ CICCတိုင်ကြားစာ စာတိုက်ပုံးထားရှိခြင်းများ ဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒု- ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မူ၊ စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်း ဒု- ဦးစီးမှူးတို့ ပူးပေါင်း၍ စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများကျင်းပခြင်း၊ ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးခြင်းနှင့် ကျောင်းစားသုံးသူရေးရာအဖွဲ့ငယ်များ၊ CICC တိုင်ကြားစာ စာတိုက်ပုံးများ ထားရှိခြင်းအခမ်းအနားကို ဇူလိုင် ၂ ရက်တွင် ကျောင်းသား/သူ ၃၂၅ ဦး၊ ဆရာ၊ ဆရာမ ၁၅ ဦး၊ ပြည်သူ သုံးဦး စုစုပေါင်း ၃၄၃ ဦး တက်ရောက်ခဲ့သည်။

စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံ ဆရာမကြီး ဒေါ်ခင်မျိုးဆွေမှ အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မူက ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စားသုံးသူရရှိမည့် အခွင့်အရေးများ၊ မိမိတို့ဌာနတွင် ဖွင့်လှစ်ထားရှိသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ CICC ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးကာ စားသုံးသူတို့၏ အခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါက CICC သို့ တိုင်ကြားနိုင်ကြောင်း၊ စစ်ကိုင်းမြို့နယ် တာဝန်ခံက FDA မှ စားသုံးရန် မသင့် ထုတ်ပြန်ထားသော အစားအစာများ အကြောင်း၊ ဆိုးဆေးများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးရာတွင် ရုံးများ ဖွင့်လှစ်ထားရှိပြီး တိုင်ကြားနိုင်ကြောင်း၊ ကျောင်းသား/သူများအတွက် အာဟာရဖြစ်စေရန် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ဈေးသည်များအနေဖြင့် ရောင်းချပေးစေလိုကြောင်း၊ မုန့်များနှင့် အချိုရည်များတွင်သက်တမ်း ရှိ၊ မရှိ၊ စားသုံးရန် သင့်/ မသင့်၊ အသုပ်ဆိုင်များတွင် သန့်ရှင်းမှု ရှိ/ မရှိကို စစ်ဆေးခဲ့ကြောင်း၊ ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ CICC တိုင်ကြားစာ စာတိုက်ပုံးများလည်း ထားရှိပြီးဖြစ်ကြောင်းနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ယဉ်အောင် (စစ်ကိုင်း)**

## ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့တွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဇူလိုင် ၅ ရက်တွင် ပုလောမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းက စားသုံးသူအကာအကွယ်ပေးရေးပေါ်ပေါက်လာပုံ၊ ဌာနဖွဲ့စည်းပုံ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် ကျောင်းသား/သူများအား ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့် ရက်စွဲ၊ ထောက်ခံချက်၊ နေရပ်လိပ်စာအပြည့်အစုံကိုကြည့်ပြီး ဝယ်ယူစားသုံးတတ်စေရေး၊ စားသုံးသူ ကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များအား အသိပညာပေးဆွေးနွေးပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲ ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ကျန်းမာရေးဌာနက တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်/သုံးစွဲရန် မသင့်သော အစားအသောက်များအကြောင်းကိုလည်းကောင်း အန္တရာယ်ဖြစ်စေနိုင်သော စားသုံးရန်မသင့်သည့် ဆိုးဆေးပါဝင်သော အစားအသောက်များအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြော ဆွေးနွေးခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ဆရာ/ဆရာမ ၂၀ ဦး၊ ကျောင်းသား/သူ ၄၈၅ ဦး၊ စုစုပေါင်း ၅၀၅ ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **ရွှေဝယ်သား**

## ပုသိမ်မြို့၌ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်းဒေသကြီး) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မဟာဗန္ဓုလလမ်း Swen Hotel အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်းဒေသကြီး) အသင်း၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၃ ရက်တွင်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့စိုက်ပျိုးရေး၊ မွေးမြူရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်အောင်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဦးစီး၊ ခရိုင်ဦးစီးမှူးနှင့် ပုသိမ်မြို့နယ်ဦးစီးမှူး၊ တိုင်းမွေးမြူရေး အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် EC/CEC များ၊ မြို့နယ်များမှ မွေးမြူရေး လုပ်ငန်းရှင်များ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးဦးတင်အောင်ဝင်းက တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းကို အားထား ဆောင်ရွက်နေသလို မွေးမြူရေး လုပ်ငန်းများလည်း အောင်မြင်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောင်းလဲလာသောခေတ်နှင့်အညီ မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာ ဈေးကွက်အခြေအနေ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တွေ့ကြုံရမည့် စိန်ခေါ်မှုများလည်းရှိကြောင်း တိုင်းအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် မွေးမြူရေးအသင်း ARCCI ဥက္ကဋ္ဌတို့တွေ့ဆုံကာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ကူညီချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးကလည်း မွေးမြူရေးခြံများ မှတ်ပုံတင်ရန်ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်အတိုင်း မွေးမြူရန်နှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်ဈေးကွက် အခြေအနေပေါ်မူတည်ပြီး မွေးမြူရန် မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ အားသာချက် အားနည်းချက်များကိုရှင်းလင်း၍ တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းခဲ့ရာ တိုင်းဦးစီးမှူးက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ ပထမခြောက်လပတ်လုပ်ငန်းဆောင်ရွက်နေမှုများအား ပြန်လည်သုံးသပ်ပြီး ဒုတိယ(၆)လပတ်ရှေ့ လုပ်ငန်းစဉ်များအား တက်ရောက်လာသော အသင်းသားများက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ရောမြေ (ပုသိမ်)**

## ပေါင်းတလည်မြို့ပေါ်ရှိ အလှကုန်ရောင်းချသည့်ဆိုင်များအား ပူးပေါင်းမိတ်ဖက်ဌာနများနှင့် ကွင်းဆင်းစစ်ဆေး

ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဇူလိုင် ၄ ရက်တွင် မိတ်ဖက်ဌာနများဖြစ်သော ခရိုင် FDA၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်ထွေအုပ်စတဲ့ဌာနဆိုင်ရာများ ပူးပေါင်း၍ပေါင်းတလည်မြို့ပေါ်ရှိ အလှကုန်ရောင်းချသည့်ဆိုင်များတွင် FDA ဌာနမှ သုံးစွဲရန်မသင့်ဟု တရားဝင်ထုတ်ပြန်ထားသော အလှကုန်များ ရောင်းချခြင်း ရှိ/မရှိနှင့် သက်တမ်းလွန်အလှကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် နောက်ဆုံးသုံးစွဲရမည့်သက်တမ်း (Expir Date)ကျော်လွန်နေသော အလှကုန်များဖြစ်သည့် Olay၊ MORI၊ ရွှေပြည်နန်း(သနပ်ခါး)၊ PONDS၊ NIVEA၊ Doaru၊ Cute Press၊ Mistine၊ Clear၊ Garnier စတဲ့ အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းအရေအတွက် ၂၂ ခုတို့အား မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက သိမ်းဆည်းခဲ့ပြီး ရောင်းချသောဆိုင်ရှင်များအား နောင်တွင် Expire Date ကျော်လွန်နေသော အလှကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း စသည့်အရေးယူမှုများ ဆောင်ရွက်ခဲ့သည်။ **ဝင်းလှဲ့ဝါ (ပြည်)**

## အခြေခံပညာကျောင်းများသို့ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုကြီးကြပ်ရေးမှူး ဦးသိန်းအေးနှင့် တာဝန်ရှိသူ ဝန်ထမ်းများသည် ဇူလိုင် ၁၀ ရက်တွင် အင်းစိန်မြို့နယ်အတွင်းရှိ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်းများသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲများနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူများအား ကွင်းဆင်းပညာပေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ်အတွင်းရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းအုပ် ဆရာမကြီး(ကိုယ်စား) ဆရာမဒေါ်မာလာက အဖွင့် အမှာစကားပြောကြားပြီးနောက် မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုကြီးကြပ်ရေးမှူး ဦးသိန်းအေးက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ဆောင်ချက်များကိုလည်းကောင်း၊ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခိုင်ရွှေက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ် ချက်၊ စားသုံးသူကာကွယ်ရေးဥပဒေသစ်ပါ စားသုံးသူ၏ အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်ညွှန်း အမှတ်အသားဖော်ပြခြင်း၊ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း၊ ဒုတိယဦးစီးမှူး ဒေါ်နီလာသန်းက ခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ တိုင်ကြားလာသည့် ကုန်စည်/ ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင် ရွက်ထားရှိမှုများကို အသေးစိတ်ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအုပ် ဆရာမကြီး (ကိုယ်စား)ဆရာမ ဒေါ်သန်းသန်းကြွယ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နီလာဦးက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲသို့အမှတ်(၈)အခြေခံပညာအထက်ကျောင်းမှ ဆရာ/ ဆရာမ၊ ကျောင်းသား/ကျောင်းသူနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူ စုစုပေါင်း ၂၃၉ ဦး၊ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းမှ ဆရာ/ ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၂၁၇ ဦး တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲသို့ တက်ရောက်သူများအား 'စားသုံးသူပြည်သူများအန္တရာယ် ကင်းစေဖို့ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတန်းပါလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခိုင်ရွှေ (ရန်ကုန်)**

## တာချီလိတ်မြို့ နယ်စပ်ကုန်သည်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ အသိပညာပေးဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေး ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များအားစားသုံးသူပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အား ဥပဒေညွှန်ကြားချက်များနှင့်အညီအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက် ကျင်းပသည့် တာချီလိတ်မြို့နယ် မယ်ယန်းကုန်သွယ်ရေးစခန်း၏လစဉ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး၌ တာချီလိတ်မြို့နယ်ဌာနဆိုင်ရာများ၊ (OSS) တာဝန်ခံများ၊ နယ်စပ်ကုန်သည် အသင်းတာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင် ၄၀ ခန့်တို့ တက်ရောက်ခဲ့ကြသည်။

ကုန်သွယ်ရေးဦးစီးဌာန၊ (မယ်ယန်း)စခန်းတာဝန်ခံက ကုန်သွယ်မှုလုပ်ငန်း များကိုရှင်းလင်းခြင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ ဥပဒေပြဋ္ဌာန်းချက်များပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် အာမခံပေးရမည့် အချက်များအပေါ် စားသုံးသူမှ တောင်းဆိုနိုင်သည့် အခွင့်အရေးများနှင့် အခန်း(၁၈)ကုန်အညွှန်းအမှတ်အသားပါပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အလားတူစွာ တက်ရောက်လာသည့် ဌာနဆိုင်ရာနှင့် (OSS) တာဝန်ခံများမှလည်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ကုန်သွယ်မှု တိုးတက်ရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးသွားနိုင်မည့် ကိစ္စရပ်များကို စခန်းတာဝန်ခံက ဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

**ရန်နောင် (ကျိုင်းတုံ)**

## ဘားအံမြို့ရှိ အ・ထ・ကခွဲ (၂)နှင့် အ・ထ・က ခွဲ (၃)တို့တွင် စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး



ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် အခြေခံပညာအထက်တန်းကျောင်းခွဲတို့၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၈ ရက်က အခြေခံပညာအထက်တန်းကျောင်း ခွဲ(၂)တွင်လည်းကောင်း၊ ဇူလိုင် ၉ ရက်က အခြေခံပညာ အထက်တန်းကျောင်းခွဲ(၃)တွင်လည်းကောင်း၊ ငါးတန်းမှ ၁၀ တန်းကျောင်းသား/သူများ၊ ကျောင်းသားမိဘများ၊ ကျောင်း အုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများကို အသိပညာပေးဟောပြောပွဲဆောင်ရွက်ခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က ဟောပြောရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက် ပြဋ္ဌာန်းချက်များမှ စားသုံးသူတိုင်းသိသင့်သည့် စားသုံးသူ အခဓိပ္ပာယ်၊ ကုန်စည်နှင့်ဝန်ဆောင်မှု၊ စားသုံးသူကာကွယ်ရေးအကြောင်း၊ စားသုံးသူများရရှိနိုင်သည့် အခွင့်အရေးများနှင့်တာဝန်များ၊ စားသုံးသူနစ်နာဆုံးရှုံးလျှင် တိုင်ကြားနိုင်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စားသုံးသူတို့ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဆောင်ရန်/ရှောင်ရန်တို့ကို သိရှိထားခြင်းကြောင့် အကျိုးကျေးဇူးရရှိနိုင်သည့်အကြောင်းအရာများစသည့်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းများစစ်ဆေးခြင်း၊ ရောင်းချသည့် မုန့်များသန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ စားသုံးရန်မသင့်သည့် မုန့်များ မရောင်းချရေး၊ ဈေးသည်များအား အသိပညာပေးခြင်း၊ ကောင်းမွန်သောပတ်ဝန်းကျင် ဖြစ်စေရေးလိုအပ်သည်များကို သက်ဆိုင်ရာကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

## လက်ပံတန်းမြို့ အ.ထ.က ( ၂ )တွင် စားသုံးသူကာကွယ်ရေး ဆွေးနွေးဟောပြော

စားသုံးသူရေးရာ ဦးစီးဌာန သာယာဝတီခရိုင် လက်ပံတန်းမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၀ ရက်တွင် ကျောင်းသား/ကျောင်းသူ ၄၇၅ ဦး၊ ဆရာ/ဆရာမ ၂၂ဦး၊ မုန့်ဈေးတန်းတွင်ရောင်းချသူ ရှစ်ဦး စုစုပေါင်း၅၀၅ ဦးနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေး ဥပဒေပါ အကြောင်းအရာများ၊ အစားသောက်များကို ဘေးအန္တရာယ် ကင်းရှင်းစွာ ရွေးချယ်ဝယ်ယူ စားသောက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရေး ဆွေးနွေးဟော ပြောဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ငွေးက အဖွင့်စကားပြောကြားပြီး စားသုံးသူရေး ရာဦးစီးဌာန သာယာဝတီခရိုင် ဦးစီးမှူးဦးမြင့်စိုးက စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉/၂၀၁၉)ဖြင့် နိုင်ငံတော် သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဥပဒေတွင် အခန်း(၂၅)ခန်းနှင့် ပုဒ်မ(၈၄)ခုပါရှိကြောင်း၊ အခန်း(၉)ပါစားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ အခန်း(၁၁)ပါ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အခန်း(၁၃)ပါ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ဓာတုဆိုးဆေးအန္တရာယ်နှင့် တာရှည်ခံဆေးများ၊ ယင်မနားဆေးတို့၏ ဘေးအန္တရာယ်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်း ဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ခိုင်ခိုင်ရီ (သာယာဝတီ)**

## ဖျာပုံမြို့တွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးရေးဥပဒေ ရှင်းလင်းအသိပညာပေး

ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၉ ရက်တွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဥပဒေရှင်းလင်း အသိပညာပေးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးစိုးနိုင်ထူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်/မြို့နယ် ဝန်ထမ်းများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များစုစုပေါင်း ၁၀၀ ဦး တက်ရောက်ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်က ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဥပဒေပါ မှတ်ပုံတင်ခြင်းနှင့် လိုအပ်သောစာရွက်စာတမ်းများ၊ မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေများ၊ ထုတ်လုပ်သည့်စားသောက်ကုန်၊ အလှကုန်နှင့်လူသုံးကုန်များကိုလည်း ဓာတ်ခွဲစမ်းသပ်နိုင်မှုများအား ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## ချောင်းဦးတွင် ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်အား တွေ့ဆုံ

ချောင်းဦးမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ကောင်းထက် (ကိတ်နှင့် မုန့်မျိုးစုံ) လုပ်ငန်းသည် ထုတ်လုပ်သည့် မုန့်များကို ချောင်းဦးမြို့နယ်သာမက မုံရွာနှင့် ပခုက္ကူမြို့နယ်များသို့ပါ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အသေးစား စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာန၊ ချောင်းဦးမြို့နယ်တာဝန်ခံ၊ ဒု-မြို့နယ်တာဝန်ခံ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စားသုံးသူရေးရာအဖွဲ့ဝင်တစ်ဦးတို့သည် ဇူလိုင် ၃ ရက်တွင် အဆိုပါလုပ်ငန်းရှင်ထံသို့ သွားရောက်ကွင်းဆင်း တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ရာ လုပ်ငန်းရှင်မှ ၂၀၁၁ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ဂျုံ၊ သကြား၊ ဆီ စသည့်ကုန်ကြမ်းများကို မုံရွာမြို့မှ ဝယ်ယူကြောင်း၊ ကြက်ဥကို ချောင်းဦးမြို့နယ်မှပင်ရရှိကြောင်း၊ မိသားစုနှင့် လုပ်သားအင်အား ၁၃ ဦးဖြင့် ဆောင်ရွက်လျက်ရှိကာ အစားအသောက်လုံခြုံစိတ်ချရမှုအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ထောက်ခံချက်လက်မှတ်ဖြင့် ထုတ်လုပ်လျက်ရှိပါကြောင်း၊ ကိတ်ခြောက် ၈၅၀ ကျပ်တန်ကို အဝေးသို့ အဓိကတင်ပို့ပြီး မုန့်အစိုများကို မြို့နယ်အတွင်း ဆိုင်များသို့ အရောက်ပို့စနစ်ဖြင့် ပို့ဆောင်ပေးကြောင်း၊ မှိုတက်ပျက်စီးလျှင် တာဝန်ယူ၍ ပြန်လည်လဲလှယ်ကြောင်း သိရှိရသည်။

ထို့နောက်ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်အား စားသုံးသူများ၏ အခွင့်အရေးများ၊ သတိပြုရမည့်အချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို လက်ကမ်းစာစောင်များဖြင့် ဖြန့်ဝေအသိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**မန်လမ့်တွန် (ချောင်းဦး)**

**စာမျက်နှာ (၂၇) မြန်မာကုန်သွယ်မှုဗဟိုဌာန၏ သုံးနှစ်တာခရီးနှင့် . . . မှအဆက်**

tem*wft wufar mfe cuf m;

ယခင်က အာရှ အာဆီယံနိုင်ငံများနှင့် အဓိက ကုန်သွယ်မှုပြုရာမှ ယခုအခါ ဝယ်လိုအားရှိပြီး အကောက်ခွန် အခွင့်အရေးပေးသည့် အမေရိကန်၊ ဥရောပသမဂ္ဂစသည့်နိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့ရန်ရောင်းသူနှင့် ဝယ်သူအကြား တံတားတစ်စင်းသဖွယ်ဖြစ်သည့် စီးပွားရေးသံမှူးများအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တိုင်းပြည်၏ ထွက်ကုန်များ နိုင်ငံတကာဈေးကွက်ရရှိရန် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ရပါမည်။ ဝန်ထမ်းများသည် ပြည်သူအား အကောင်းဆုံး ဝန်ဆောင်မှုပေးရန်နှင့် ရလဒ်ကောင်းများရရှိ အောင် မခိုမကပ်ဘဲ အားသွန်ခွန်စိုက်ကြိုးပမ်း၍ ဝန်ကြီးဌာနနှင့်တိုင်းပြည်တိုးတက်အောင် အလုပ်အကျွေးပြုရမည် ဖြစ်သည်။

အိမ်နီးချင်းနှင့် အာရှနိုင်ငံများသည် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အစည်းကို ထူထောင်၍ လုပ်ငန်းရှင်များအား ဌာနမှ ဝန်ဆောင်မှုပေးခဲ့ရာ အတော်ပင် ခရီး ရောက်နေပြီး ကမ္ဘာ့ကုန်စည်ပြပွဲများကိုလည်း စနစ်တကျ လက်ခံကျင်းပနိုင်ကြောင်း တွေ့ရှိရ သည်။ သို့သော်လည်း အကြံတူလျှင် နောက်လူ သာစမြဲမို့ အခြားနိုင်ငံများ၏ အခက်အခဲ၊ အတွေ့အကြုံ၊ စိန်ခေါ်မှုစသည့် ကိစ္စရပ်များကို လေ့လာပြီး ဖြေရှင်းဆောင်ရွက်နိုင်လျှင် အနာဂတ်၌ စီးပွားရေးလုပ်ငန်းရှင်များ၏ အားကိုးယုံကြည်မှုရရှိရုံသာမက MyanTrade ၏ အောင်မြင်မှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာမည် ဖြစ်သည်။



# ရီးရဲလ်ကစားသမား ဟာဇက် ချယ်လ်ဆီး အမှတ်တံဆိပ် ပစ္စည်းများကို အသုံးပြုနေဆဲဖြစ်

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ စပိန်လာလီဂါ ကလပ် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပေါင်သန်း ၁၀၀ ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည့် ဘယ်လ်ဂျီယံတောင်ပံကစားသမား ဟာဇက်သည် လက်ရှိအချိန်တွင် အသင်းဟောင်း ချယ်လ်ဆီး၏ အမှတ်တံဆိပ်ပါ ပစ္စည်းများကို အသုံးပြုနေဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဟာဇက်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ရာသီအကြိုခြေစမ်းပွဲ ခရီးစဉ်တွင် ချယ်လ်ဆီးအသင်း အမှတ်တံဆိပ်ပါ အသုံးအဆောင်ပစ္စည်းများကို ကိုယ်နှင့်တစ်ပါတည်း ယူဆောင်အသုံးပြုနေသည်ကို မီဒီယာများက ဖော်ပြနေကြသည်။

'ဟာဇက်ရဲ့ ငယ်ဘဝအိပ်မက်က ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝပါ။ ခုတော့ သူ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ ဘာနေဗျူးကွင်းကို ခြေချခွင့် ရရှိနေပါပြီ။ ဒါပေမယ့် ဟာဇက်ဟာ သူကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းကို ချစ်နေဆဲ၊ သံယောဇဉ်ရှိနေဆဲပါ။ ချယ်လ်ဆီးအသင်းအပေါ်မှာ သစ္စာစောင့်သိခဲ့တဲ့ ကစားသမားကောင်းတစ်ဦးပါ။ လက်ရှိ သူ့ရဲ့ အသုံးအဆောင် ပစ္စည်းတွေကိုကြည့်ရင် သိနိုင်ပါတယ်။ ချယ်လ်ဆီးအသင်းကို သူဘယ်လောက်အထိ သံယောဇဉ် ရှိနေတယ်ဆိုတာကိုပေါ့' ဟု ဟာဇက်၏ အေးဂျင့်က ပြောသည်။

ဟာဇက်သည် လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ရာသီအကြိုခြေစမ်းပွဲများ ကစားရန်အတွက် အမေရိကသို့ ရောက်ရှိနေသည်။ လက်ရှိ ဟာဇက်အသုံးပြုနေသည့် လက်ကိုင်ဖုန်း၊ အိတ်နှင့် တခြား အသုံးအဆောင်ပစ္စည်းအချို့မှာ ချယ်လ်ဆီးအသင်း အမှတ်အသားပါ တံဆိပ်ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။

# လူကာကူကို ပေါင် ၇၅ သန်းဖြင့် ခေါ်ယူနိုင်မည်ဟု အင်တာမီလန် ယုံကြည်နေ



အီတလီ စီးရီးအေကလပ် အင်တာမီလန်အသင်းသည် မန်ယူအသင်းမှ ဘယ်လ်ဂျီယံ တိုက်စစ်မှူး လူကာကူကို ပေါင် ၇၅ သန်းဖြင့် ခေါ်ယူနိုင်မည်ဟု ယုံကြည်လျက်ရှိနေကြောင်း သိရသည်။

မန်ယူအသင်းက ၎င်းတို့၏ တိုက်စစ်မှူး လူကာကူကို ရောင်းထုတ်ရန် ဆန္ဒရှိနေသလို အင်တာမီလန်အသင်းကလည်း လူကာကူကိုခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်နေသည်။ သို့သော် အင်တာမီလန်အသင်း၏ ကမ်းလှမ်းမှုမှာ ယခုအချိန်ထိ အောင်မြင်မှု မရရှိသေးဘဲ အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် လူကာကူသည် မန်ယူအသင်း၏ ရာသီအကြို အာရှခြေစမ်းပွဲ ခရီးစဉ်ကို လိုက်ပါသွားသည်။ အင်တာမီလန်အသင်းအနေဖြင့် အသင်းရှိ အာဂျင်တိုင်းသား အိုင်ကာဒီကို ရောင်းထုတ်တော့မည်ဖြစ်ရာ ၎င်း၏နေရာတွင် အစားထိုးရန်အတွက် ထိပ်တန်းတိုက်စစ်မှူးတစ်ဦး လိုအပ်လျက်ရှိနေသည်။

အင်တာမီလန်အသင်းတွင် တိုက်စစ်မှူး အိုင်ကာဒီ ထွက်သွားပါက ပိုလီတာနိုတစ်ဦးသာ အတွေ့အကြုံရှိ ကစားသမားရှိနေပြီး ကျန်တိုက်စစ်မှူးများမှာ အသက်(၂၀)အောင် လူငယ် ကစားသမားများသာဖြစ်သည်။ ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် ရာသီသစ်အတွက် တိုက်စစ်မှူးတစ်ဦးမှ နှစ်ဦးအထိ မဖြစ်မနေခေါ်ယူဖြည့်တင်းရမည်ဖြစ်သည်။

အင်တာမီလန်အသင်းသည် ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ပြင်ဆင်မှုများစွာ ပြုလုပ်ခဲ့သော်လည်း ရာသီကုန်တွင် အဆင့်(၄)ဝင်အောင်ပင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။ ယခုနှစ်တွင်လည်း စီးရီးအေ ထိပ်တန်းအသင်းကြီးများက ပြင်ဆင်မှုများစွာ ပြုလုပ်နေခြင်းကြောင့် အင်တာမီလန်အသင်းသည်လည်း တခြားအသင်းများထက် ခြေတစ်လှမ်း နောက်ကျမသွားအောင် ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အင်တာမီလန် အသင်းနည်းပြ ကွန်တီကလည်း မိမိအနေဖြင့် လူကာကူကို ခေါ်ယူရေးအတွက် လက်လျှော့ဦးမည်မဟုတ်ဘဲ ဆက်လက်ကြိုးပမ်းသွားဦးမည်ဖြစ်ကြောင်း ပြောဆိုသည်။

## ဘောလုံးလောက သတင်းတိုများ

- ဘာစီလိုနာအသင်းသည် အက်သလက်တီကိုအသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရက်ဇ်မန်းကို ပေါင် ၁၀၈ သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- **ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်းမှ ပြင်သစ် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ခေါ်ယူနိုင်ရန် စောင့်စားလျက်ရှိနေသေးကြောင်း သိရသည်။**
- အာဆင်နယ်အသင်း၏ အသင်းခေါင်းဆောင် ကိုစီရယ်နီသည် အသင်းနှင့်အတူ ရာသီအကြို ခြေစမ်းပွဲခရီးစဉ်များကို လိုက်ပါရန် ငြင်းဆန်လိုက်ကြောင်း သိရသည်။
- **ဘန်လေအသင်းတွင် နောက်ဆုံးကစားခဲ့ပြီး စပါး၊ လီဗာပူး အပါအဝင် အင်္ဂလန် ပရီးမီးယားလိဂ်အသင်းပေါင်းများစွာတွင် ပါဝင်ကစားခဲ့သည့် အင်္ဂလန် ကစားသမားဟောင်း ပီတာခရောच့်သည် ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာလိုက်သည်။**

# မန်ယူအသင်း မက်ဂွိုင်ယာကို ပေါင် ၇၅ သန်းဖြင့် ထပ်မံကမ်းလှမ်း



မန်ယူအသင်းသည် လက်စတာအသင်းမှ နောက်ခံကစားသမား မက်ဂွိုင်ယာကို ခေါ်ယူနိုင်ရေးအတွက် ပေါင် ၇၅ သန်းဖြင့် ထပ်မံ ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခင်နည်းပြ မော်ရင်ဟို လက်ထက်ကလည်း မက်ဂွိုင်ယာကို ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့ဖူးသည်။ အသင်းအတွက် တိုက်စစ်မှူး တစ်ဦး၊ ကွင်းလယ်ကစားသမားတစ်ဦးနှင့် နောက်ခံကစားသမား တစ်ဦးခန့်ကို မန်ယူအသင်းအနေဖြင့် မဖြစ်မနေခေါ်ယူသွားရန် ပြင်ဆင်နေသည်။

မန်ယူအသင်း နည်းပြ ဆိုးလ်ရှားအနေဖြင့် လူငယ် ကစားသမားများကို ဦးစားပေး ခေါ်ယူသွားမည်ဟု ဆိုသော်လည်း အသင်းရလဒ် ကောင်းမွန်ရေးအတွက် ထိပ်တန်းကစားသမားများ ကို ထည့်သွင်း ခေါ်ယူရမည်ဖြစ်သည်။

'လက်ရှိအသင်းမှာ အရေးတကြီး လိုအပ်နေတာက တိုက်စစ်ကစားသမားနဲ့ နောက်ခံကစားသမားပါ။ ကျွန်တော့်အသင်းမှာ အဘက်ဘက်က အားနည်းမှုတွေ ရှိနေပါတယ်။ ပြီးခဲ့တဲ့ ရာသီက ခြေစွမ်းမျိုးနဲ့ ရာသီသစ်ကို ဆက်သွားလို့ မရပါဘူး။ ဆုဖလား တစ်ခုခုကို လိုချင်တယ်ဆိုရင် အသင်းကို ပြုပြင်ပြောင်းလဲမှုတွေ အများကြီး လုပ်ရမှာပါ။ ကစားသမား ခေါ်ယူဖို့အတွက်လည်း အသင်းက တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီးပါပြီ။ အသင်းမှာရှိတဲ့ လူငယ်ကစားသမားလေးတွေကို မြေတောင်မြှောက်ပေးမှာဖြစ်သလို ကမ္ဘာ့အဆင့်မီကစားသမားတွေလည်း အသင်းမှာရှိဖို့ လိုအပ်ပါတယ်' ဟု မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက ပြောသည်။

# အသက်(၁၆)ရှိ ဘာရီကို ဘာစီလိုနာအသင်း ခေါ်ယူ



စပိန်လာလီဂါ ထိပ်တန်းကလပ် ဘာစီလိုနာအသင်းသည် အသက်(၁၆) နှစ်သာရှိသေးသည့် အင်္ဂလန် လူငယ် ကစားသမား ဘာရီကို အံ့အားသင့်ဖွယ် ခေါ်ယူနိုင်ခဲ့ကြောင်း မာကာ သတင်းစာတွင် ဖော်ပြထားသည်။

ဘာရီသည် ဝက်စ်ဘရွန်း လူငယ်အသင်းတွင် ကစားနေသူဖြစ်ပြီး ကွင်းလယ်ပိုင်းတွင်သာမကဘဲ တိုက်စစ်နေရာတွင်လည်း ကောင်းစွာကစားနိုင်သူတစ်ဦးဖြစ်သည်။ ဘာစီလိုနာ အသင်းသည် ဘာရီကို ကာလရှည် စာချုပ်တစ်ရပ်ဖြင့် ခေါ်ယူခဲ့သည်ဟုဆိုသော်လည်း ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။

ဘာရီသည် အင်္ဂလန်ယူ-၁၅ အသင်းတွင် ငါးပွဲ ပါဝင်ကစားပေးထားရာ ယင်းငါးပွဲတွင် သွင်းဂိုး ၁၀ ဂိုး ရရှိထားသည်။ ဘာစီလိုနာအသင်း၏ အားကစားဒါရိုက်တာဖြစ်သူ ဂျော်ဒီမက်ထရီက ဘာရီမှာ တောက်မည့်မီးခဲတရဲရဲ ပုံစံမျိုးရှိနေကြောင်း၊ ဘာရီမှာ မကြာမီအချိန်တွင် ထိပ်တန်းကစားသမားတစ်ဦး ဖြစ်လာနိုင်ကြောင်း၊ ဘာရီသည် မက်ဆီ၊ ဇာဗီနှင့် အင်နီယေစတာ တို့ကဲ့သို့ ကစားသမားမျိုး ဖြစ်လာနိုင်ကြောင်း၊ ဘာရီမှာ မကြာမီ နှစ်အနည်းငယ်အတွင်းတွင် နူးကမ့်ကွင်း၌ ထွန်းလင်းတောက်ပလာမည့်ကြယ်တစ်ပွင့်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဘာစီလိုနာအသင်းအနေဖြင့် ဘာရီကို လူငယ်အသင်းတွင် သေသေချာချာ ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟန်နေသစ် စုစည်းသည်

# ချဉ်ပေါင်ဖာလာဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေး

ကရင်ပြည်နယ် သံတောင်မြို့၌ ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဈေးကွက် ရရှိရေး ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ် အမျိုးသားလွှတ်တော်အမတ် ဒေါ်နော်ခရစ်ထွန်းက ချဉ်ပေါင်ဖာလာ စိုက်စရိတ်အခက်အခဲ၊ ချေးငွေကိစ္စစိုက်ပျိုးမြေနှင့် ပတ်သတ်ပြီး အခက်အခဲများ၊ ဖာလာကို အော်ဂဲနစ်အဖြစ် စိုက်ပျိုးနေကြောင်း စိုက်ပျိုးရေးဌာနမှ GAP မရရှိသေးကြောင်း၊ ချဉ်ပေါင်ဖာလာသီးနှံကို မှန်မှန်ကန်ကန်ကုမ္ပဏီတွေနှင့် ချိတ်ဆက်ပြီး ဝယ်ယူလိုကြောင်း၊ ကောင်းမွန်တဲ့ ဈေးကွက်ရရှိဖို့ အရေးကြီးအကြောင်း ပြောကြားသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ကရင်ပြည်နယ် သံတောင်ကြီးမြို့မှာ ချဉ်ပေါင်ဖာလာသီးနှံ အများဆုံးထွက်ရှိသည်ကိုသိရှိကြောင်း လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများကို စပြီးလေ့လာလိုကြောင်း၊ အခက်အခဲများကို စုဆောင်းပြီး ဘယ်လိုဖြေရှင်းနိုင်မလဲ အဖြေရှာနိုင်မလဲ၊ ဖာလာသီးနှံဈေးကောင်းရရှိရေး ဈေးကောင်း ဘာကြောင့်မရသလဲ အဖြေရှာဖို့လိုအပ်ကြောင်း၊ ဖာလာသီးနှံပြည်ပကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းရအောင် ပြည်ပမှာရှိသည့် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ Marketing အပိုင်းကို အစိုးရအနေဖြင့် လုပ်နေကြောင်း၊ တရုတ်က အဓိက ဈေးကွက်ဖြစ်နေကြောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသဖြင့် ရောင်းရဝယ်ရလွယ်ကူနိုင်ကြောင်း၊ တရုတ်ဈေးကွက်က အရည်အသွေးအပိုင်းကိုအဓိကထားပြီး ဝယ်ယူခြင်းဖြစ်၍ ဖာလာကိုအခြောက်ခံတဲ့နည်းလမ်းကို ရှာဖို့လိုအပ်ကြောင်း၊ တရုတ်ဈေးကွက်အပြင် တခြားနိုင်ငံဘက်ကို ဈေးကွက်ရှာကြည့်ဖို့ စဉ်းစားရန်လိုအပ်ကြောင်း၊ ပထမဦးဆုံး မူဆယ်ဈေးကွက်မှ တရုတ်နယ်စပ်ကုန်သည်များနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်အမတ် ဒေါ်နော်ခရစ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် တာဝန်ရှိသူများ၊ ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးမောင်အိန်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံဖာလာ စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇွဲကပင် (Trade Center)**

# ဇီးကုန်းမြို့နယ်ရှိ ဆေးဆိုင်များသို့ မိတ်ဖက်အဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စားသုံးသူရေးရာ ဦးစီးဌာနခရိုင်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန် စားသုံးသူကာကွယ်ရေး ဆွေးနွေးဟောပြောပွဲများနှင့် ကွင်းဆင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင် ၉ ရက်တွင် ဇီးကုန်းမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဆေးဝါးအရောင်းဆိုင်များအား စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံဒေါ်တင်တင်ဆွေနှင့် ဝန်ထမ်းများသည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော စည်/ပင်အဖွဲ့၊ ပြည်သူ့ကျန်းမာရေး၊ တိ/ကု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးမိဈေးဖများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ စည်ပင်သာယာမြို့မဈေးအတွင်း ရောင်းချနေသော ဆေးဆိုင်များသို့ သွားရောက်၍ စပ်ဆေးများ၊ ရက်လွန်ဆေးများနှင့် တားမြစ်ဆေးများရောင်းချခြင်းမပြုရန်၊ စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)၊ ဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ကြည်အေးဆွေ (သာယာဝတီ)**

# ကုန်အညွှန်းအမှတ်အသားနှင့် စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် စားသုံးသူရေးဆိုင်ရာလုပ်ငန်းစဉ်များအား စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်မှ မွန်းတည့်၁၂ နာရီအထိ ပြည်တွင်းပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ဖိတ်ကြားပြီး ‘ကုန်အညွှန်းအမှတ်အသားနှင့် စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉) ပါပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးပွဲ’ ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၉ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၉)ဖြင့် စားသုံးသူကာကွယ်ရေးဥပဒေအား ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအား ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်နှင့် ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် စတင် အာဏာသက်ရောက်မည့် အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့အား သိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဦးစီးအရာရှိ ဦးဇော်မင်းက ဆွေးနွေးပြောကြားရာတွင် ဥပဒေ၏ ရည်ရွယ်ချက်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ လုံခြုံစိတ်ချရမှု၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်းများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ပြီး တိုင်းဦးစီးမှူးက ပြန်လည်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။ **သီတာဝင်း (စားသုံးသူ မန္တလေး)**

# တမူးမြို့နယ်တွင် မှိုစိုက်ပျိုး ထုတ်လုပ်သူများ ဝင်ငွေရရှိ

ဇူလိုင် ၉ ရက်တွင် တမူးမြို့၊ စန္ဒကူး (၃) ရပ်ကွက်ရှိ မှိုစိုက်ပျိုးထုတ်လုပ်ရောင်းချသူ ဒေါ်ကြည်ကြည်ဌေးနှင့် သွားရောက် တွေ့ဆုံမေးမြန်းခဲ့ရာတွင် မှိုမျိုးအနေဖြင့် ငွေနှင်းမှိုဟုခေါ်သည့် ရန်ကုန်မြို့မှ မျိုးများကို မှာ၍ဝယ်ယူကြောင်း၊ တမူးမြို့သို့အရောက် တစ်ဘူး (ရေသန့်ဘူး ခန့်မျိုးထည့်ပြီး) ကျပ် ၇၀၀ ဖြင့် ဝယ်ယူရရှိရပါကြောင်း၊ မှိုမျိုးအား စိုက်ပျိုးပါက (၆'-၇')ရှိ ခုံရှည်အဆင့် သုံးဆင့်တွင် ဘူး ၄၀ ခန့် စိုက်ပျိုးရကြောင်း၊ ယခုလက်ရှိ စိုက်ပျိုးထားမှု အနေဖြင့် ဘူး ၄၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးမှုနည်းစနစ်မှာ မျိုးရောက်လာပါက သုံးရက်ခန့်ရေမလောင်းဘဲထားရပြီး စိုက်ပျိုးပြီး လေးရက်မြောက်နေ့တွင် ရေစတင် လောင်းရပါကြောင်း၊ စိုက်ပျိုးပြီး နှစ်ပတ်ခန့်ကြာလျှင် မှိုပင်စတင်ထွက်ကာ တစ်ဘူးလျှင် ငါးကျပ်သားခန့် ထွက်ရှိကြောင်း၊ ရောင်းဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၅၅၀၀ ခန့် ရောင်းရကြောင်း၊ မိမိတို့အနေဖြင့် မှိုစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည့်ကာလမှာ သုံးလခန့်ရှိပြီး လက်ရှိ စိုက်ပျိုးထားသည့် မှိုအနေဖြင့် နောက်ထပ် နှစ်လခန့် ဆက်လက် ကောက်ယူရမည် ဖြစ်ပါသည်။ စတင်စိုက်ပျိုးသည်မှ မှိုကုန်ဆုံးသည်အထိ ငါးလအတွင်း နှစ်ပတ်လျှင် တစ်ကြိမ် ကောက်၍ ရောင်းချရပါသည်။ တစ်ခါကောက် လျှင် ပိဿာချိန် ၂၀ ကျော်ခန့်ရရှိပါသည်။ စတင်စိုက်ပျိုးစတွင် အရင်းအနှီးအနေဖြင့် ကျပ် ၂၀၀၀၀၀ ကျော်ရှိပြီး စတင် စိုက်ပျိုးသည်မှ မှိုသက်တမ်းကုန်သည်အထိ အမြတ်ငွေ ၁၀၊ ၁၃ သိန်းခန့် ကျန်ရှိကြောင်း မှိုစိုက်ပျိုးသူ ဒေါ်ကြည်ကြည်ဌေးမှ ပြောကြားခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှ မိမိတို့၏မှိုစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ တားမြစ်ထားသည့်ဆေးများအား မသုံးစွဲရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများအား အသိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စွမ်းရည် (တမူး)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အ-ထ-က(၅)တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ဒုတိယပတ်အတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အ-ထ-က(၅) တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူကာကွယ်ရေးဥပဒေ ပေါ်ပေါက်လာရခြင်း ရည်ရွယ်ချက်နှင့် ၎င်းဥပဒေတွင် ပါဝင်သည့် စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်တို့၏တာဝန်များအကြောင်း၊ ကုန်စည်၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ လုံခြုံစိတ်ချရမှု၊ တာဝန်ရှိမှုများအပေါ် တာဝန်ယူဖြေရှင်း ပေးရမည့်အချက်များ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒု-ကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်မှ ဆိုးဆေးများအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ အစားအသောက်များတွင် သုံးစွဲရန်တားမြစ်ထားသည့် ဓာတုဆိုးဆေးများအကြောင်း၊ ယင်မနားဆေး၊ တာရှည်ခံဆေးများ၏ အန္တရာယ်ပိုးသတ်ဆေးသံသရာလည်ပုံနှင့် စားသုံးသူတို့အတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအစာတို့ကို သတိရှိရှိဝယ်ယူစားသောက်နိုင်ရေးအတွက် အသေးစိတ်ရှင်းလင်းပညာပေး ဟောပြောဆွေးနွေးခဲ့သည်။



ထို့နောက် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော မုန့်များအား ကျောင်း သူ/ကျောင်းသားများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသောမုန့်များကိုသာ ရောင်းချစေလိုကြောင်း ဈေးရောင်းသူများအား တိုက်တွန်းမှာကြားခဲ့ပြီး ရောင်းချလျက်ရှိသောမုန့်များတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တားမြစ်ပိတ်ပင်ထားသော အစားအသောက်များရောင်းချနေခြင်း ရှိ/မရှိ ကျောင်းဆရာ/ဆရာမများနှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **တင်မင်း(ရန်ကုန်)**

# လျှပ်စစ်မော်တော်ကားဈေးကွက်နှင့် မြန်မာ့ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မည့်အလားအလာ

မြတ်နိုး

ကမ္ဘာကြီး ပူနွေးလာခြင်းနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု များပြားလာခြင်း၊ လေထု/ ရေထုညစ်ညမ်းမှုမြင့်တက်လာခြင်း စသည့် အကြောင်းအရာများက ကမ္ဘာ့လူမှုစီးပွားရေးအခြေအနေကို များစွာ သက်ရောက်လျက်ရှိကြောင်း ပညာရှင်များက ထောက်ပြခဲ့ကြသည့်အတွက် တွင်းထွက် လောင်စာဆီ သုံးစွဲမှုများအစား သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းသည့် အခြားစွမ်းအင်များအား အစားထိုးသုံးစွဲသည့်နည်းလမ်းများကို ကြိုးစားရှာဖွေဆောင်ရွက်လာကြပြီဖြစ်သည်။ ၎င်းနည်းလမ်းများ အနက်တစ်ခုမှာ လျှပ်စစ်စွမ်းအင်အသုံးပြုမောင်းနှင်သည့် လျှပ်စစ် မော်တော်ယာဉ်များကို ထုတ်လုပ်သုံးစွဲခြင်းပင်ဖြစ်သည်။ လက်ရှိဈေးကွက်အနေအထားအရ လျှပ်စစ်မော်တော်ကားများ၏ ဈေးနှုန်းကြီးမြင့်မှုနှင့် လျှပ်စစ်ဓာတ်အားသွင်းသည့်ရုံကဲ့သို့ အခြား အခြေခံအဆောက်အအုံ လိုအပ်ချက်များ မြင့်မားနေသော်လည်း နည်းပညာတိုးတက်လာသည်နှင့်အမျှ ဘက်ထရီ သိုလှောင်နိုင်မှုစွမ်းအားကောင်းမွန်လာခြင်း၊ အချိန်တိုအတွင်း လျင်မြန်စွာ အားသွင်းနိုင်ခြင်း၊ လောင်စာဆီသုံးစွဲရသည့်စရိတ်နှင့် နှိုင်းယှဉ်ပါက လျှပ်စစ်ဓာတ်အားဖြည့်ရန် ကုန်ကျစရိတ် မှာ သိသိသာသာလျော့နည်းသက်သာခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ ပိုမိုသက်သာခြင်း၊ လေထုညစ်ညမ်းမှုနှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းခြင်းစသည့် အကြောင်းရင်းများသည် လျှပ်စစ်မော်တော်ယာဉ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာသည့် လက္ခဏာရပ်များပင် ဖြစ်သည်။

## အာဆီယံ၏ လျှပ်စစ်မော်တော်ယာဉ်ဈေးကွက်

အာဆီယံ၏ လျှပ်စစ်မော်တော်ယာဉ်ဈေးကွက်ကို လေ့လာပါက ၂၀၃၀ ပြည့်နှစ်ခန့်တွင် အာဆီယံ၏ ခရီးသည်တင် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများ၌ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံပြုလုပ်မည့်ပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံထိ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်များ ထုတ်လုပ်သုံးစွဲမှု တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသွင်း သည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ထိ ရင်းနှီးမြှုပ်နှံလာနိုင်ကြောင်း၊ ထို့ပြင် ယင်းနှင့်ဆက်စပ်သည့် ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်လုပ်ငန်းများ၊ အငှားယာဉ်စီမံခန့်ခွဲမှုနှင့် ခရီးသည် ဝန်ဆောင်မှုလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံလာကြမည်ဖြစ်ကြောင်း Bain & Company က လေ့လာမှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဆီယံဒေသ၏ လျှပ်စစ်မော်တော်ယာဉ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုကို ခရီးသည်တင် မော်တော်ယာဉ်များထက် တက္ကစီ အငှားယာဉ်၊ စီးပွားဖြစ်ယာဉ်ငှားသည့် ဝန်ဆောင်မှုလုပ်ငန်းများသို့မဟုတ် နှစ်ဘီးတပ်မော်တော်ယာဉ်လုပ်ငန်းများက ဦးဆောင်သွားမည် ဖြစ်သည်။ သို့သော် လက်ရှိအနေအထားတွင် အများပြည်သူ၏ ဝယ်ယူအသုံးပြုမှု မြင့်တက်လာစေရေးဆောင်ရွက်ရာ၌ လွယ်ကူမှုမရှိသည့်အခြေအနေကြောင့် နောင်ငါးနှစ်အထိ ဈေးကွက်တိုးတက်မှုမှာ နှေးကွေးနေ ဦးမည်ဖြစ်ပြီး၊ ၂၀၂၅ ခုနှစ်နောက်ပိုင်းမှသာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာ့နိုင်ငံများတွင် လျှပ်စစ်မော်တော်ကားများ ထုတ်လုပ်မှု မြင့်တက်လာသော်လည်း တရုတ်၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ ထုတ်လုပ်သူများသည် အာဆီယံဈေးကွက်သို့ ဝင်ရောက်လိုခြင်းထက် ၎င်းတို့၏ ပြည်တွင်းဈေးကွက်ခိုင်မာစွာရရှိရေးအတွက်သာ အဓိက ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံဒေသရှိ အင်ဒိုနီးရှား၊ မလေးရှားနှင့် အချို့သော ဈေးကွက်များတွင် ပြည်တွင်းထုတ်လုပ်မှုကို ဦးစားပေး၍ တင်သွင်းမှုကို အားမပေးသည့်မူဝါဒ ကြောင့် ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူကြရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းမြင့်မားသည့် အချက်ကြောင့် အာဆီယံနိုင်ငံအများစုတွင် ၂၀၂၀ ခုနှစ် နှစ်လယ်ပိုင်းအထိ ဈေးကွက်အေးနေဦးမည်ဖြစ်ကြောင်း၊ သတင်းကောင်းတစ်ခုမှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်မော်တော်ကား၏ ဘက်ထရီ ထုတ်လုပ်မှုကုန်ကျစရိတ်သည် (၄၀) ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာနိုင်သောကြောင့် လျှပ်စစ်မော်တော်ယာဉ်များ၏ ဈေးနှုန်းသည် အခြားလောင်စာဆီအသုံးပြုသည့် မော်တော်ယာဉ်များ၏ ဈေးနှုန်းများနှင့် ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အချို့သောဈေးကွက် (နော်ဝေ၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်) များတွင် လျှပ်စစ် မော်တော်ယာဉ်များအသုံးပြုရန် အစိုးရ၏ မက်လုံးပေး၍ ထောက်ပံ့သည့်အစီအစဉ်ကြောင့် ဈေးနှုန်းကြီးမြင့်သည့်ပြဿနာကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ အာဆီယံတွင်မူ အာဏာပိုင်များသည် လက်ရှိ လူသုံးများသည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် အများပြည်သူခရီးသွားလာမှု အဆင်ပြေစေရေးအစီအမံများကိုအဓိကဆောင်ရွက်နေရသည့်အတွက် လျှပ်စစ်မော်တော်ယာဉ်သုံးစွဲမှုအပေါ် အစိုးရ၏ မက်လုံးပေးမှုအစီအစဉ်သည် အကန့်အသတ်ဖြင့်သာရှိပါကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်အသုံးပြုမှုနည်းနေသေးသည့်အတွက် လျှပ်စစ်ဓာတ်အားသွင်းသည့် လုပ်ငန်းများကို စီးပွားဖြစ်ဆောင်ရွက်ရန် အခက်အခဲရှိနေကြောင်း၊ ယင်းအခြေအနေများကြောင့် လျှပ်စစ်မော်တော်ယာဉ် သုံးစွဲသူ အရေအတွက်မှာ နည်းပါးနေဦးမည်ဖြစ်ကြောင်း သုံးသပ်ထားသည်။

အာဆီယံဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အမြဲအရ ရယူနိုင်ရန် လက်ရှိ ထုတ်လုပ်သူများ၊ ပြုပြင်ပြောင်းလဲလိုသူများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဈေးကွက် ပြောင်းလဲ ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို အလေးထားစောင့်ကြည့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် အရေးကြီးသည့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများနှင့် တက္ကစီအငှားယာဉ်လုပ်ငန်းများက ရှေ့ပြေးအစီအမံ အနေဖြင့် ဆောင်ရွက်ခြင်းနှင့် အများပြည်သူအသုံးများသည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် လျှပ်စစ်မော်တော်ယာဉ်များကို ပြောင်းလဲအသုံးပြုသွားရန်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများသည် ဈေးကွက်အတွင်းရှိ အငှားယာဉ်လုပ်ငန်းများနှင့် အငှားယာဉ်စီမံခန့် ခွဲမှုဆော့ဖ်ဝဲ၊ လျှပ်စစ်ဓာတ်အားသွင်းရုံများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်လုပ်ငန်းများနှင့် ခရီးသည်ဝန်ဆောင်မှု လုပ်ငန်းများတွင် ပုံစံမျိုးစုံဖြင့် ပူးပေါင်း ရင်းနှီးမြှုပ်နှံနိုင်ကြောင်း ဖော်ပြထားသည်။

## စင်ကာပူနိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်ဈေးကွက်

စင်ကာပူကုန်းလမ်းပို့ဆောင်ရေးအာဏာပိုင် (Land Transport Authority) ၏ စာရင်းအရ စင်ကာပူနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် လျှပ်စစ်မော်တော်ကား (၁၂) စီးသာ မောင်းနှင် အသုံးပြုမှုရှိခဲ့ကြောင်း၊ ယခင် လျှပ်စစ်ကားများ၏ မောင်းနှင်နိုင်သည့် အကွာအဝေးနှင့် လျှပ်စစ်ဓာတ်အား သွင်းသည့်ရုံနည်းပါးသည့် အခက်အခဲများကြောင့် သုံးစွဲသူများသည် စိတ်ဖိစီးမှုပင် ဖြစ်ပေါ်ခဲ့ကြကြောင်း၊ သို့သော် နောက်ပိုင်းထုတ်လုပ်သည့် လျှပ်စစ်ကားများမှာ နည်းပညာမြင့်လာပြီး ခရီးအကွာအဝေး ပိုမိုမောင်းနှင်နိုင်ခြင်းနှင့် အခြားသော လျှပ်စစ်အားသွင်းသည့် အခြေခံအဆောက်အအုံများ တိုးတက်လာခြင်းတို့ကြောင့် သုံးစွဲသူအရေအတွက် သိသာစွာ တိုးတက်လာကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဝယ်ယူသုံးစွဲမှု ၃၁၄ စီးရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၅၆၀ စီးအထိ တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

စင်ကာပူရှိ အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းများသည် လောင်စာဆီသုံးစွဲရမှု ကုန်ကျစရိတ် သက်သာပြီး၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသော Hybrids အမျိုးအစား ကားများကို သုံးစွဲလာကြရာမှ လျှပ်စစ်ကားများကို ပြောင်းလဲအသုံးပြုလာကြသည်။

၂၀၁၈ ခုနှစ်တွင် စင်ကာပူရှိ လျှပ်စစ်စွမ်းအင်လုပ်ငန်း SP Group သည် နာရီဝက်ခန့် သာကြာမြင့်သည့် လျှပ်စစ်ကားအားသွင်းသည့်နေရာ ၃၈ ခုကို စတင်မိတ်ဆက်နိုင်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ်တွင် နေရာ ၁၀၀၀ ထိ တိုးချဲ့တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ယင်းဈေးကွက်တွင် SP Group လုပ်ငန်း တစ်ခုသာ ဆောင်ရွက်နေသည် မဟုတ်ဘဲ အမေရိကန်အခြေစိုက် Greenlots ကလည်း လျှပ်စစ်ကား အားသွင်းသည့်ဆိုင် ၂၀၀ ကို ဖွင့်လှစ်ထားပြီးဖြစ်သည်။

စင်ကာပူကုန်းလမ်း ပို့ဆောင်ရေးအာဏာပိုင်နှင့် Nanyang Technological University တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၁၉ ခုနှစ်၊ မတ်လတွင် Nanyang Technological University နှင့် Volvo ကုမ္ပဏီတို့မှပူးပေါင်း၍ ကမ္ဘာ့ပထမဆုံး မောင်းသူမဲ့ လျှပ်စစ်ဘတ်စ်ကားကို ကျောင်းဝင်းအတွင်း၌ စမ်းသပ်မောင်းနှင်မှု ပြုလုပ်ခဲ့ပြီး၊ အများပြည်သူ အသုံးပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

## မြန်မာ့ပို့ကုန် တိုးမြှင့်တင်ပို့နိုင်မည်လား

မြန်မာနိုင်ငံတွင် လျှပ်စစ်မော်တော်ကားများကို မောင်းနှင်အသုံးပြုမှုရှိသော်လည်း လျှပ်စစ်အားသွင်းသည့်ရုံများမရှိသည့် အခက်အခဲကြောင့် ခရီးဝေးမောင်းနှင်ရန်အတွက် အဆင်ပြေမှုမရှိခဲ့ပါ။ မကြာမီနှစ်များအတွင်း ဂျပန်အမှတ်တံဆိပ် Nissan Leaf လျှပ်စစ်ကား၏ မြန်မာဈေးကွက်ရရှိမှု တိုးတက်လာသည့်အချိန်မှစ၍ ဝယ်ယူအသုံးပြုသူများက လျှပ်စစ်အားသွင်းသည့်ရုံများ လုံလောက်မှုမရှိသည့်အချက်ကို ဝေဖန်ပြောကြားလာကြသည့်အတွက် အဆိုပါ အခက်အခဲ ကို ဖြေရှင်းနိုင်ရန် နာရီဝက်အတွင်း လျှပ်စစ်အားပြန်ဖြည့်နိုင်သည့် လျှပ်စစ်အားသွင်းသည့်ရုံများကို စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အားသွင်းရုံအသစ် ၃၈ ခု၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတွင် ရှစ်ခုနှင့် နေပြည်တော်တွင် ငါးခု ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ Hyundai Nexo ကဲ့သို့ Full-Cell Electric VehiclES (FCEVs) လျှပ်စစ်ကားများသည် ပုံမှန်လျှပ်စစ်ကားများနှင့်မတူဘဲ ဟိုက်ထရိုဂျင်မှ လျှပ်စစ်စွမ်းအားထုတ်သည့် နည်းပညာကို အသုံးပြုထားပြီး၊ ဓာတ်ဆီ၊ ဒီဇယ်အင်ဂျင်များတွင် ဆီဖြည့်သကဲ့သို့ ဟိုက်ထရိုဂျင်ဓာတ်ငွေ့ဖြည့်သွင်းရန်အတွက် အချိန် ငါးမိနစ်ခန့်သာ လိုအပ်ပါကြောင်းနှင့် ဟိုက်ထရိုဂျင်တစ်ကြိမ် ဖြည့်သွင်းထားပါက ကီလိုမီတာ ၆၀၀ထိ မောင်းနှင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) စက်မှုလုပ်ငန်း၊ Green Power Myanmar Co Ltd နှင့် ဟန်ဂေရီနိုင်ငံမှ Csepel Holding Limited တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဟန်ဂေရီနိုင်ငံ၏ Modulo နည်းပညာကိုအသုံးပြု၍ လျှပ်စစ်ခရီးသည်တင် ဘတ်စ်ကားများကို ပဲခူးတိုင်း၊ သာဂရစက်မှုဇုန်တွင် ထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပသို့ ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သဘောတူစာချုပ်အရ ၂၀၁၉ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် စတင် ထုတ်လုပ်မည်ဖြစ်ပြီး၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။ ပြည်တွင်းတွင် အသုံးပြုရန်အတွက် လျှပ်စစ်ဘတ်စ်ကား ၃၀၀ မှ ၅၀၀ စီးအထိ ထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး၊ အစီး ၇၀၀၀ အထိ ပြည်ပပို့ကုန်အတွက် ထုတ်လုပ်သွားမည်ဟုလည်း သိရှိရသည်။

ဈေးကွက်ဖွံ့ဖြိုးမှုတိုးတက်လာစေရေးအတွက် အခွန်နှုန်းလျှော့ချပေးခြင်းကဲ့သို့ အခြား ထောက်ပံ့ကူညီသည့် အစီအမံများပြုလုပ်ပေးနိုင်ရန်လည်း ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်သည်။ ထို့ပြင် ရေရှည်တွင် မြန်မာနိုင်ငံကုမ္ပဏီများအတွက် နည်းပညာလွှဲပြောင်းရရှိမှု သေချာစေရေးအစီအမံများကို ဆောင်ရွက်နိုင်ပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းသည် အဆင့်မြင့်စက်မှုထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ကူညီပေးမည့်အပြင်၊ ယင်းနှင့် ဆက်စပ်သည့် လျှပ်စစ်ဓာတ်အားသွင်းသည့် လုပ်ငန်းနှင့် Application ဆော့ဖ်ဝဲလ်ပိုင်းကဲ့သို့ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းဈေးကွက်များပါ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာမည့် အလားအလာကောင်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

■

# ထိုင်း၌ မော်တော်ယာဉ်ဟောင်းများတင်သွင်းခွင့် ဒီဇင်ဘာ ၁၀ ရက်မှစတင်၍ တားမြစ်ပိတ်ပင်မည်

ထိုင်းနိုင်ငံအနေဖြင့် ကိုယ်ပိုင်သုံးမော်တော်ကားဟောင်းများ တင်သွင်းမှုကို စတင်တားမြစ်ပိတ်ပင်တော့မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၀ရက်မှ စတင်မည်ဖြစ်ကြောင်း၊ ကားမှောင်ခိုတင်သွင်းမှုများနှင့်လေထုညစ်ညမ်းမှုအပေါ် တားဆီးရန်ဖြစ်ကြောင်း သိရှိရသည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် လက်ရှိစည်းမျဉ်းများအရ ဒီဇင်ဘာ ၉ ရက်အထိ ဆောင်ရွက်နိုင်ကြောင်း၊ ဒီဇင်ဘာ ၁၀ ရက်နောက်ပိုင်း သွင်းကုန်ဆိုင်ရာ ဖောက်ဖျက်ကျူးလွန်မှုများအတွက် အကောက်ခွန်ဌာနအနေဖြင့် တရားမဝင်ယာဉ်များကို ဖမ်းဆီးသိမ်းဆည်း ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့မှ မေ ၇ ရက်တွင်အတည်ပြုခဲ့ပြီးနောက်အစိုးရပြန်တမ်း၌ ဇွန် ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ် AdulChotin isakorn က ပြောကြားခဲ့သည်။

လက်ရှိစည်းမျဉ်းများတွင် မှောင်ခိုကုန်ကူးမှုများအတွက် ထွက်ပေါက်များရှိနေကြောင်း၊ ဥပမာအားဖြင့် သွင်းကုန်တင်သွင်းသူများအနေဖြင့် အသင့်စီးမော်တော်ယာဉ်(Finished car)အစား မော်တော်ယာဉ် အစိတ် အပိုင်းအဖြစ် သွင်းကုန်ကြေညာကာ အကောက်ခွန်လျှော့နည်းအောင် ဆောင်ရွက်ကြကြောင်း၊ လက်ရှိတွင် မော်တော်ယာဉ်တင်သွင်းမှုအတွက် သွင်းကုန်အခွန် ၈၀ ရာခိုင်နှုန်းရှိပြီး မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် မော်တော်ယာဉ်ပစ္စည်းများတင်သွင်းမှုအတွက် အခွန် ၃၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် စီးပွားရေးအလို့ငှာ မော်တော်ကားအသစ်များကိုသာ တင်သွင်းခွင့်ပြုထားကြောင်း၊ မော်တော်ယာဉ်ဟောင်း(used car)များရောင်းချမှုကို တားမြစ်ထားကြောင်း သိရှိရသည်။ ၂၀၁၈ ခုနှစ် တွင်ကိုယ်ပိုင်သုံးမော်တော်ယာဉ်ဟောင်းများ(Personnal Used Car) တင်သွင်းမှုမှာစုစုပေါင်း အစီးရေ ၁၀၀ ရှိကြောင်း အကောက်ခွန်ဌာနမှ အစီရင်ခံတင်ပြခဲ့ကြောင်း၊ အမှန်မှာ အဆိုပါကာလအတွက် တရားမဝင် မော်တော်ကားများ တင်သွင်းမှုမှာ အကြမ်းဖျင်းအားဖြင့် အမှုပေါင်း ၁၀၀၀ ရှိကြောင်း၊ ၎င်းတို့အနက် ဇိမ်ခံကားများ၊ ထိပ်တန်းစူပါကားများမှာ ၉၅ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း သိရှိရသည်။

အကောက်ခွန်ဌာန၏ ပြောကြားချက်အရတရားမဝင်ကားတင်သွင်းသူများအနေဖြင့် အသင့်စီးမော်တော်ကား (Finished cars) များအစား Semi knocked-down(SKD) units များ (သို့မဟုတ်) Completely Build-Up(CBU) one များအဖြစ် ကြေညာကာ မြင့်မားသော အခွန်နှုန်းထားကိုရှောင်ရှားကြခြင်းဖြစ်ကြောင်းသိရှိရသည်။

အချို့အမှုကိစ္စရပ်များမှာ ငွေကြေးခဝါချမှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များနှင့်ဆက်စပ်နေကြောင်း၊ ရဲများနှင့် အစိုးရတာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားကုန်သွယ်ရေးဌာနမှ သွင်းကုန်ဆိုင်ရာ အသေးစိတ်အချက်အလက်များ ညှိနှိုင်းတောင်းခံပူးပေါင်း ဆောင်ရွက်ပြီး အချက်အလက်များကို တင်ပြရကြောင်း သိရှိရသည်။

နိုင်ငံခြားကုန်သွယ်မှုဌာနအနေဖြင့် ၂၀၁၅ ခုနှစ်ကစ၍ အစိုးရ၏မူဝါဒအရ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ကြိုးနီစနစ်ကိုလျှော့ချ ဖြတ်တောက်နိုင်ရန် သက်ဆိုင်ရာဌာနပေါင်း ၁၅ ခုနှင့် ပူးပေါင်း အကောင်အထည်ဖော် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုစည်းမျဉ်းအသစ်တွင် အစိုးရဌာနများ၊ သံတမန်သုံးများ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပရဟိတအသင်းများ၊ ပြန်လည်တပ်ဆင်ထုတ်လုပ်ခြင်း (Reassembly)၊ ပြန်လည်တင်ပို့ခြင်း(Reexport)နှင့်ပြပွဲများအတွက် တင်သွင်းခွင့်များကို အထူးကိစ္စရပ်အနေဖြင့်ကင်းလွတ်ခွင့်ပေးထားကြောင်း သိရှိရသည်။

ထရပ်ကားဟောင်း (Used Tractors) များ၊ နောက်တွဲ (Trailers) များ၊ လူနာတင်ယာဉ်များ (Ambulances)၊ မီးသတ်ကား(Fire trucks) များကိုလည်း တင်သွင်းခွင့်ပြုထားကြောင်း၊ သို့ရာတွင် ထိုသို့ကင်းလွတ်ခွင့်ပြုထားသည့်ကိစ္စရပ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်စာတောင်းခံရယူရန် လိုအပ်ကြောင်းလည်း သိရှိရသည်။ သွင်းကုန်ဆိုင်ရာ ဖောက်ဖျက် ကျူးလွန်မှုများအတွက် ၁၉၇၉ ခုနှစ် ပို့ကုန်သွင်းကုန်-ကုန်ပစ္စည်းဆိုင်ရာ အက်ဥပဒေအရ ပြစ်ဒဏ်များချမှတ်ခြင်းခံရလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယနိုင်ငံ၏ သကြားအထွက်နှုန်း လျော့ကျဖွယ်ရှိ

အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ သကြားအထွက်နှုန်းမှာ ၂၀၁၈-၂၀၁၉ ခုနှစ်ထုတ်လုပ်မှုအောက် ကျဆင်းပြီး ၁၄ ဒသမ ၄ ရာခိုင်နှုန်းခန့် လျော့နည်းဖွယ်ရှိကြောင်း အိန္ဒိယသကြားစက်လုပ်ငန်းများအသင်း (ISMA) က ဇူလိုင် ၁ ရက်က ထုတ်ပြန်ခဲ့သည်။

ယခုနှစ်တွင် အိန္ဒိယ၏ ကြံစိုက်ဧရိယာ ပမာဏမှာ ဟက်တာပေါင်း ၄၉ ဒသမ ၃၁ သိန်းခန့်ရှိပြီး ယခင်နှစ်က ဟက်တာ ၅၅ဒသမ ၀၂ သိန်းခန့်ရှိရာ ၁၀ရာခိုင်နှုန်းကျော်လျော့ကျသည်ကို တွေ့ရှိရကြောင်း ကြံစိုက်ပျိုးမှုလျော့ကျခဲ့ခြင်းကြောင့် လာမည့် ၂၀၁၉-၂၀ ထုတ်လုပ်မှုရာသီ တစ်နှစ်လုံးတွင် သကြားတန်ချိန် စုစုပေါင်း ၂၈ဒသမ၂ သန်းခန့်သာ ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ယခုနှစ်ထုတ်လုပ်မှုအောက် တန်ချိန် ၄ဒသမ၇ သန်းခန့် လျော့နည်းနိုင်ကြောင်း ဖော်ပြထားသည်။

၂၀၁၈-၂၀၁၉ ထုတ်လုပ်မှုကာလအတွက် ဇွန် ၃၀ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် သကြားတန်ချိန် ၃၂ ဒသမ ၈ သန်း ထုတ်လုပ်ထားပြီးဖြစ်ကြောင်း၊ ရာသီကုန်ဆုံးချိန် စက်တင်ဘာလကုန်ပိုင်း၌ တန်ချိန် ၃၂ ဒသမ ၉၅ သန်းခန့်အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာ ၁ ရက် ရာသီအသစ်စတင်ချိန်၌ သကြားလက်ကျန်ပမာဏ တန်ချိန် ၁၄ဒသမ၅ သန်းခန့်ရှိနိုင်ကြောင်း သိရသည်။

၎င်းစာရင်းဖွင့်လက်ကျန်နှင့် ၂၀၁၉-၂၀ ရာသီ ကာလအတွင်း ထုတ်လုပ်နိုင်မည့်ပမာဏ နှစ်ရပ်ပေါင်းပါက သကြားတန်ချိန် ၄၂ဒသမ၇ သန်းခန့်ရှိမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းသုံးစွဲမှုမှာ တန်ချိန် ၂၆ဒသမ၇ သန်း ခန့်ရှိရာ ၂၀၁၉-၂၀ ထုတ်လု ပ်မှု ရာသီကာလအတွင်း ပြည်ပတင်ပို့ရန်အတွက် သကြားတန်ချိန် ၁၆ သန်းမျှပိုလျှံနေဦးမည်ဖြစ်ပြီး ဈေးနှုန်းများမြင့်တက်ရန် အခြေအနေနည်းပါးနေဦးမည် ဖြစ်ကြောင်းသိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အမေရိကန်နှင့် ကုန်သွယ်ရေး အငြင်းပွားမှု အိန္ဒိယအနိုင်ရရှိ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ၏ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (DSB) ၌ အိန္ဒိယနိုင်ငံသည် ဆိုလာစွမ်းအင်ဆိုင်ရာကိစ္စရပ်တွင် အမေရိကန်ပြည်ထောင်စုနှင့် အငြင်းပွားမှု ဖြစ်ပေါ်လျက်ရှိရာ ယခုအခါ DSB ၏ စစ်ဆေးကြားနာမှုအဖွဲ့မှ ဆုံးဖြတ်ချက်အရ အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။ အငြင်းပွားသည့် ကိစ္စရပ်သည် အမေရိကန်နိုင်ငံ၌ ပြည်နယ် ရှစ်ခုက ၎င်းတို့ဒေသအတွင်း အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်းအစီအစဉ် ၁၁ ခု တွင် အစိုးရ အထောက်အပံ့နှင့် မူလဒေသဆိုင်ရာလိုအပ်ချက်များ ပါဝင်ရန်လိုအပ်ကြောင်း ပြဋ္ဌာန်းချက်ထုတ်ပြန်ခဲ့မှုအပေါ် နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိကြောင်း အိန္ဒိယနိုင်ငံက WTO သို့ တိုင်ကြားထားခြင်းဖြစ်သည်။

ယင်းသို့ အမေရိကန်နိုင်ငံရှိ ပြည်နယ်ရှစ်ခုက ပြည်တွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်းများအပေါ် မျက်နှာသာပေး ဆောင်ရွက်မှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်၍ အမေရိကန်အစိုးရအား ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရန်တောင်းဆိုခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၌ နှစ်ဖက်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း ဖြေရှင်းနိုင်မှုမရှိပဲ အမှုကိစ္စသည် WTO အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

WTO ၌ စစ်ဆေးကြားနာမှုအဖွဲ့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီးနောက် ယခုကိစ္စရပ်၌ အမေရိကန်နိုင်ငံဘက်မှ လုပ်ဆောင်မှုသည် ၁၉၉၄ ခုနှစ် GATT သဘောတူညီချက်၏ Article III:4 နှင့် ညီညွတ်မှုမရှိကြောင်း စစ်ဆေးကြားနာမှုအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ WTO ၏လုပ်ထုံး လုပ်နည်းများအရ အိန္ဒိယနှင့် အမေရိကန် မည်သည့်ဘက်ကမျှ အယူခံတင်သွင်းခြင်းမရှိလျှင် သို့မဟုတ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (DSB) အတွင်း အစီရင်ခံစာအား လက်ခံမှုမပြုသင့်ကြောင်း တညီတညွတ် တည်း ဆုံးဖြတ်မှုမရှိလျှင် စစ်ဆေးကြားနာမှုအဖွဲ့၏ အစီရင်ခံစာကို တင်ပြသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း DSB က အတည်ပြုမည်ဖြစ်သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဗီယက်နမ်-အီးယူဆက်ဆံရေး ထိုင်းကုန်သွယ်မှုအပေါ် ခြိမ်းခြောက်လျက်ရှိ

ထိုင်းနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်များဖြစ်သော မော်တော်ကား၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ် ဆားကစ်များမှာ ဗီယက်နမ်-အီးယူတို့၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံမှုများကြောင့် စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း ထိုင်းနိုင်ငံကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာရုံး၏ ပြောကြားချက်အရ သိရှိရသည်။


ထိုင်းနိုင်ငံအနေဖြင့် အီးယူနှင့် FTAဆောင်ရွက်ထားမှု မရှိသည့်အပြင် GSP အခွင့်အရေးကိုလည်း ၂၀၁၅ ခုနှစ်ကတည်းက အီးယူက ဖြတ်တောက်ထားခဲ့ရာ ထိုင်းနိုင်ငံပို့ကုန် ပစ္စည်းများမှာ အီးယူ၏ အခွန်ကောက်ခံမှုနှင့် ကြုံတွေ့နေရကြောင်း သိရှိရသည်။

အီးယူနှင့် ဗီယက်နမ်တို့အနေဖြင့် အီးယူ-ဗီယက်နမ် FTA ဆောင်ရွက်ထားသကဲ့သို့ အီးယူ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးရေး သဘောတူညီချက်EU-Vietnam Investment Protection Agreement (EVIPA)ကို ဇွန် ၃၀ရက်က ဟနွိုင်းတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၉ ခုနှစ်မှ စတင်အသက်ဝင်ကြောင်း သိရှိရသည်။ အဆိုပါ FTA မှာ အီးယူအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုနှင့် ချုပ်ဆိုခဲ့သော ကြီးမား ကျယ်ပြန့်သည့် FTA ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Pimchanok Vonkorpon က ပြောကြားခဲ့သည်။ သို့ဖြစ်ရာ ဗီယက်နမ်အနေဖြင့် အီးယူထံမှ အဆိုပါ FTA နှင့် ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာ သဘောတူညီချက် နှစ်ခုမှနေ၍ ထိုင်းနိုင်ငံထက် ပိုပြီးအကျိုးကျေးဇူးများ ရရှိခံစားရနိုင်တော့မည်ဖြစ်ပါသည်။

အီးယူ-ဗီယက်နမ် FTA အရ နှစ်ဖက်စလုံးအတွက် အကောက်ခွန်ဆိုင်ရာ လျှော့ချပေးမှုများပါဝင်နေကြောင်း၊ ဗီယက်နမ်အနေဖြင့် အီးယူပို့ကုန်များ၏ ၆၅ ရာခိုင်နှုန်းကို အခွန်လျှော့ချပေးရန်ဖြစ်ကြောင်း၊ ကျန်ကုန်ပစ္စည်းများအား နောက် ၁၀ နှစ်အတွင်း လျှော့ချပေးရမှာဖြစ်ကြောင်း၊ အီးယူအနေဖြင့် ဗီယက်နမ်ကုန်ပစ္စည်းများ၏ ၇၁ ရာခိုင်နှုန်းအပေါ် အခွန်လျှော့ချပေးရန်ဖြစ်ကြောင်း၊ ကျန်ကုန်ပစ္စည်းများကိုမူနောက် ခုနစ်နှစ်အတွင်း လျှော့ချပေးရမှာဖြစ်ကြောင်း၊ အီးယူ- ဗီယက်နမ် FTA တွင် နှစ်ဖက် ပို့ကုန်များ၏ ၉၉ ရာခိုင်နှုန်း ပါဝင်နေကြောင်း Ms.Pimchanok က ပြောကြားခဲ့သည်။

ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာရုံးအနေနှင့် အီးယူ အနေဖြင့် ထိုင်းနိုင်ငံ၏ဆေးဝါး၊ မော်တော်ကားနှင့် အဖျော်ယမကာလုပ်ငန်း ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ထိုင်းနိုင်ငံနှင့်လည်း အလားတူ ဆွေးနွေးညှိနှိုင်း စေ့စပ်ဆောင်ရွက်ရန် အကောင်းမြင်ထားကြောင်း၊ အီးယူနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ၂၀၁၇ ခုနှစ်တွင် ကုန်သွယ်မှုအမေရိကန် ဒေါ်လာ ၄၄ ဒသမ ၅၄ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၄၃ ဘီလီယံရှိခဲ့ပြီး ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်အနေဖြင့် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁၇ ဘီလီယံရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံနှင့် အီးယူတို့အနေဖြင့်၂၀၁၇ ခုနှစ်တွင် ကုန်သွယ်မှုအမေရိကန် ဒေါ်လာ ၄၄ ဒသမ ၅၄ ဘီလီယံရှိခဲ့ကြောင်း၊ ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၂ဒသမ၈၉ ဘီလီယံရှိခဲ့ကြောင်း သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**


ALPINE
Purified Drinking Water
PROMISES PURITY





# MYANMAR GREAT STEEL INDUSTRY LTD.



Add : No.(86), U Tun Nyo Street, Hlaing Tharyar Industrial Zone (1), Yangon, Myanmar.
Ph : 01-3684138, 09-73245165, 09-73244512.
email : mmti@baganmail.net.mm

COMMERCE
INTERNATIONAL

# ချမ်းသာကြွယ်ဝသောဈေးကွက်များမှ ဝယ်လိုအားမြင့်တက်မှုကြောင့် ထိုင်းပိုးထည်များ ရောင်းအားကောင်း

ကမ္ဘာ့ဝယ်လိုအား မြင့်တက်မှုကြောင့် ထိုင်းပိုးထည်များ ရောင်းအား မြင့်တက်ခဲ့ရာ ၂၀၁၉ နှစ်တွင်နှစ်အလိုက် ရောင်းအား ၃၃ ရာခိုင်နှုန်း မြင့်တက်လိမ့်မည်ဟု ခန့်မှန်းကြောင်းနေးရှင်းသတင်းတွင် ဖော်ပြသည်။

တိုးတက်မှုအတွက်တွန်းအားပေးခဲ့သော အကြောင်းတရားများတွင် ရွှေရောင်ပိုးများဖြင့် အိမ်ကိုတန်ဆာဆင်ရန် သဘောကျသော တရုတ်ပြည်မှ ခေတ်ပေါ်သူဌေးများကြောင့်ဖြစ်သည်။တရုတ်ရင်းနှီးမြှုပ်နှံသူများကလည်း ချမ်းသာသော တရုတ်လူလတ်တန်းစားများအတွက် ပစ္စည်းများထုတ်လုပ်နိုင်ရန် ထိုင်းနိုင်ငံ၌ ပိုးထည်စက်ရုံများကိုတည်ထောင်ရန် စိတ်ဝင်စားလာကြသည်။

တစ်ချိန်တည်းမှာပင် စပိန်ဖောက်သည်တစ်ဦးကလည်း ပြင်သစ်အိပ်ချပ်လုပ်ငန်းဖြစ်သော ဟားမီအတွက် ပိုးများရရှိရေးအတွက် မိဖုရားသီရိခေတ် ပိုးမွေးမြူရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့လာရောက်သော နိုင်ငံခြားသားခရီးသည်အရေအတွက် လျင်မြန်စွာတိုးပွားလာခြင်းနှင့် အွန်လိုင်းဈေးကွက်ကျယ်ပြန့်လာခြင်းတို့က ထိုင်းပိုးထည်ဈေးကွက် ဖွံ့ဖြိုးလာစေရန် အထောက်အကူပေးခဲ့ကြောင်း ပိုးမွေးမြူရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဆီရီပွန်ဘွန်ချူးက ပြောသည်။



၂၀၁၉ ခုနှစ်တွင် ထိုင်းပိုးချည်တင်ပို့ရာမှရရှိသော ဝင်ငွေမှာ ဘတ်ငါးဘီလီယံရှိသည့်အတွက် ယခင်နှစ်ကရှိခဲ့သော ဘတ် သုံးဘီလီယံနှင့်နှိုင်းယှဉ်ပါက ၃၃ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်။

ထိုင်းချည်ဈေးနှုန်းမှာလည်း တစ်ကီလိုကို ဘတ် ၁၈၀၀ ရှိသည့်အတွက် ယခင်နှစ်ကရှိခဲ့သော တစ်ကီလိုကို ဘတ် ၁၅၀၀ နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။

ထိုင်းပိုးဝယ်လိုအားသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်။ ဂျပန်လူမျိုး၊ တရုတ်လူမျိုးနှင့် စပိန်ကဲ့သို့သော နိုင်ငံခြားသားများသည် ထိုင်းနိုင်ငံသို့လာရောက်ပြီး ထိုင်းပိုးနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ဆက်သွယ်ရယူလျက်ရှိသည်။

ထိုင်းပိုးကိုအများဆုံးစိတ်ဝင်စားသည်မှာဂျပန်လူမျိုးများဖြစ်သည်။ သူတို့ထိုင်းနိုင်ငံသို့ လာရောက်သောအခါ ထိုင်းပိုးလက်ရက်ထည် သို့မဟုတ် ထိုင်းအိမ်အလှဆင် ပိုးထည်တို့ကို အမှတ်တရပစ္စည်းအဖြစ် ဝယ်ယူကြသည်။

## သီတင်းနှစ်ပတ်အတွင်း အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး ပျမ်းမျှအောက် ရွာသွန်းမည်


အိန္ဒိယနိုင်ငံတွင် လာမည့်သီတင်းနှစ်ပတ်အတွင်း မိုးရွာသွန်းမှုသည် ပျမ်းမျှရွာသွန်းမှုအောက် ကျဆင်းနိုင်သည့်အတွက် အလယ်ပိုင်းဒေသနှင့် အနောက်ပိုင်းဒေသတို့တွင် စိုက်ပျိုးလျက်ရှိသော ပဲပုပ်နှင့် ဝါဂွမ်းစိုက်ပျိုးမှု အကြီးအကျယ် ကျဆင်းနိုင်ကြောင်း မိုးလေဝသဌာနမှ အရာရှိတစ်ဦးက ဇူလိုင် ၁၁ ရက်က ပြောသည်။ ထို့ကြောင့် နွေသီးနှံထုတ်လုပ်မှုအတွက် စိုးရိမ်မှုများမြင့်တက်နေသည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးမြေ၏ ၅၅ ရာခိုင်နှုန်းခန့်မှာ မိုးရေကိုအားထားနေရသည်။ အာရှ၌ တတိယအကြီးမားဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိ အိန္ဒိယ၏ စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက ၁၅ ရာခိုင်နှုန်းပါဝင်နေသည့်အတွက် မုတ်သုံမိုးရွာသွန်းမှုသည် နိုင်ငံ၏ လယ်ယာကုန်ထုတ်လုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည်။

‘ရာသီဥတုပုံစံကိုကြည့်မယ်ဆိုရင် လာမယ့်သီတင်းနှစ်ပတ်အတွင်းမှာ အိန္ဒိယအလယ်ပိုင်းနဲ့ အနောက်ပိုင်းဒေသတွေမှာ မိုးရွာသွန်းတာနည်းပါးနိုင်ပါတယ်။ ဒါပေမဲ့ အရှေ့မြောက်နဲ့ ဟိမဝန္တာတောင်ခြေဒေသတွေမှာ မိုးကောင်းနိုင်ပါတယ်’ဟု အိန္ဒိယမိုးလေဝသဌာန (IMD) မှ အမည်မဖော်လိုသူအရာရှိတစ်ဦးက ပြောသည်။

သီတင်းငါးပတ်ခန့် မိုးဆက်တိုက်ခေါင်ခဲ့ပြီးနောက် ဇူလိုင်လ ၁၀ ရက်အထိအန္ဒိယနိုင်ငံ၏ မိုးရွာသွန်းမှု မှာနှစ် ၅၀ ပျမ်းမျှရွာသွန်းမှု၏ ၂၈ ရာခိုင်နှုန်းသာရရှိခဲ့သည်။

## နည်းပညာတင်ပို့မှု ထိန်းချုပ်သည့်ကိစ္စကို ဂျပန်နှင့် တောင်ကိုရီးယားတို့ ဆွေးနွေးမည်



ဂျပန်နိုင်ငံက ပို့ကုန်စည်းမျဉ်းများ ပိုမိုတင်းကျပ်သည့်ကိစ္စကို ဂျပန်နှင့် တောင်ကိုရီးယား အစိုးရအရာရှိများ နာရီပေါင်းများစွာ ဆွေးနွေးခဲ့ကြောင်း NHK သတင်းတွင် ဖော်ပြသည်။

အစည်းအဝေးကို တိုကျိုမြို့၌ ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး ငါးနာရီကျော် ကြာမြင့်ခဲ့သည်။

ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့သော ကုန်ကြမ်းသုံးမျိုးတင်ပို့မှုကို လွန်ခဲ့သည့်သီတင်းပတ်က ပိုမိုတင်းကျပ်ခဲ့သည်။

ထိုကုန်ပစ္စည်း အမယ်များမှာ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် အခြားအဆင့်မြင့်ကိရိယာများကို ထုတ်လုပ်ရာတွင်သုံးသော ပစ္စည်းများဖြစ်သည်။ ထိုပစ္စည်းများကို စစ်ရေးအတွက်လည်း အသုံးပြုနိုင်ကြောင်း ဂျပန်အရာရှိတို့က ပြောသည်။ တောင်ကိုရီးယားတွင် မမှန်မကန် အသုံးပြုမှုများစွာကို တွေ့ရကြောင်း သူတို့ကပြောသည့်အတွက် လုံခြုံရေးအတွက် စိုးရိမ်မှုများမြင့်တက်ခဲ့ရသည်။

ထိုစိုးရိမ်မှုများကို ဂျပန်အရာရှိများက အစည်းအဝေးတွင် တင်ပြကြမည်ဟု ခန့်မှန်းခဲ့ကြသည်။နောက်ဆုံးဆောင်ရွက်သော အစီအမံများမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်ကိုက်ညီကြောင်း ဂျပန်အရာရှိများကပြောသည်။

တောင်ကိုရီးယား နိုင်ငံအပေါ် ဂျပန်နိုင်ငံက ပို့ကုန်ကန့်သတ်ချက်များ ပြုလုပ်သည့်အတွက် များစွာဝမ်းနည်းစိုးရိမ်မိသည်ဟု အစည်းအဝေးတွင် အရာရှိများက ပြောကြားခဲ့ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ယခုဝေဖန်သုံးသပ်ချက်များမှာ တိုကျိုမြို့၌ ဇူလိုင် ၁၂ ရက်က အလုပ်သဘောအဆင့် ဆွေးနွေးမှုများ ဆောင်ရွက်အပြီး ပေါ်လာခြင်းဖြစ်သည်။ နောက်ထပ် အစည်းအဝေးကို ဇူလိုင် ၂၄ ရက်ဝန်းကျင်တွင် ပြုလုပ်ရန် အလားအလာရှိသည်။

## သစ်သီးဖျော်ရည်ကြောင့် ကင်ဆာဖြစ်မည့်အန္တရာယ် မြင့်မား

ဆိုဒါအချိုရည်က အဝလွန်မည့်အန္တရာယ်ရှိရုံမျှမက ကင်ဆာဖြစ်မည့် အန္တရာယ်ပါရှိကြောင်း လေ့လာချက်တစ်ခုအရ သိရကြောင်း ဘလွန်းဘတ်သတင်းတွင် ဖော်ပြသည်။ အကြမ်းဖျင်းအားဖြင့် ကုတ်ဘူးတစ်ဘူး၏ သုံးပုံတစ်ပုံရှိသော ဆိုဒါ ၃ ဒသမ ၄ အောင်စကို နေ့စဉ်သောက်သုံးပါက တချို့သော ကင်ဆာအမျိုးအစားကို ဖြစ်နိုင်သော အန္တရာယ် ၁၈ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ဗြိတိသျှဆေးပညာဂျာနယ်တွင်ဖော်ပြသည်။ ရင်သားအကျိတ်ဖြစ်နိုင်ခြေမှာ ပိုမိုမြင့်မားပြီး ၂၂ ရာခိုင်နှုန်းရှိသည်။ အချိုရည်မပါသောအသီးဖျော်ရည်ကို အလားတူပမာဏအတိုင်း သောက်သုံးပါက ကင်ဆာဖြစ်နိုင်ခြေ ပိုများကြောင်း သုတေသီများက တွေ့ရှိထားသည်။

ယခုသုတေသနမှာ အာဟာရနှင့် ကျန်းမာရေးတို့၏ ဆက်သွယ်မှုကိုလေ့လာရန် ပြင်သစ်နိုင်ငံ၌ပြုလုပ်သော သုတေသနကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အချိုရည်နှင့်ကင်ဆာဖြစ်ပွားမှုတို့၏ဆက်စပ်မှုကို ပထမဦးဆုံးဖော်ထုတ်သော သုတေသနဖြစ်သည်။ သစ်သီးဖျော်ရည်များမှာ ကျန်းမာရေးအတွက် ကောင်းသည်ဟု ပြောနေကြသော်လည်း ယခုတွေ့ရှိချက်က သစ်သီးဖျော်ရည်၏ပုံရိပ်ကို ကျဆင်းစေသည်။

သုတေသီတို့က အဖျော်ယမကာ ၉၇ မျိုးနှင့် လူတို့ပြုပြင်သောအချိုရည်များကို သုတေသနပြုခဲ့ခြင်းဖြစ်ပြီး ကာဗိုနိတ်ပါသောဖျော်ရည်၊ အားကစားဖျော်ရည်၊ သကာရည်နှင့် သစ်သီးဖျော်ရည်တို့ပါဝင် သည်။ဆိုဒါထဲတွင်တွေ့ရသော ဖြည့်စွက်ပစ္စည်းနှင့် သစ်သီးတွင်ပါဝင်သော ပိုးသတ်ဆေးကြွင်းတို့ကြောင့်လည်း ထိခိုက်မှုဖြစ်နိုင်ကြောင်း စာတမ်းတွင်ဖော်ပြသည်။

စံမီအောင် စုစည်းသည်

If you can't reuse it,refuse it

ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။